## မြတ်ဗုဒ္ဓ၏အဆုံးအမတရား

သီလနှင့်လည်းကောင်း၊ ဉာဏ်ပညာနှင့်လည်းကောင်း ပြည့်စုံသော၊ တရား၌တည်သော၊ အမှန်တရားကိုသိတတ်သော၊ မိမိပြုရမည့်ကိစ္စကို သိတတ်သောသူကို လူအပေါင်းသည် ချစ်ခင်မြတ်နိုး၏။ **ဓမ္မပဒ**


# မြဝတီ နေ့စဉ်

မှန်ရမည်၊ မြန်ရမည် ပြည်သူ့အတွက် မြဝတီ


ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။


www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၂၇၂)

၁၃၈၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၂ ရက်
၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ ၁၅ ရက်၊ ဗုဒ္ဓဟူးနေ့


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ (၇၃)နှစ်မြောက် ကယားပြည်နယ်နေ့ အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ

(၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်)

**ချစ်ခင်လေးစားအပ်ပါသော ကယားပြည်နယ်အတွင်းရှိ တိုင်းရင်းသား မိဘပြည်သူ ညီအစ်ကိုမောင်နှမများခင်ဗျား–**

ယနေ့ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ (၁၅)ရက်နေ့သည် ကယားပြည်နယ်အတွင်းရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမများနှင့် ကယားတိုင်းရင်းသားများအတွက် မင်္ဂလာအပေါင်းနှင့်ပြည့်စုံသော ကယားပြည်နယ်နေ့ ဖြစ်ပါသည်။ ယခုကဲ့သို့ နှစ်သစ်ကူးအခါသမယတွင် ကျရောက်သည့် ကယားပြည်နယ်နေ့၌ ကယားတိုင်းရင်းသားများနှင့် ပြည်ထောင်စုဖွား မိဘပြည်သူများအားလုံး ကိုယ်၏ကျန်းမာခြင်း စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

၁၉၄၇ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် ပြည်နယ်တစ်ခုအဖြစ်ပါဝင်သော ကရင်နီပြည်နယ်ကို ၁၉၅၁ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပြင်ဆင်ချက်အက်ဥပဒေအရ လူထုဆန္ဒဖြင့် ၁၉၅၂ ခုနှစ်၊ ဇန်နဝါရီလ (၁၅)ရက်နေ့မှစ၍ ကယားပြည်နယ်အဖြစ်

**စာမျက်နှာ ၅ ကော်လံ ၁ ★**

# တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)၊ တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)တို့ ဧရာဝတီတိုင်းဒေသကြီးအတွင်း ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ကျေးရွာများမှ ဒေသခံပြည်သူများ၊ ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ဒေသခံပြည်သူများအား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးရန် ရန်ကုန်မြို့မှထွက်ခွာ

နေပြည်တော် ဇန်နဝါရီ ၁၄

ဧရာဝတီတိုင်းဒေသကြီးအတွင်း ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ မြစ်ဝကျွန်းပေါ်နေကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သည့် တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ် (ရွှေပုဇွန်) နှင့် မြစ်ရေယာဉ်(စကု)တို့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့၊ အမှတ်(၄)ရေတပ်ဗောတံတားမှလည်းကောင်း၊ရန်ကုန်တိုင်းဒေသကြီး၊ ကိုကိုးကျွန်းမြို့နယ်၊

**စာမျက်နှာ ၁၆ ကော်လံ ၁ ■**



တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ် (ရွှေပုဇွန်)နှင့်မြစ်ရေယာဉ်(စကု)တို့အား တပ်မတော်(ရေ)မှအရာရှိကြီးများနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများက ပို့ဆောင်နှုတ်ဆက်စဉ်။




## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ ၁၅ ရက်)

# အမျိုးသားနိုင်ငံရေးတာဝန် ကျေပွန်ရေး

နိုင်ငံတိုင်းတွင်မရှိမဖြစ်သောအဖွဲ့အစည်းတစ်ရပ်မှာ တပ်မတော်ဖြစ်သည်။ မြန်မာ့အတိတ်သမိုင်းကို ပြန်လည်လေ့လာကြည့်ပါက နိုင်ငံ့လွတ်လပ်ရေးအတွက် အားထုတ်ကြိုးပမ်းမှုနှင့်အတူပေါ်ပေါက်လာသည်မှာ တပ်မတော်ဖြစ်သည်။ မြန်မာနိုင်ငံအပေါ် နှစ်ပေါင်းများစွာဗိုလ်ကျစိုးမိုးနေသော အင်္ဂလိပ်တို့ကို လက်နက်စွဲကိုင်တိုက်ခိုက်၍ အောင်ပွဲခံခဲ့သည်မှာ တပ်မတော်ဖြစ်သည်။ ထို့ပြင် ဖက်ဆစ်စနစ်ကျင့်သုံးကာ မြန်မာပြည်သူလူထုအပေါ် ရက်စက်ဆိုးရွားစွာဆက်ဆံနေသောဖက်ဆစ်တို့ကို တော်လှန်တိုက်ခိုက်အောင်ပွဲခံခဲ့သည်မှာလည်း တပ်မတော်သာလျှင်ဖြစ်သည်။

တပ်မတော်သည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားနိုင်ငံရေးတာဝန်ကို ထာဝစဉ်ထမ်းဆောင်လျက်ရှိသည်။ လွတ်လပ်ရေးမရရှိမီကာလမှသည် လွတ်လပ်ရေးရရှိပြီးသည့်နောက် ယနေ့ထိတိုင် အမျိုးသားနိုင်ငံရေးတာဝန်ကိုထမ်းဆောင်လျက်ရှိသည်။ မိမိနိုင်ငံ၊ မိမိလူမျိုးတိုးတက်ကြီးပွားရေးကို အစဉ်တစိုက်ရှေးရှုဆောင်ရွက်ပေးလျက်ရှိသည်။ မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုနှင့်အတူ ပေါ်ပေါက်လာခဲ့သည့် တပ်မတော်သည် ရရှိထားသည့်လွတ်လပ်ရေးကိုတည်တံ့ခိုင်မြဲအောင် ကာကွယ်စောင့်ရှောက်လျက်ရှိသည့် အစဉ်အလာကြီးမားသောတပ်မတော်ဖြစ်သည်။

လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင်လည်း နိုင်ငံတော်၏အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ တရားဥပဒေစိုးမိုးရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ခေတ်အဆက်ဆက် အစိုးရများနှင့်အတူ အမျိုးသားနိုင်ငံရေးတာဝန်များ၊ တစ်နည်းအားဖြင့် နိုင်ငံ့အရေးများကို သမိုင်းပေးတာဝန်များအရ အဓိကအခန်းကဏ္ဍမှပါဝင်ဆောင်ရွက်ခဲ့ရသည်။ တိုင်းပြည်အတွက် အရေးကြုံလာတိုင်း တပ်မတော်အနေဖြင့် နိုင်ငံတော်ကာကွယ်ရေးနှင့်အတူ အမျိုးသားနိုင်ငံရေးတာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ခဲ့သည်။

တပ်မတော်သားအားလုံးသည် မည်သူတစ်ဦးတစ်ယောက်၏တိုက်တွန်းချက်မပါဘဲ မိမိတို့တစ်ဦးတစ်ယောက်ချင်း၏ ကိုယ်ပိုင်ဆုံးဖြတ်ချက်များဖြင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကိုထမ်းဆောင်ရန် တပ်မတော်သို့ဝင်ရောက်ခဲ့ကြသူများဖြစ်သည်။ တပ်မတော်ထဲရောက်သည့်အခါ တပ်မတော်သားအချင်းချင်းရဲဘော်စိတ်ဖြင့် ခင်မင်တွယ်တာသံယောဇဉ်များရှိလာပြီး တပ်စုစိတ်ဓာတ်၊ တပ်ခွဲစိတ်ဓာတ်၊ တပ်ရင်းစိတ်ဓာတ်များမှသည် တိုင်း/တပ်မ စသည့်စိတ်ဓာတ်များမှတပ်မတော်ဟူသော အဖွဲ့အစည်းကို ပိုမိုခိုင်မာစွာချစ်ခင်တွယ်တာမြတ်နိုးစိတ်ဖြစ်ပေါ်လာခြင်းဖြစ်သည်။ တပ်မတော်၏အဓိကတာဝန်သည် နိုင်ငံတော်လုံခြုံရေး၊ ကာကွယ်ရေးနှင့် နိုင်ငံသူ၊ နိုင်ငံသားတို့၏ အသက်အိုးအိမ်စည်းစိမ်ဥစ္စာကို ကာကွယ်စောင့်ရှောက်ရန်ဖြစ်သည်။ တပ်မတော်အနေဖြင့် သမိုင်းကြောင်းလိုအပ်ချက်အရ နိုင်ငံတော်၏အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် တစိုက်မတ်မတ်ပါဝင်ဆောင်ရွက်လျက်ရှိသည်။ အမျိုးသားနိုင်ငံရေးဟူသည်မှာ တစ်မျိုးသားလုံးနှင့်သက်ဆိုင်သည့်အေးချမ်းသာယာခြင်း၊ စည်ပင်ဝပြောခြင်း၊ တရားမျှတလွတ်လပ်ခြင်းနှင့် ပြည်သူအပေါင်းကိုယ်စိတ်နှစ်ဖြာချမ်းသာခြင်း စသည့်လောကီကောင်းကျိုး၊ သုခအဖြာဖြာကို ဖော်ဆောင်ပေးသည့်လုပ်ငန်းများဖြစ်သည်။

တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးနှင့် အမျိုးသားနိုင်ငံရေးတာဝန်ကိုထမ်းဆောင်ရန် တာဝန်ရှိပြီးဖြစ်သည့်အတွက် မည်သည့်အစိုးရ၊ မည်သည့်နိုင်ငံရေးစနစ်ဖြင့်သွားသည်ဖြစ်စေ အမျိုးသားရေးမူဝါဒဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးနှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကာကွယ်စောင့်ရှောက်ရေးတို့ကို အလေးအနက်ထားဆောင်ရွက်နေမည်သာဖြစ်သည်။ ပြည်သူများအနေဖြင့်လည်း မိမိတို့နေထိုင်ရာဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေးနှင့်လူမှုစီးပွားဘဝမြင့်မားရေးတို့အတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့်အတူ လက်တွဲဆောင်ရွက်ကြရမည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဇန်နဝါရီလ ၁၀ ရက်က မိတ္ထီလာတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားစဉ် **“တပ်မတော်ပိုင်းနှင့်ပတ်သက်၍ ခေတ်အဆက်ဆက်တွင် နိုင်ငံရေးအရ၊ စစ်ရေးအရဖြစ်ပေါ်လာသည့် ပြည်တွင်း ပြည်ပအန္တရာယ်များကြား၌ မိမိတို့တပ်မတော်သားများသည် နိုင်ငံနှင့်ပြည်သူအကျိုးအတွက် စွန့်လွှတ်စွန့်စားခြင်းများစွာဖြင့် ပေးအပ်လာသည့်တာဝန်များကို ကျေပွန်အောင်ထမ်းဆောင်ခဲ့ကြကြောင်း၊ လွတ်လပ်ရေးနှင့်အတူပေါ်ပေါက်ခဲ့သည့် ပြည်တွင်းသောင်းကျန်းမှုများ၊ ဝါဒစွဲ၊ ဂိုဏ်းဂဏစွဲကြောင့်ဖြစ်ပေါ်လာသည့် ထိုးနှက်တိုက်ခိုက်မှုများကြားတွင် တပ်မတော်အနေဖြင့် စစ်မှန်သည့် အမျိုးသားရေးတာဝန်ကိုသာရှေးရှုပြီး တိုင်းပြည်နှင့်လူမျိုးအကျိုးသယ်ပိုးခဲ့သည်မှာ သမိုင်းသက်သေရှိပြီးဖြစ်ကြောင်း”** ထည့်သွင်းပြောကြားခဲ့သည်။ ထို့ကြောင့်တပ်မတော်သားများအနေဖြင့် တပ်မတော်၏ အမျိုးသားနိုင်ငံရေးတာဝန်ထမ်းဆောင်မှုကို အရှိန်အဟုန်ပိုမိုမြင့်မားစေရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

# ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှရှေ့ဆိုင်းခွင့်ရသူများ

**ရှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ၊ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှတင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကို စိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

- (က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့်ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာတပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။
- ( ခ ) နိုင်ငံ့ဝန်ထမ်းများ။
- ( ဂ ) ပညာသင်ကြားနေသူများ။
- (ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိဘိုဖအိုများကိုပြုစုလုပ်ကျွေးနေသူများ။
- ( င ) မူးယစ်ဆေးဝါးဖြတ်ရန်ဆေးကုသမှုခံယူနေသူများ။
- ( စ ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရှေ့ဆိုင်းခွင့်ပြုသူများ

- (က) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည်အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။
- ( ခ ) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။
- ( ဂ ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။
- (ဃ) နိုင်ငံတော်၏လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။
- ( င ) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှယာယီရှေ့ဆိုင်းပေးရန်မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

# မင်းဘူး(စကု)မြို့နယ်ရှိ လျှပ်စစ်ရေတင်လုပ်ငန်းနှစ်ခုမှ ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် စိုက်ဧကပေါင်း ၁၃၀၀ သို့ စိုက်ပျိုးရေများဖြန့်ဝေပေးမည်

မင်းဘူး ဇန်နဝါရီ ၁၄

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ် ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်)လက်အောက်ရှိ ကမ်းနီလျှပ်စစ်မြစ်ရေတင်လုပ်ငန်းနှင့် ကျောက်စံလျှပ်စစ်ရေတင်လုပ်ငန်းနှစ်ခုမှ ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် နွေစပါးနှင့် အခြားသီးနှံဧကပေါင်း ၁၃၀၀ အတွက် စိုက်ပျိုးရေများကို စတင်ဖြန့်ဝေပေးမည်ဖြစ်ကြောင်း အဆိုပါဦးစီးဌာနမှသိရသည်။

“ကမ်းနီနဲ့ကျောက်စံ လျှပ်စစ်ရေတင်လုပ်ငန်းနှစ်ခုကနေ ဒီနှစ်နွေသီးနှံစိုက်ပျိုးရာသီမှာ နွေစပါး၊ နွေနှမ်း၊ နွေပဲတီစိမ်း၊ ဖူးစားပြောင်းနဲ့ အခြားသီးနှံတွေအတွက် စိုက်ပျိုးရေကို ယခုလ ၂၅ ရက်မှစတင်ပေးဝေသွားမှာဖြစ်ပါတယ်။ ယခုလို စိုက်ပျိုးရေကို ရာသီမရွေး လုံလောက်စွာပေးဝေနိုင်ဖို့နဲ့ မီတာယူနစ်ကုန်ကျစရိတ်သက်သာအောင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ပံ့ပိုးမှုနဲ့ နေရောင်ခြည်စွမ်းအင်သုံးဓာတ်အားပေးစနစ်ကို အဆင့်မြှင့်တင်ဆောင်ရွက်ပေးထားတဲ့အတွက် ဒေသခံတောင်သူတွေရဲ့ စိုက်ပျိုးရေးကဏ္ဍကို အထောက်အကူပြုကာ များစွာအကျိုးဖြစ်ထွန်းစေမှာဖြစ်ပါတယ်”ဟု မြို့နယ်ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်)မှ တာဝန်ခံဦးစီးအရာရှိ ဦးစိုးညွန့်လင်းက ပြောသည်။

မင်းဘူး(စကု)မြို့နယ်၌ အဆိုပါလျှပ်စစ်ရေတင်လုပ်ငန်းနှစ်ခုမှ ယခင်နှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် နွေစပါး ၃၇၈ ဧကနှင့် အခြားသီးနှံ ၉၄၆ ဧကကို စိုက်ပျိုးရေများ အောင်မြင်စွာပေးဝေနိုင်ခဲ့ကြောင်း၊ အလားတူ ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင်လည်း နွေစပါးဧက ၃၉၀ နှင့် အခြားသီးနှံဧက ၉၁၀ စုစုပေါင်းဧက ၁၃၀၀ ကို လျာထားစိုက်ပျိုးမည်ဖြစ်ပြီး စိုက်ပျိုးရေများ လုံလောက်စွာ ဖြန့်ဝေဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်(မင်းဘူး)**


the Myawady Daily မြဝတီ နေ့စဉ်

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# သုခဒဂုံ ပြည်သူ့အငှားအိမ်ရာ၌ တစ်နှစ်ကျော်ကာလအတွင်း တိုက်ခန်းပေါင်း ၂၆၀၀ ကျော်ကို ငှားရမ်းနေထိုင်ခွင့်ပြုပေးထား



ရန်ကုန် ဇန်နဝါရီ ၁၄

ရန်ကုန်တိုင်းဒေသကြီး ဒဂုံ(တောင်ပိုင်း) မြို့နယ်ရှိ သုခဒဂုံ ပြည်သူ့အငှားအိမ်ရာ၌ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလမှ လက်ရှိအချိန်ထိ တစ်နှစ်ကျော်ကာလအတွင်း တိုက်ခန်းပေါင်း ၂၆၀၀ ကျော်ကို ငှားရမ်းနေထိုင်ခွင့်ပြုပေးထားကြောင်း ရန်ကုန်တိုင်းဒေသကြီး မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာနမှ သိရသည်။

သုခဒဂုံ ပြည်သူ့အငှားအိမ်ရာစီမံကိန်းတွင် စုစုပေါင်းတိုက် ၁၉၄ လုံး တိုက်ခန်းပေါင်း ၃၁၀၄ ခန်းပါဝင်ပြီး တည်ဆောက်ပြီးစီးမှုအလိုက် တိုက်ခန်းများကို ငှားရမ်းနေထိုင်ခွင့်ပြုလျက်ရှိရာ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလတွင် ပထမအဆင့် တိုက် ၇၃ လုံး၊ ၂၀၂၄ ခုနှစ် ဇွန်လတွင် ဒုတိယအဆင့် တိုက်အလုံး ၅၀ နှင့် ၂၀၂၄ ခုနှစ် အောက်တိုဘာလတွင် တတိယအဆင့် တိုက် ၇၁ လုံးအနက် တည်ဆောက်ပြီးစီးသွားသော တိုက် ၄၃ လုံးရှိ လူနေတိုက်ခန်းများအား မဲနှိုက်ကာ ငှားရမ်းနေထိုင်ခွင့်ပြုခဲ့ကြောင်း သိရသည်။

"သုခဒဂုံ ပြည်သူ့အငှားအိမ်ရာမှာ ငှားရမ်းနေထိုင်တဲ့သူတွေ အဆင်ပြေအောင် သောက်သုံးရေ၊ လျှပ်စစ်မီး၊ ဘတ်စကားဂိတ် စတာတွေကို အစစအရာရာ စီစဉ်ဆောင်ရွက်ပေးထားပါတယ်။ အိမ်ရာသန့်ရှင်းသာယာလှပရေးအတွက်လည်း အရိပ်ရအပင်ပေါင်း ၁၅၀၀ လောက် စိုက်ပြီးသွားပါပြီ။ ဒီနှစ်မိုးရာသီမှာလည်း အပင်တွေထပ်ပြီးစိုက်ပျိုးမှာပါ" ဟု ရန်ကုန်တိုင်းဒေသကြီး မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်ဇော်ကပြောသည်။

ရန်ကုန်တိုင်းဒေသကြီး မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ကြီးမှူးပြီး အကောင်အထည်ဖော် ဆောင်ရွက်နေသော သုခဒဂုံ ပြည်သူ့အငှားအိမ်ရာစီမံကိန်းတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ နေထိုင်ရန်အခက်အခဲရှိသော ပြည်သူများ၊ အငြိမ်းစားဝန်ထမ်းများနှင့် လက်ရှိတာဝန်ထမ်းဆောင်နေသော နိုင်ငံ့ဝန်ထမ်းများအား တိုက်ခန်းငှားရမ်းခြင်းများကို အဆောက်အအုံများ ဆောက်လုပ်ပြီးစီးမှုအလိုက် ဆောင်ရွက်ပေးနေခြင်းဖြစ်ပြီး ကျန်ရှိသော ဆောက်လုပ်ဆဲတိုက်များမှ အခန်းပေါင်း ၄၅၀ ခန့်ကိုလည်း မကြာမီ ဆက်လက်ငှားရမ်းပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ သုခဒဂုံ ပြည်သူ့အငှားအိမ်ရာ၌ တစ်လလျှင် တိုက်ခန်းငှားရမ်းခအဖြစ် ပထမထပ် ငွေကျပ် ၆၇၀၀၀၊ ဒုတိယထပ် ငွေကျပ် ၆၀၀၀၀၊ တတိယထပ် ငွေကျပ် ၅၅၀၀၀ နှင့် စတုတ္ထထပ် ငွေကျပ် ၄၆၀၀၀ စသည်ဖြင့် အသီးသီး သတ်မှတ်ထားကြောင်း၊ တိုက်ခန်းငှားရမ်းခြင်းသက်တမ်းမှာ ငါးနှစ်ဖြစ်ပြီး ငါးနှစ်နေထိုင်ပြီးပါက တိုက်ခန်းကို သက်ဆိုင်ရာသို့ ပြန်လည်အပ်နှံရမည်ဖြစ်ကြောင်း သိရသည်။

**ဆောင်းဦး**

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလအတွင်း ငါးသလဲထိုးပိဿာ ၇၀၀၀၀ ကျော် တင်ပို့ရောင်းချနိုင်ခဲ့

ဘိုကလေး ဇန်နဝါရီ ၁၄

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလအတွင်း ငါးသလဲထိုးပိဿာ ၇၀၀၀၀ ကျော် တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ်၌ ရေထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံလုပ်ငန်းလုပ်ကိုင်သူ ဒေါ်တင်ထွေး၏ပြောဆိုချက်အရ သိရသည်။

ဘိုကလေးမြို့နယ်မှ ၂၀၂၄ ခုနှစ် နိုဝင်ဘာလ တစ်လတာကာလအတွင်း ငါးသလဲထိုးပိဿာ ၆၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၁ ရက်မှ ၃၁ ရက်အထိ တစ်လတာကာလအတွင်း ငါးသလဲထိုးပိဿာ ၇၂၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"၂၀၂၄ ခုနှစ် ဒီဇင်ဘာလထဲမှာ ဘိုကလေးမြို့နယ်ကနေ ဒေသထွက် ငါးသလဲထိုးတွေအပါအဝင် ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ပါတယ်။ ရေထွက်ကုန်တွေထဲက ငါးသလဲထိုးပိဿာ ၇၂၀၀၀ အထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိက တင်ပို့ရောင်းချနေတာပါ။ လက်ရှိလည်း ရန်ကုန်ဈေးကွက်က မှာယူမှုများနေပါတယ်။ ကုန်ချိန်အများကြီးတင်ပို့ရတော့ ရေလုပ်သားတွေအပါအဝင် ရေထွက်ကုန်ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူတွေ အဆင်ပြေပါတယ်''ဟု ဒေါ်တင်ထွေးက ပြောသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ငါးသလဲထိုးအပါအဝင် ရေထွက်ကုန်များ တင်ပို့အားကောင်းလာသည့်အတွက် ရေလုပ်သားများ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ရေထွက်ကုန်ရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူများနှင့် ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိနေကြောင်း သိရသည်။ **သုတကျော်**

# မော်လမြိုင်ကျွန်းမြို့နယ် ဝဲဒေါင့် (ဝက်ကွင်း) ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)၌ လူငယ်စကားဝိုင်းကျင်းပ

မော်လမြိုင်ကျွန်း ဇန်နဝါရီ ၁၄

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ်၌ လူငယ်များ ဗလငါးတန်နှင့်ပြည့်စုံပြီး အသိပညာ ဗဟုသုတတိုးပွားစေရန်၊ လူအများရှေ့တွင် ရဲဝံ့စွာပြောဆိုတတ်သည့်အလေ့အကျင့်ကောင်းများရရှိစေရန်ရည်ရွယ်ပြီး မော်လမြိုင်ကျွန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းကို ဝဲဒေါင့် (ဝက်ကွင်း) ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ဇန်နဝါရီလ ၁၃ ရက်က ကျင်းပသည်။

အခမ်းအနားတွင် မော်လမြိုင်ကျွန်းမြို့နယ် ဝဲဒေါင့်(ဝက်ကွင်း) ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်စုမွန်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နုနုအေးက ကျောင်းသား၊ ကျောင်းသူ လူငယ်များ အသိပညာ ဗဟုသုတတိုးပွားစေရန်၊ နှုတ်မှုစွမ်းရည်ထက်မြက်လာစေရန်၊ လူအများရှေ့တွင် ရဲဝံ့စွာပြောဆိုတတ်သည့် အလေ့အကျင့်ကောင်းများရရှိစေရန်၊ လူငယ်များအချင်းချင်း ချစ်ကြည်ရင်းနှီးမှုရရှိစေရန်ရည်ရွယ်၍ လူငယ်စကားဝိုင်းကျင်းပပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် လူငယ်စကားဝိုင်းကို ကျင်းပရာ Grade– 12 မှ မောင်အေးချမ်းဝသုန်အောင်က လူငယ်နှင့်ယုံကြည်မှု၊ Grade– 12 မှ မောင်စိုးမင်းသူက လူငယ်နှင့်ရှင်သန်ခြင်း၊ Grade – 12 မှ မောင်စိုင်းထက်သူက လူငယ်နှင့်အိပ်မက်အနာဂတ်၊ Grade – 11 မှ မဖြူစင်ဝင်းက လူငယ်နှင့်စာပေ၊ Grade– 11 မှ မရွှန်းလဲ့ရီက ပညာဘဏ်တိုက် စာကြည့်တိုက် ခေါင်းစဉ်များဖြင့် အသီးသီးဆွေးနွေးခဲ့ကြသည်။

အဆိုပါအခမ်းအနားသို့ ကျောင်းသား၊ ကျောင်းသူ ၂၆၈ ဦးတက်ရောက်ကြပြီး တက်ရောက်လာသောကျောင်းသား၊ ကျောင်းသူများက ဆွေးနွေးမှုများနှင့် ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းကြရာ လူငယ်စကားဝိုင်းတွင် ဦးဆောင်ဆွေးနွေးပေးသော ကျောင်းသား၊ ကျောင်းသူများက ပြန်လည်ဖြေကြားပေးကြကြောင်း သိရသည်။

**ရဲကိုမောင်(ပြန်/ဆက်)**

## မြဝတီ ကာတွန်း



# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

ဤအတောအတွင်း ကျောင်းကလည်း ဆိုင်းတန်းအရပ်မှ မလွန်ဆေးရိုးဝင်းသို့ ရွှေ့ပြောင်းရပြန်လေရာ ဆရာများက 'ယူကလစ်'ကို လူငယ်များသဘောပေါက်အောင် မသင်ပြတတ်သည့်အတွက်ကြောင့် စာမေးပွဲတွင် ကျောင်းသားကြီးလေးယောက်မျှသာအောင်မြင်၍ (ကျွန်ုပ်အပါအဝင်) ကျောင်းသားကလေး ခြောက်ယောက် ကျရှုံးကြလေသည်။ ဤတွင် အကျအရှုံးများလွန်းသည်ဆိုကာ ကျွန်ုပ်မှတစ်ပါး ကျရှုံးသောကျောင်းသားများသည် တခြားကျောင်းများသို့ ပြောင်းရွှေ့သွားကြလေ၏။ ကျွန်ုပ်၏မိဘများကမူ ဆရာတော်ဘုရားကြီး တည်ထောင်ခဲ့သော ဗုဒ္ဓဘာသာကျောင်းဟူ၍ သစ္စာရှိသည့်လက္ခဏာနှင့် ကျွန်ုပ်အား ပြောင်းရွှေ့ခြင်းမပြုပေ။

**ကျွန်ုပ်၏ နတ်မင်းကြီး**

ကျွန်ုပ်တို့ကျောင်းမှာ ထိပ်ဆုံးတန်းဖြစ်သောငါးတန်းသမားများ အောင်မြင်ကြသောအခါတွင် ခြောက်တန်းဖွင့်နိုင်သော အခြေအနေမရှိသည်နှင့် စိန့်ပီတာ၊ အေ၊ ဘီ၊ အမ် စသော ခရစ်ယာန် သာသနာပြုကျောင်းကြီးများသို့ ပြောင်းရွှေ့၍ ဆက်လက်သင်ကြားကြ၏။ အောင်မြင်သော ကျောင်းသားများနှင့်အတူ မအောင်မြင်သော ကျောင်းသားများသည်လည်း အထက်ပါအကြောင်းကြောင့် ပြောင်းရွှေ့သွားကြသဖြင့် အတန်းတူ ကျောင်းသားဟောင်းဆို၍ ကျွန်ုပ်တစ်ယောက်တည်း ကျန်ရစ်လေတော့သည်။ တခြားကျောင်းသားများ ပြောင်းရွှေ့ခြင်းထက် ကျွန်ုပ်အား အကာအကွယ်ပေးခဲ့သည့် ကျောင်းသားကြီးတစ်ယောက် ပြောင်းရွှေ့သွားခြင်းကြောင့် ကျွန်ုပ်၏စိတ်၌ ထိခိုက်ပုံကို ဖော်ပြလိုပါသေးသည်။ သူ၏အမည်မှာ 'ကိုထွန်းလှ' ဟုခေါ်၍ (ကျွန်ုပ်၏ မိဘများမှတစ်ပါး) ကျွန်ုပ်၏အပေါ်၌ တကယ်မေတ္တာကရုဏာထားသည့် ပထမဦးဆုံးသော ကျောင်းသားတစ်ယောက်ဖြစ်၏။

ထိုသူသည် ဘုန်းကြီးကျောင်း၌ ကျောင်းသားကလေးများအား လက်ဇော့တိုက်ပေးသည့် ကျောင်းသားကြီးများအနက် တစ်ယောက်အပါအဝင်ဖြစ်၍ ကျွန်ုပ်နှင့် 'သတ်ဖက်' ရွေးပေးသောအခါများ၌ ကျွန်ုပ်အပေါ်တွင် ညှာတာမှုရှိခြင်းကို ကျွန်ုပ်ရိပ်မိခဲ့သည်။ တခြားကျောင်းသားကြီးများက ကျွန်ုပ်ထက် အနည်းငယ်ကြီးသော ကျောင်းသားနှင့် 'ဖက်'ပေးမည်ပြုသောအခါ ကိုထွန်းလှက 'မလုပ်ပါနဲ့ကွ၊ ဒီကလေးက အိမ်အဝေးကြီးကလာရရှာတာ'ဟုပြော၍ အရွယ်တူမှ ကျွန်ုပ်နှင့် တွဲပေး၏။'ချစ်တီး'က ကျွန်ုပ်အား 'ပစ္စည်းဝရမ်းဖမ်း' သောအခါများတွင်လည်း ကိုထွန်းလှကပင် ကယ်ဆယ်သဖြင့် ကျွန်ုပ်မုန့်စားရ၏။ ကိုထွန်းလှသည် ကျွန်ုပ်ထက်ငါးနှစ်ခန့်ကြီး၍ သူ၏ညီပင် ကျွန်ုပ်ထက် နှစ်နှစ်ခန့်ကြီးသေးရာ ညီအရင်းက ကျွန်ုပ်အား အနိုင်ကျင့်မည်ပြုခြင်းကိုပင် သူသိပါက ကျွန်ုပ်ဘက်မှလိုက်၏။ သူတို့ညီအစ်ကိုသည် အချင်းချင်းစကားမပြော။ ကိုထွန်းလှသည် ကျွန်ုပ်တစ်ယောက်တည်းကိုသာ အရောတဝင်ရှိ၍ သူ့ညီထက်ပင် ကျွန်ုပ်ကို ချစ်သည်ဟုပင် ထင်မိ၏။ ဟုတ်၊ မဟုတ်ကား မပြောတတ်။ ကျွန်ုပ်ကမူ ၎င်းအထင်ကြောင့် ကိုထွန်းလှအားတိုး၍ ချစ်မိရာ ကိုထွန်းလှကလည်း ဤအတွက်ကြောင့် တိုး၍ ကြင်နာပုံရသည်။ ဤသို့ဖြင့် ကျွန်ုပ်တို့နှစ်ယောက်မှာ တစ်နှစ်ထက်တစ်နှစ် ခင်မင်လာကြ၍ ရွယ်တူမဟုတ်သော်လည်း တပူးတွဲတွဲရှိကြလေ၏။

**အတော်ဆုံးလူတစ်ယောက်**

ချားလ်စ်ဒစ်ကင်း၏ ဒေးဗစ်ကော့ပါးဖီးလ် (David Copperfield) ဝတ္ထုကြီးကို ဖတ်ဖူးသူများသည် စတီးယားဖို့သ် (Steer-forth) ကို မမှတ်မိဘဲ နေနိုင်ကြမည် မဟုတ်ပေ။

ကျွန်ုပ်သည် ယင်းဝတ္ထုကို ဖတ်လိုက်ရသည်နှင့်တစ်ပြိုင်နက် ကိုထွန်းလှကို ချက်ချင်းသတိရ၏။ ကိုထွန်းလှသည် တခြားကျောင်းသားများထက် ဦးခေါင်းတစ်လုံး မြင့်သည်မဟုတ်။ မှတ်ဉာဏ်ကောင်းခြင်း၊ စဉ်းစားတတ်ခြင်း၊ ပါးနပ်ခြင်း၊ လူရည်လည်ခြင်း စသောအရည်အချင်းများနှင့်ပတ်သက်၍လည်း တခြားကျောင်းသားများထက် ဦးခေါင်းတစ်လုံးမြင့်သည်ဟု ကျွန်ုပ်ဆိုချင်၏။ ဝတ္ထုထဲမှ စတီးယားဖို့သ်မှာ လူပျိုပေါက်အရွယ်တွင် အသက်ဆုံးရှုံးရသကဲ့သို့ ကိုထွန်းလှမှာလည်း ယင်းအသက်အရွယ်၌ပင် အသက်ဆုံးရှုံးရခြင်းလည်း တူကြ၏။ လိင်ကိစ္စနှင့်ပတ်သက်၍ အသက်ဆုံးရှုံးကြရခြင်းလည်းတူ၏။ သို့ရာတွင် စတီးယားဖို့သ်၏ ဆုံးရှုံးခြင်းမှာ ညစ်ပတ်မှုမကင်းဘဲရှိရာ ကိုထွန်းလှ၏ ဆုံးရှုံးရခြင်းမှုကား ညစ်ပတ်မှုမပါဘဲ ဆေးကောင်းဝါးကောင်း မပေါ်ပေါက်သေးသည့်ခေတ်ကြောင့်ဖြစ်၏။ ကိုထွန်းလှသည် ငါးတန်းအောင်ပြီးကတည်းက ကျွန်ုပ်နှင့်ကွဲကွာသွား၍ တစ်ကျောင်းစီ၊ တစ်တန်းစီဖြစ်သွားကြလေရာ အတန်းတိုင်းတွင် ဆရာတိုင်း၏ ချီးမွမ်းခြင်းခံရ၍ ၎င်းသေဆုံးသောအခါ၌ အတန်းဆရာက အလွန်နှမြောဖို့ကောင်းသော ကျောင်းသားတစ်ယောက်ဖြစ်၍ သူကဲ့သို့မဖြစ်ကြစေရန် ကျွန်ုပ်တို့အား သတိပေးခြင်းကိုလည်း ကျွန်ုပ်မှတ်မိသည်။ (သေဆုံးသောအခါတွင် ကိုထွန်းလှမှာ ကိုးတန်းသို့ရောက်၍ ကျွန်ုပ်မှာလည်း ရှစ်တန်းသို့ ရောက်လေပြီ။) ကျွန်ုပ်သည် တစ်သက်တာတွင် 'လူတော်'များကို သတိထား၍ စောင့်ကြည့်တတ်သူဖြစ်ရာ ကျွန်ုပ်တွေ့ဖူးသည့် လူတော်နှစ်ယောက်၊ သုံးယောက်အနက်တွင် ကိုထွန်းလှလည်း တစ်ယောက်အပါအဝင် ဖြစ်ပေသည်။ ဤလူ အသက်ရှည်ခဲ့လျှင် ကေန္ဒကြီးပွားရမည်ဟု ကျွန်ုပ်ပြောရဲသည်။ ကျောင်း၌ အတူနေကြစဉ် (ကျွန်ုပ်အား အကာအကွယ်ပေးသောကျေးဇူးကြောင့်ပေလော မသိ။) ကျွန်ုပ်သည် ကိုထွန်းလှ၏ သစ္စာရှိသော ခွေးကလေး (Faithful Dog) ကဲ့သို့လည်းကောင်း၊ ရော်ဘင်ဆင်ခရူးဆိုး၏ တပည့် ဖရိုက်ဒေးကဲ့သို့လည်းကောင်း သူ့နောက်မှ တကောက်ကောက်လိုက်ကာ သူ၏ အမှုကြီးငယ်တို့ကို ဆောင်ရွက်ပေးရခြင်းအတွက် ကြည်နူးမိ၏။ ငါးတန်းစာမေးပွဲ၌ သူအောင်၍ ကျွန်ုပ်ကျသဖြင့် ခွဲခါနီးတွင် ကိုထွန်းလှသည် ကျွန်ုပ်အား ကျောင်းနောက်ဖေးသို့ခေါ်၍ ကျွန်ုပ်၏ ပခုံးကိုဖက်ညှစ်ရင်း မျက်ရည်များ ဝိုင်းလာရာ ကျွန်ုပ်ကလည်း ရှိုက်ကြီးတငင် ငိုယိုမိလေသည်။ (ကျွန်ုပ်တို့ မြန်မာလူမျိုးများသည် မိတ်ဆွေသူငယ်ချင်းနှင့် ဆွေမျိုးမိဘ စသည်များအပေါ်၌ ခင်မင်ခြင်းကို ဖော်ထုတ်ပြသခြင်းနည်းလှသောလူမျိုးဖြစ်ရာ ကျွန်ုပ်တို့အဖို့ရာတွင်လည်း မျက်ရည်ကျသည်အထိ ဖော်ထုတ်ပြသမိခြင်းမှာ တစ်သက်လုံးတွင် ထိုအကြိမ်သည် ပထမဆုံးအကြိမ်ဖြစ်ပါသည်။)

**"ငါးတန်း၌ ဒုတိယနှစ်နေရ၍ အတန်းသားသစ်များအထဲတွင် ဗိုလ်စွဲရသော်လည်း ဝမ်းသာလှသည်မရှိ။ ကိုထွန်းလှအမျိုးရှိသည့် လူဟောင်းများကိုသာ တစ်လွမ်းတည်း လွမ်းလျက်ရှိပါတော့သည်။ ဦးပဉ္စင်း ဦးတိလောကမှာလည်း လူထွက်သွားပြီဖြစ်၍ အရိုက်ခံရဖို့မရှိသည့်အထဲမှာပင် တခြားကျောင်းသားများနှင့် အတူတကွ အရိုက်ခံရဖူးခြင်းများကိုသတိရ၍ လွမ်းသလိုလို ဖြစ်မိပါသေးသည်။ ဤနှစ်၌မူ တက္ကသိုလ်ဝင်စာမေးပွဲ (entrance) နှင့် စက္ကင်ဒရီ ဆရာဖြစ်တန်းအောင်သည့် ဆရာကောင်းတစ်ယောက် ရောက်လာသည်နှင့် ခက်လှသည်ထင်ခဲ့သော 'ယူကလစ်' ကို ကျွန်ုပ် သဘောပေါက်အောင် သင်ပြနိုင်ပေရာ ယခင်နှစ်ကတည်းက ဤဆရာမျိုးနှင့်တွေ့ရလျှင် အလွယ်တကူပင် အောင်မြင်နိုင်လိမ့်မည်ဟု ထင်မိသည်. . ."**

**ကျောင်းပြောင်းရွှေ့ရခြင်း**

ငါးတန်း၌ ဒုတိယနှစ်နေရ၍ အတန်းသားသစ်များအထဲတွင် ဗိုလ်စွဲရသော်လည်း ဝမ်းသာလှသည်မရှိ။ ကိုထွန်းလှအမျိုးရှိသည့် လူဟောင်းများကိုသာ တစ်လွမ်းတည်း လွမ်းလျက်ရှိပါတော့သည်။ ဦးပဉ္စင်း ဦးတိလောကမှာလည်း လူထွက်သွားပြီဖြစ်၍ အရိုက်ခံရဖို့မရှိသည့်အထဲမှာပင် တခြားကျောင်းသားများနှင့် အတူတကွ အရိုက်ခံရဖူးခြင်းများကို သတိရ၍ လွမ်းသလိုလို ဖြစ်မိပါသေးသည်။ ဤနှစ်၌မူ တက္ကသိုလ်ဝင်စာမေးပွဲ (entrance) နှင့် စက္ကင်ဒရီ ဆရာဖြစ်တန်းအောင်သည့် ဆရာကောင်းတစ်ယောက် ရောက်လာသည်နှင့် ခက်လှသည်ထင်ခဲ့သော 'ယူကလစ်' ကို ကျွန်ုပ် သဘောပေါက်အောင် သင်ပြနိုင်ပေရာ ယခင်နှစ်ကတည်းက ဤဆရာမျိုးနှင့် တွေ့ရလျှင် အလွယ်တကူပင် အောင်မြင်နိုင်လိမ့်မည်ဟု ထင်မိသည်။ ၁၉၀၂ ခုနှစ်တွင် ကျွန်ုပ် ငါးတန်းအောင်သောအခါ ဗုဒ္ဓဘာသာကျောင်းမှာ ခြောက်တန်းကျောင်း ဖွင့်နိုင်သော အခြေအနေမရှိသေးသည်နှင့် ကျွန်ုပ်မှာ အေ၊ ဘီ၊ အမ်ကျောင်း (အမေရိကန်ကျောင်း)သို့ ပြောင်းရွှေ့၍ ဆက်လက်သင်ကြားရလေ၏။ ကျွန်ုပ်တို့၏ နေအိမ်မှာလည်း ဂုံတန်ရပ်သို့ ပြောင်းခဲ့ပြီဖြစ်၍ ကျောင်းဝေးသောဒုက္ခမှ လွတ်မြောက်ပြီးပါပြီ။

**ဆက်လက်ဖော်ပြပါမည်။**

---

# ဒေါပုံမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ၂၀၂၅ ခုနှစ် မြို့နယ်အဆင့်ပညာရေးစုံညီပွဲတော်ကျင်းပ



ရန်ကုန် ဇန်နဝါရီ ၁၄

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်ခရိုင် ဒေါပုံမြို့နယ်၌ ၂၀၂၅ ခုနှစ် မြို့နယ်အဆင့် ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီလ ၁၄ ရက်တွင် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ပညာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက ကြိုဆိုပါသည် စုံညီပွဲတော်သီချင်း သီဆို၍ အခမ်းအနားကို ဖွင့်လှစ်ပြီး ဒေါပုံမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဗိုလ်မှူးစိုးမိုးအောင်က အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ မြို့နယ်ပညာရေးမှူး ဒေါ်နိုင်နိုင်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် လူရည်ချွန်ဆု၊ သင်္ချာစွမ်းရည်ဆု၊ အင်္ဂလိပ်စာစွမ်းရည်ဆု၊ စာစီစာကုံး၊ ကဗျာ၊ ပန်းချီ၊ ပိုစတာနှင့် နိုင်ငံတကာပေးစာဆုများ၊ ဘောလုံးပြိုင်ပွဲဆုနှင့် မက်ခရိုမာရသွန်ပြိုင်ပွဲဆု စသည့် စုစုပေါင်း ၇၅ ဆုကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ရာ ကျောင်းသား၊ ကျောင်းသူများက အသီးသီးလက်ခံရယူကြကြောင်း သိရသည်။

အဆိုပါ မြို့နယ်အဆင့် ပညာရေးစုံညီပွဲတော်တွင် ဒေါပုံမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများက အက၊ အလှများဖြင့် သီဆိုဖျော်ဖြေခဲ့ကြသည်။

အဆိုပါအခမ်းအနားသို့ ဗိုလ်တထောင်ခရိုင် ပညာရေးမှူး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။ **ချစ်စုဝေ(ပြန်/ဆက်)**

★ **ရှေ့ဖုံးမှအဆက်**

တရားဝင်ပြောင်းလဲခေါ်ဝေါ်ခဲ့ပါသည်။ ထိုသို့ ကယားပြည်နယ်ဟု ပြောင်းလဲခေါ်ဝေါ်ခဲ့သည့်နေ့ရက်ကို **“ကယားပြည်နယ်နေ့”** အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်ပါသည်။

ကယားပြည်နယ်သည် တောတောင်ရေမြေသဘာဝအလှတရားများ၊ မြေပေါ်မြေအောက်သယံဇာတများပေါကြွယ်ဝကာ ရိုးရာယဉ်ကျေးမှုအလှများဖြင့် သာယာလှပသော ပြည်နယ်ဖြစ်ပါသည်။ ရာသီဥတုမျှတပြီး ဒေသခံတိုင်းရင်းသားများ၏ ရင်းနှီးဖော်ရွေမှု၊ ရိုးသားပွင့်လင်းမှုတို့သည် ပြည်နယ်၏ နှစ်သက်စွဲလမ်းဖွယ်ရာ ဂုဏ်အင်္ဂါများပင်ဖြစ်ပါသည်။ ထို့အပြင် ဒေသခံတိုင်းရင်းသားပြည်သူများက ပြည်နယ်အကျိုးကို ဝိုင်းဝန်းဆောင်ရွက်မှုတို့ကြောင့် ဖွံ့ဖြိုးတိုးတက်ပြီး ခိုင်ခိုင်မာမာရပ်တည်နိုင်ခဲ့သည့် ပြည်နယ်တစ်ခုလည်းဖြစ်ပါသည်။ ထိုသို့ရရှိပြီး အခြေခံကောင်းများကို အမိအရဆုပ်ကိုင်၍ ကယားပြည်နယ် တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူများက နိုင်ငံတော်အစိုးရနှင့်အတူ ကြိုးပမ်းဆောင်ရွက်သွားကြရန်နှင့် ထာဝရငြိမ်းချမ်းရေးကို သားစဉ်မြေးဆက်ခံစားနိုင်အောင် တည်ဆောက်သွားကြရန် အထူးလိုအပ်နေချိန်ဖြစ်ပါသည်။

**မြန်မာနိုင်ငံသည် လွတ်လပ်ရေးနှင့်အတူ လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပေါ်လာခဲ့သည်မှာ နှစ်ပေါင်း (၇၆) နှစ်ကျော်လွန်ခဲ့ပြီဖြစ်၍ လက်နက်ကိုင်ပဋိပက္ခ မည်သည့်အကြောင်းကြောင့် ဖြစ်ပွားနေရသည်ကို ပြန်လည်ဆန်းစစ်ကြည့်ရန်လို၊ သမိုင်းကြောင်းကိုသိမှ ပစ္စုပ္ပန်ကာလ၌ အားနည်းချက်များကိုသိမြင်ပြီး အနာဂတ်အတွက် အကျိုးဖြစ်ထွန်းမည်ဖြစ်၊ နိုင်ငံရေးအယူအဆကွဲလွဲမှုများကို နိုင်ငံရေးနည်းနှင့်မဖြေရှင်းဘဲ လက်နက်စွဲကိုင်ခဲ့ကြရာက ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခဖြစ်ပွားနေခြင်းဖြစ်ပြီး တည်ငြိမ်အေးချမ်းမှုမရှိခြင်းကို သတိပြုသင့် . . .**

မိမိတို့မြန်မာနိုင်ငံသည် ရှေးနှစ်ပေါင်းများစွာကတည်းက ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်စာပေနှင့် ကိုယ်ပိုင်ဘာသာစကားများဖြင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမအားလုံးတို့သည် နိုင်ငံ၏ဒေသအသီးသီးတွင် ဥမကွဲသိုက်မပျက်၊ စည်းလုံးညီညွတ်စွာယှဉ်တွဲ၍ နေထိုင်ခဲ့သော အချုပ်အခြာအာဏာပိုင်နိုင်ငံဖြစ်ပါသည်။ ထိုကဲ့သို့ စည်းလုံးညီညွတ်ခဲ့သည့် နိုင်ငံတော်ကြီးကို နယ်ချဲ့အင်္ဂလိပ်တို့သည် ၁၈၂၄ ခုနှစ်ကစ၍ မတရားကျူးကျော်စစ်သုံးကြိမ်ပြုခဲ့ပြီး သူ့ကျွန်ဘဝကို သွတ်သွင်းခဲ့ပါသည်။

ထို့နောက် နယ်ချဲ့တို့သည် တောင်ပေါ်မြေပြန့် တစ်ခုချင်းစီကိုဥပဒေများခွဲခြားပြဋ္ဌာန်းပြီး နှစ်ပေါင်းတစ်ရာကျော် ရည်ရွယ်ချက်ရှိရှိဖြင့် သွေးခွဲအုပ်ချုပ်ခဲ့ကြပါသည်။ ပြည်မကို အုပ်ချုပ်ရာတွင်လည်း ကွဲပြားခြားနားမှုများပြားအောင် လုပ်ဆောင်ခဲ့ကြပါသည်။

၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ (၄)ရက်နေ့ လွတ်လပ်ရေးရရှိပြီးစ၌ နိုင်ငံရေးပါတီများ၏ အာဏာလွန်ဆွဲမှု ပြင်းထန်လာခဲ့သည်ကို တွေ့ရှိရပါသည်။ ၁၉၄၈ ခုနှစ်၊ မတ်လ (၂၈) ရက်နေ့တွင် ဗမာပြည် ကွန်မြူနစ်ပါတီသည် နိုင်ငံရေးသဘောထားကွဲလွဲမှုကို နိုင်ငံရေးနည်းဖြင့် မဖြေရှင်းဘဲ လက်နက်ကိုင်လမ်းစဉ်ကို ရွေးချယ်ခဲ့ရာမှစ၍ လွတ်လပ်ရေး၏အနှစ်သာရကိုမခံစားရဘဲ နိုင်ငံအဝန်းတိုက်ပွဲများဖြင့် လက်နက်ကိုင်ပဋိပက္ခများ စတင်ခဲ့ပါသည်။ အလားတူ နယ်ချဲ့တို့၏ သွေးခွဲအုပ်ချုပ်မှုပယောဂကြောင့် အချို့တိုင်းရင်းသားများကလည်း အယူဝါဒအမျိုးမျိုးဖြင့် လက်နက်ကိုင်လမ်းစဉ်ကို ဖော်ဆောင်ခဲ့ကြပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကင်းမဲ့ခဲ့သည်မှာ ယနေ့ကာလအထိဖြစ်ပါသည်။

မြန်မာနိုင်ငံသည် လွတ်လပ်ရေးနှင့်အတူ လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပေါ်လာခဲ့သည်မှာ နှစ်ပေါင်း (၇၆) နှစ်ကျော်လွန်ခဲ့ပြီဖြစ်၍ လက်နက်ကိုင်ပဋိပက္ခ မည်သည့်အကြောင်းကြောင့် ဖြစ်ပွားနေရသည်ကို ပြန်လည်ဆန်းစစ်ကြည့်ရန်လိုပါသည်။ သမိုင်းကြောင်းကိုသိမှ ပစ္စုပ္ပန်ကာလ၌ အားနည်းချက်များကိုသိမြင်ပြီး အနာဂတ်အတွက် အကျိုးဖြစ်ထွန်းမည်ဖြစ်ပါသည်။ နိုင်ငံရေးအယူအဆကွဲလွဲမှုများကို နိုင်ငံရေးနည်းနှင့် မဖြေရှင်းဘဲ လက်နက်စွဲကိုင်ခဲ့ကြရာက ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခဖြစ်ပွားနေခြင်းဖြစ်ပြီး တည်ငြိမ်အေးချမ်းမှုမရှိခြင်းကို သတိပြုသင့်ကြပါသည်။

လက်ရှိနိုင်ငံတွင်း၌ ဖြစ်ပေါ်နေသည့် မတည်ငြိမ်မှုများနှင့်ဆူပူအကြမ်းဖက်မှုများမှာ ဒီမိုကရေစီရေးကို ဆောင်ရွက်နေသည်ဟုဆိုသူများက မဲမသမာမှုများဖြင့် နိုင်ငံတော်အာဏာကိုမတရားသဖြင့် ရယူရန်ဆောင်ရွက်ခဲ့ပြီး ဥပဒေနှင့်အညီ ဒီမိုကရေစီနည်းလမ်းကျဖြေရှင်းခဲ့ခြင်းမရှိဘဲ လက်နက်ကိုင်အကြမ်းဖက်လမ်းစဉ်ကို ရွေးချယ်ခဲ့ကြသောကြောင့်သာဖြစ်ပါသည်။ ဒီမိုကရေစီစနစ်ကို ကျင့်သုံးကာကွယ်နေပါသည်ဟုဆိုသော ပြည်ပနိုင်ငံအချို့ကလည်း ဒီမိုကရေစီစနစ်နှင့်ဆန့်ကျင်ဘက်ဖြစ်သည့် လက်နက်ကိုင်အကြမ်းဖက်တိုက်ခိုက်မှုများကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အားပေးအားမြှောက်ပြုလုပ်နေကြပါသည်။ ၎င်းတို့မှာ မိမိတို့နိုင်ငံအား သူတို့အလိုကျ ခြယ်လှယ်ချုပ်ကိုင်နိုင်ရန်နှင့် ပြည်သူလူထု၏ဆန္ဒဖြစ်သည့် ပါတီစုံဒီမိုကရေစီစနစ်ကို နှောင့်နှေးစေပြီး ဒီမိုကရေစီအမည်ခံအာဏာရှင်စနစ်ကို အားပေးနေခြင်းပင်ဖြစ်သည်ကို သတိပြုမိကြစေလိုပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူ့ဆန္ဒဖြစ်သည့် စစ်မှန်ပြီးစည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို မလွဲမသွေဆက်လက်လျှောက်လှမ်းသွားရမည်ဖြစ်ပါသည်။ ထိုကဲ့သို့ လျှောက်လှမ်းနိုင်ရန်လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီး ကျင်းပနိုင်ရေး လိုအပ်သည့်ပြင်ဆင်မှုများကို ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။ မဲဆန္ဒရှင်ပြည်သူများ၏ ဆန္ဒမှန်ကိုထုတ်ဖော်နိုင်သည့်လွတ်လပ်ပြီး တရားမျှတသည့် အထွေထွေရွေးကောက်ပွဲကို မဖြစ်မနေပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း အလေးအနက်ပြောကြားလိုပါသည်။ နိုင်ငံတော်အကျိုး၊ တိုင်းရင်းသားပြည်သူလူထု၏အကျိုးကိုသာ အစဉ်ရှေးရှုကြိုးပမ်းဆောင်ရွက်ပြီး နိုင်ငံတော်ကြီးပိုမိုတည်ငြိမ်အေးချမ်းပြီး သာယာဝပြောစေရန်နှင့် စားရေရိက္ခာဖူလုံစေရန် အဓိကထားပြီး တိုင်းရင်းသားပြည်သူများနှင့်အတူ တက်ညီလက်ညီဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူ့ဆန္ဒဖြစ်သည့် စစ်မှန်ပြီးစည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို မလွဲမသွေဆက်လက်လျှောက်လှမ်းသွားရမည်ဖြစ်၊ မဲဆန္ဒရှင်ပြည်သူများ၏ ဆန္ဒမှန်ကိုထုတ်ဖော်နိုင်သည့် လွတ်လပ်ပြီးတရားမျှတသည့် အထွေထွေရွေးကောက်ပွဲကို မဖြစ်မနေပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း အလေးအနက်ပြောကြားလို . . .**

တိုင်းရင်းသားပြည်သူများ၏ ဆန္ဒနှင့်အညီ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရန် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့်အတူ နိုင်ငံ့ဝန်ထမ်းများအားလုံး၊ အရပ်ဘက်အဖွဲ့အစည်းများအားလုံး၊ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန်လိုအပ်ပါသည်။

ရည်မှန်းချက်ပန်းတိုင်သို့ရောက်ရှိရန် အဓိကကျသည့်အချက်မှာ မိမိတို့တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်ကြရေးနှင့် နိုင်ငံတည်ငြိမ်အေးချမ်းရေးပင်ဖြစ်ပါသည်။ ယခုလတ်တလောအခြေအနေတွင် ပြည်ပနိုင်ငံများ၏ သွေးထိုးလှုံ့ဆော်မှုများ၊ သဘောထားကွဲလွဲပြီး နိုင်ငံနှင့်ပြည်သူအကျိုးကို မျက်ကွယ်ပြုလုပ်ဆောင်နေသော အချို့အဖွဲ့အစည်းများ၏ ခြေထိုးမှုများ၊ ကျင့်ဝတ်ဖောက်ဖျက်ပြီး နိုင်ငံတော်ကို အန္တရာယ်ချောက်ကမ်းပါးထဲသို့ ဆွဲချနေသည့် မဟုတ်မမှန်လုပ်ကြံသတင်းများ၊ NUG, CRPH, PDF အစရှိသည့် အကြမ်းဖက်အဖွဲ့အစည်းများ၏ သွေးဆောင်စည်းရုံးမှုနှင့် အကြမ်းဖက်လုပ်ရပ်များကြောင့် ဒေသအချို့တွင်ရှိသည့် ပြည်သူလူထုအကြားအသိအမြင်များမှားပြီး ညီညွတ်မှုများပြိုကွဲကာ မငြိမ်းမချမ်းဖြစ်နေသည်ကို တွေ့မြင်ကြရမည်ဖြစ်ပါသည်။

ကယားပြည်နယ်တွင် မကြာမီကာလက KNDF အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် လွိုင်ကော်မြို့အပါအဝင် မြို့ရွာများ ထိခိုက်ပျက်စီးခဲ့ရပါသည်။ ပြည်နယ်အတွင်းနေထိုင်သည့် လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများက ကိုယ့်ဒေသကိုယ်ဖျက်ဆီးသည့်လုပ်ရပ်ဖြစ်ပါသည်။ ဒေသတစ်ခုဖွံ့ဖြိုးတိုးတက်ရေးတည်ငြိမ်အေးချမ်းရေးအတွက် ၎င်းဒေသတွင်နေထိုင်သူများကပင် လုပ်ဆောင်ကြရမည်ဖြစ်ပြီး ဒေသ၏ဖွံ့ဖြိုးတိုးတက်မှုပျက်စီးစေရန်နှင့် တည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန် လုပ်ဆောင်မှုများကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန်မှာလည်း ဒေသခံများပင်ဖြစ်ပါသည်။ အကြမ်းဖက်တိုက်ခိုက်မှုများကို ဒေသခံတိုင်းရင်းသားအဖွဲ့အစည်းများက လုပ်ဆောင်ခြင်းသည် အမျိုးသားရေးစိတ်ဓာတ်ကင်းမဲ့ပြီး လွဲမှားသည့်အတွေးအခေါ် အယူအဆများဖြင့် နိုင်ငံရေးအရ ရင့်ကျက်မှုမရှိခြင်းနှင့် ကိုယ့်ဒေသ၊ ကိုယ့်တိုင်းရင်းသားကို သစ္စာဖောက်ဖျက်ခြင်းပင်ဖြစ်ပါသည်။

ထို့ကြောင့် ဒေသအတွင်း တည်ငြိမ်အေးချမ်းရေးနှင့် ဒေသခံများ၏ လုံခြုံရေးကိုဖျက်ဆီးနေသည့် ဒေသတွင်းနေထိုင်သောလက်နက်ကိုင်အဖွဲ့အစည်းများ၏အကြမ်းဖက်လုပ်ဆောင်မှုများ လျော့ပါးစေရေးအတွက် ၎င်းတို့သက်ဆိုးရှည်စေမည့်ကိစ္စရပ်များကို ပြည်သူအားလုံးက ဝိုင်းဝန်းတားဆီးဆောင်ရွက်ပေးကြစေလိုပါသည်။ အကြမ်းဖက်သောင်းကျန်းသူများသည် မြို့ရွာများရှိနေအိမ်များ၌ဝင်ရောက်နေထိုင်ပြီး ဒေသခံပြည်သူလူထုကိုအကာအကွယ်ယူ၍ နှောင့်ယှက်ဖျက်ဆီးတိုက်ခိုက်မှုများလုပ်ဆောင်ခြင်းဖြစ်၍ ပြည်သူများအနေဖြင့် သတိတရား၊ အသိတရားများဖြင့် ရှောင်ရှားမည်ဆိုပါက သောင်းကျန်းသူအမြစ်ပြတ်ချေမှုန်းရေးလုပ်ငန်းများကို ပိုမိုမြန်ဆန်စွာဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် အဓိကလိုအပ်ချက်မှာ ပြည်သူများအားလုံး အသိဉာဏ်ပညာပြည့်ဝရေးနှင့် အတွေးအခေါ် မှန်ကန်ရေးပင်ဖြစ်ပါသည်။ နိုင်ငံနှင့်ပြည်သူ့အကျိုးကို ပြည်သူများကပင် အသိပညာဖြင့် ထိန်းသိမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။ နိုင်ငံတော်အနေဖြင့် ပြည်သူများ အသိပညာဗဟုသုတပြည့်ဝကြစေရန်နှင့်ပညာပြည့်ဝပြီး လူ့စွမ်းအားအရင်းအမြစ်များ ပြည့်စုံသောလူငယ်များ ပေါ်ထွက်လာရေးပညာရေးကဏ္ဍကို မြှင့်တင်ပေးလျက်ရှိရာ တိုင်းရင်းသားမိဘပြည်သူများက ဝိုင်းဝန်းပူးပေါင်းပါဝင်ကြရန် တိုက်တွန်းလိုပါသည်။ မဖွင့်နိုင်သေးသည့် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး၊ အကြောင်းအမျိုးမျိုးကြောင့် ကျောင်းပြင်ပရောက်ပြီး ကျောင်းမတက်နိုင်ကြသည့် ကျောင်းသားများကျောင်းသို့ ပြန်လည်ရောက်ရှိရေး၊ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေနိုင်ရေးတို့ကို အလေးထားဆောင်ရွက်ပေးကြရန် လိုပါသည်။ သို့မှသာ လူငယ်များဗလငါးတန်ပြည့်ဝပြီး ဒေသအကျိုး၊ နိုင်ငံနှင့်လူမျိုးအကျိုးကို ဆောင်ရွက်နိုင်ကြမည် ဖြစ်ပါသည်။

**ချစ်ခင်လေးစားအပ်ပါသော ကယားပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူ ညီအစ်ကို မောင်နှမများခင်ဗျာ –**

ယခုထက်ပို၍ ငြိမ်းချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်သည့် ပြည်နယ်တစ်ခုဖြစ်ပေါ်လာရန် ပြည်နယ်အတွင်း နေထိုင်ကြသော တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံး၏ စိတ်ဓာတ်နှင့်အင်အားသည် အဓိကဖြစ်ပါသည်။ နိုင်ငံ၏အားသည် နိုင်ငံအတွင်းမှာရှိသကဲ့သို့ ပြည်နယ်၏ အင်အားသည်လည်း ပြည်နယ်အတွင်းရှိ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံး၏ စုပေါင်းအားပင်ဖြစ်ပါသည်။

ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး တိုင်းရင်းသားပြည်သူများအကြား မျိုးချစ်စိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ဖြင့် နိုင်ငံနှင့်ပြည်သူကို ကာကွယ်စောင့်ရှောက်ပေးကြပါ။ နိုင်ငံ၏ အနာဂတ်လူငယ်မျိုးဆက်သစ်များကို တန်ဖိုးမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များဖြစ်လာအောင် ပြုစုပျိုးထောင်ပေးကြပါ။ ကယားပြည်နယ်ရှိတိုင်းရင်းသားများကလည်း အတွေးအခေါ် အယူအဆမှန်ကန်စွာဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များတွင် စည်းစည်းလုံးလုံး ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန်နှင့် ကယားပြည်နယ်တစ်ခုလုံး အေးချမ်းသာယာ၍ ဘက်ပေါင်းစုံ ဖွံ့ဖြိုးတိုးတက်ကာ တိုင်းရင်းသားများ၏ လူမှုစီးပွားဘဝများ တိုးတက်မြင့်မားပါစေကြောင်း ဆန္ဒပြုတိုက်တွန်းလျက် ဤသဝဏ်လွှာပေးပို့အပ်ပါသည်။

**ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ**
**သတိုးသီရိသုဓမ္မမင်းအောင်လှိုင်**
**နိုင်ငံတော်ဝန်ကြီးချုပ်**
**ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# သီရိမင်္ဂလာကမ္ဘာအေးစေတီတော်မြတ်ကြီး၏ (၇၃) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၄

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကမ္ဘာအေးကုန်းမြေ၌ တည်ထားကိုးကွယ်သည့် ဆဋ္ဌသင်္ဂါယနာသာသနာ့သမိုင်းဝင် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်မြတ်ကြီး၏ (၇၃)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို ဖေဖော်ဝါရီလ ၄ ရက်မှ ၉ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဗုဒ္ဓပူဇနိယပွဲတော်တွင် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို ဖေဖော်ဝါရီလ ၄ ရက်မှ ၉ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ထမနဲထိုးပွဲကို ဖေဖော်ဝါရီလ ၅ ရက်နှင့် ၆ ရက်တို့တွင်ကျင်းပမည်ဖြစ်ကာ ဖေဖော်ဝါရီလ ၉ ရက် နံနက်ပိုင်းတွင် မြတ်စွာဘုရားအားရည်မှန်း၍ ဆွမ်းတော်ကြီး ကပ်လှူမည်ဖြစ်သည်။

ထို့နောက် စေတီတော်အတွင်း၌ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဒုတိယဥက္ကဋ္ဌ ဆရာတော်ကြီးများ ဦးဆောင်သော စေတီတော်ဩဝါဒါစရိယဆရာတော်ကြီးများအပါအဝင် ပင့်သံဃာ ၄၅ ပါးတို့ဖြင့် ဗုဒ္ဓါဘိသေက အနေကဇာတင်လှူပူဇော်ပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းလောင်း အလှူမင်္ဂလာကျင်းပမည်ဖြစ်သည်။

ဆက်လက်၍ မြတ်စွာဘုရားရှင်နှင့် အဂ္ဂသာဝကအရှင်မြတ်ကြီးနှစ်ပါးတို့အား အမှူးထား၍ နိုင်ငံတော်သံဃနာယကအဖွဲ့ဆရာတော်ကြီးများ ဦးဆောင်သော ပင့်သံဃာ ၄၅ ပါးတို့အား ဆွမ်းဆန်စိမ်းလောင်းလှူကြမည်ဖြစ်သည်။

ဗုဒ္ဓပူဇနိယပွဲတော်တွင် ကုသိုလ်ရှင်များအနေဖြင့် ထမနဲဆွမ်းအလှူ၊ ဆွမ်းတော်ကြီးအလှူ၊ ဆွမ်းဆန်စိမ်းအလှူနှင့် ဗုဒ္ဓပူဇာ၊ ဓမ္မပူဇာ၊ သံဃာ့ပူဇာအလှူများ ပါဝင်လှူဒါန်းနိုင်ကြောင်းနှင့် သီရိမင်္ဂလာကမ္ဘာအေးစေတီတော် ဘဏ္ဍာထိန်းဂေါပကအဖွဲ့ ဖုန်း- ၀၉-၄၂၅၀၁၂၅၂၁၊ ၀၉-၉၇၉၆၃၀၉၂၅ နှင့် ၀၉-၇၉၉၃၀၉၄၉၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

ဝန်းရံ



# ပန်းတနော်မြို့နယ်အတွင်း ကျေးလက်လမ်းတံတားလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

ပန်းတနော် ဇန်နဝါရီ ၁၄

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ပန်းတနော်မြို့နယ်အတွင်း၌ ယခုဘဏ္ဍာနှစ်တွင် ပန်းတနော်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ကျေးလက်လမ်းတံတားလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေကို ဇန်နဝါရီလ ၁၃ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန (ရုံးချုပ်) မှ အင်ဂျင်နီယာချုပ်(မြို့ပြ) ဦးကျော်ကျော်ထွေးနှင့်အဖွဲ့က ပန်းတနော်မြို့နယ်အတွင်းရှိ ကျေးလက်လမ်းတံတားများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လုပ်ငန်းများ ဆောလျင်စွာနှင့် အရည်အသွေးပြည့်မီအောင် ဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ ပန်းတနော်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တိုင်းဒေသကြီးခွင့်ပြုငွေဖြင့် ရောဂုဏ်ရည် ကုမ္ပဏီမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော မင်းကုန်းမြောက်-ကျုံတကယ် ကျေးရွာချင်းဆက်လမ်း မြေသားလမ်းဖောက်လုပ်ခြင်းနှင့် ဌာနမှ ဆောင်ရွက်သည့် ကျုံတောချောင်းကူး တံတားတည်ဆောက်ခြင်း လုပ်ငန်းများကို သွားရောက်ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ရာ မအူပင်ခရိုင် လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)၊ ပန်းတနော်မြို့နယ် ဦးစီးအရာရှိ(မြို့ပြ)(တာဝန်)နှင့်အဖွဲ့က လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အင်ဂျင်နီယာချုပ်(မြို့ပြ) ဦးကျော်ကျော်ထွေးက လုပ်ငန်းများ အချိန်မီပြီးစီးရေးနှင့် အရည်အသွေး ပြည့်မီစေရေး အလေးထားဆောင်ရွက်ရန် ပြောကြားခဲ့ကြောင်း သိရသည်။

ချမ်းမြေ့

# ရန်ကင်းပညာရေးဒီဂရီကောလိပ်၌ ဥပဒေအသိပညာပြန့်ပွားရေး ဗဟိုနည်းပြသင်တန်းဖွင့်လှစ်

ရန်ကုန် ဇန်နဝါရီ ၁၄


ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းခရိုင် ရန်ကင်းမြို့နယ်ရှိ ဆရာအတတ်ပညာဦးစီးဌာန ရန်ကင်းပညာရေးဒီဂရီကောလိပ် မြတ်ပညာခန်းမ၌ ဥပဒေရေးရာဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ ဥပဒေအသိပညာပြန့်ပွားရေး ဗဟိုနည်းပြသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီလ ၁၄ ရက်တွင် ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ် ဒေါ်မြို့မာဝေ၊ ရန်ကင်းပညာရေးဒီဂရီကောလိပ်၊ သင်္ဃန်းကျွန်း ပညာရေးဒီဂရီကောလိပ်၊ လှည်းကူး ပညာရေးဒီဂရီကောလိပ်၊ ဟားခါး(တွဲဖက်)ပညာရေးဒီဂရီကောလိပ်မှ ကျောင်းအုပ်ကြီးများ၊ ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ ကထိကများ၊ လက်ထောက်ကထိကများနှင့် နည်းပြများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ဥပဒေရေးရာကိစ္စရပ်များကို အမှာစကားပြောကြားပြီး ရန်ကင်းပညာရေးဒီဂရီကောလိပ်ကျောင်းအုပ်ကြီး ဦးအောင်မြတ်စိုးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား ၇၀ ဦး တက်ရောက်သင်ကြားကြပြီး သင်တန်းတွင် ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ်ရုံး ရုံးအဖွဲ့မှူး ဒေါ်မေသက်မော်နှင့် သင်္ဃန်းကျွန်းခရိုင် ဥပဒေရာရှိ ဦးချမ်းသာတို့က ဥပဒေအသိပညာပြန့်ပွားရေး ဘာသာရပ်များကို သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

လှလှထွေး(ပြန်/ဆက်)




# ကြခင်းမြို့နယ် အခြေခံပညာမူလတန်းလွန်ကျောင်း (မြို့မတောင်)၌ ပညာရေးစုံညီပွဲတော်နှင့် ဆုချီးမြှင့်ပွဲကျင်းပ

ကြခင်း ဇန်နဝါရီ ၁၄

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် ကြခင်းမြို့နယ် အခြေခံပညာမူလတန်းလွန်ကျောင်း(မြို့မတောင်)၏ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့်ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇန်နဝါရီလ ၁၃ ရက်က အဆိုပါကျောင်း၌ ကျင်းပသည်။

အခမ်းအနားကို အခြေခံပညာမူလတန်းလွန်ကျောင်း(မြို့မတောင်)မှ ကျောင်းသား၊ ကျောင်းသူများက ကြိုဆိုပါသည် စုံညီပွဲတော်တေးသီချင်းဖြင့် သီဆိုဖွင့်လှစ်ပြီး မြို့နယ်ပညာရေးမှူးရုံးမှ လက်ထောက်ပညာရေးမှူး ဦးဌေးဦးက ပညာရေးကဏ္ဍ မြင့်မားစေရေး၊ ဘက်စုံထူးချွန်သော ကျောင်းသားလူငယ်များ ဖြစ်လာစေရေးအတွက် ပညာရေးစုံညီပွဲတော်များကျင်းပကာ ကာယ၊ ဉာဏပြိုင်ပွဲများတွင် ထူးချွန်ထက်မြက်သော ကျောင်းသား၊ ကျောင်းသူများကို ချီးမြှင့်ဂုဏ်ပြုသောပွဲဖြစ်ပြီး ဆုရသူများအတွက် ဂုဏ်ယူကြောင်း အမှာစကားပြောကြားပြီးနောက် ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးခိုင်က ပညာရေးစုံညီပွဲတော်ကျင်းပရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ခရိုင်အဆင့် ဉာဏဆု ၁၇ ဆု၊ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်၌ (မူလတန်းအဆင့်) ကဗျာရွတ်ဆိုပြိုင်ပွဲတွင် ပထမဆုနှင့် အထူးဆုရရှိသော Grade-1 မှ မနွေးသဉ္ဇာပိုင်နှင့် မဆုလှဲ့ငြိမ်းခင်တို့အားလည်းကောင်း၊ မြို့နယ်အဆင့် ဉာဏဆု ၁၀ ဆု၊ ကျောင်းတွင်း ကာယ၊ ဉာဏပြိုင်ပွဲတို့တွင် ဆုရရှိကြသော ကျောင်းသား၊ ကျောင်းသူ ၉၁ ဦးတို့အားလည်းကောင်း၊ သင်ကြားရေးထူးချွန်ဆု နှစ်ဆု၊ အာဟာရအလှူရှင်များနှင့် ကျောင်းလုပ်ငန်းများတွင် ပူးပေါင်းပါဝင်သော ဆုများကိုလည်းကောင်း တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ကျောင်းအကျိုးတော်ဆောင်ကော်မတီဝင် ဒေါ်ယမင်းခင်က ကျောင်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ကျေးဇူးတင်စကား ပြောကြားပြီး ကျောင်းသား၊ ကျောင်းသူများက ပဒေသာကပွဲများဖြင့် ကပြဖျော်ဖြေခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလအတွင်း ဆန်ကွဲ ၁၆ ပြည်ဝင်အိတ် ၈၅၀၀၀ အထိတင်ပို့ရောင်းချနိုင်ခဲ့



**ဓနုဖြူ ဇန်နဝါရီ ၁၄**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလတစ်လတာကာလအတွင်း ဆန်ကွဲ ၁၆ ပြည်ဝင်အိတ် ၈၅၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဓနုဖြူမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံလုပ်ငန်းလုပ်ကိုင်သူ ဒေါ်သူအောင်၏ ပြောဆိုချက်အရ သိရသည်။

ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၁ ရက်မှ ၃၁ ရက်အထိ တစ်လတာကာလအတွင်း ဆန်ကွဲ ၁၆ ပြည်ဝင်အိတ် ၈၅၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသမှ ဆန်ကွဲများကို ရန်ကုန်ဈေးကွက်မှ ဝယ်လိုအားကောင်းလျက်ရှိကြောင်း သိရသည်။

''ဓနုဖြူမြို့နယ်ကနေ ဆန်ကွဲတွေကို ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချပါတယ်။ ဆန်ကွဲအိတ်တွေကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ပထမပတ်လောက်ကနေ စတင်ပြီး ဝယ်လိုအားသိသိသာသာ ကောင်းမွန်ခဲ့တာပါ။ ဆန်ကွဲတွေကို ပွဲရုံလုပ်ငန်းလုပ်ကိုင်သူတွေက အဆက်မပြတ်တင်ပို့ရောင်းချနေပါတယ်။ ဓနုဖြူမြို့နယ်ကနေ ဆန်ကွဲတွေကို ကုန်တင်ယာဉ်တွေနဲ့ အဓိကတင်ပို့ရောင်းချနေပါတယ်''ဟု ဒေါ်သူအောင်ကပြောသည်။

ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဆန်ကွဲများ တင်ပို့ရောင်းချအားတက်လာခြင်း၊ ဈေးကောင်းရရှိလာခြင်းကြောင့် ဆန်စပါးရောင်းဝယ်ရေး ကုန်သည်များ၊ ဆန်စပါးရောင်းဝယ်ရေးပွဲရုံလုပ်ငန်းလုပ်ကိုင်သူများ၊ ကုန်တင်ကုန်ချလုပ်သားများနှင့် ကုန်တင်ယာဉ်အငှားလိုက်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**သုတကျော်**

# ဘားအံမြို့နယ် ရိုးမဟာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေ သတ္တမအကြိမ်ထုတ်ချေး

**ဘားအံ ဇန်နဝါရီ ၁၄**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ သတ္တမအကြိမ်ထုတ်ချေးခြင်းကို ဇန်နဝါရီလ ၁၄ ရက်တွင် ရိုးမဟာကျေးရွာ၌ ဆောင်ရွက်သည်။

ရှေးဦးစွာ ဘားအံမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသူရလွင်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျှော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ တခြားမိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကို ထိရောက်အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် ဘားအံမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများက ရိုးမဟာကျေးရွာ၌ စီမံကိန်းရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ သတ္တမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၈ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ နှစ်ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၈ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၃၈ ဦးကို ရန်ပုံငွေ ငွေကျပ် ၅၉၅ သိန်းအား အတိုးနှုန်းသက်သာစွာ ထုတ်ချေးပေးထားကြောင်း သိရသည်။

**ဘိုဘို**

# မြိတ်မြို့၌ ငါးသယံဇာတထိန်းသိမ်းရေးလုပ်ငန်းတွင် မိမိဆန္ဒဖြင့် ပူးပေါင်းခြင်းသဘောတူညီချက် မူဝါဒဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲကျင်းပ



**မြိတ် ဇန်နဝါရီ ၁၄**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၌ ငါးသယံဇာတ ထိန်းသိမ်းရေးလုပ်ငန်းတွင် မိမိဆန္ဒဖြင့်ပူးပေါင်းခြင်းသဘောတူညီချက် Voluntary Partnership Agree- ment (VPA) မူဝါဒဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲကို ငါးလုပ်ငန်းဦးစီးဌာနနှင့် Fauna & Flora– Myanmar တို့ပူးပေါင်း၍ Green Eye ဟိုတယ် အစည်းအဝေးခန်းမ၌ ဇန်နဝါရီလ ၁၄ ရက်တွင် ကျင်းပသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲကို မြိတ်ခရိုင် ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးဇော်မင်းဦးက အမှာစကားပြောကြား၍ ဖွင့်လှစ်ပေးပြီး Fauna & Flora– Myanmar စီမံကိန်းမန်နေဂျာဦးစိုးထွန်းက အလုပ်ရုံဆွေးနွေးပွဲနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းဆွေးနွေးပွဲ၌ ငါးသယံဇာတ ထိန်းသိမ်းရေးလုပ်ငန်းတွင် မိမိဆန္ဒဖြင့် ပူးပေါင်းခြင်းသဘောတူညီချက် Voluntary Partnership Agreement (VPA) မူဝါဒ(မူကြမ်း)ကို Fauna & Flora–Myanmar မှ အကြံပေးပညာရှင် Dr. Philip Dearden ကဦးဆောင်၍ ရှင်းလင်းဆွေးနွေးပြီး ဆွေးနွေးပွဲရလဒ် ရှင်းလင်းချက်များကို သဘောတူညီချက် ရယူဆောင်ရွက်ခဲ့သည်။

ဆွေးနွေးပွဲသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရေလုပ်ငန်းလုပ်ကိုင်သူများ၊ စီမံကိန်းကျေးရွာများမှ ဒေသခံများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။

ယင်းအလုပ်ရုံဆွေးနွေးပွဲကို မြိတ်ကျွန်းစုဒေသအပါအဝင် မြန်မာ့အဏ္ဏဝါသက်ရှိသယံဇာတများကို စဉ်ဆက်မပြတ်ဖွံ့ဖြိုးစေပြီး ငါးသယံဇာတကိုမှီခိုနေရသူများ၏ အလုပ်အကိုင်အခွင့်အလမ်း ရေရှည်ဖွံ့ဖြိုးစေကာ မြန်မာ့ပင်လယ်ငါးလုပ်ငန်း စဉ်ဆက်မပြတ်ဖွံ့ဖြိုးစေရန်အတွက် လိုအပ်သောမူဝါဒဆိုင်ရာအချက်အလက်များ အကြံပြုဆွေးနွေးနိုင်ရန် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ **ခိုင်ထူး(ပြန်/ဆက်)**

# စစ်ကိုင်းပညာရေးတက္ကသိုလ်၌ အတန်းပေါင်းစုံပြေးခုန်ပစ်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**စစ်ကိုင်း ဇန်နဝါရီ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ စစ်ကိုင်းပညာရေးတက္ကသိုလ်၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် အတန်းပေါင်းစုံ အမျိုးသား၊ အမျိုးသမီးပြေးခုန်ပစ်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇန်နဝါရီလ ၁၄ ရက်တွင် အဆိုပါတက္ကသိုလ်ရှိ အားကစားကွင်း၌ ကျင်းပသည်။

အတန်းပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲတွင် အမျိုးသား၊ အမျိုးသမီး မီတာ ၁၀၀၊ မီတာ ၂၀၀၊ မီတာ ၄၀၀ တစ်ဦးချင်းပြိုင်ပွဲနှင့် မီတာ ၄၀၀ လက်ဆင့်ကမ်းပြိုင်ပွဲများ ထည့်သွင်းကျင်းပပေးပြီး အတန်းပေါင်းစုံမှ ကျောင်းသား၊ ကျောင်းသူ ၈၅ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြရာ ဆုရရှိခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများအား စစ်ကိုင်းပညာရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမြတ်မြတ်သော်၊ ဒုတိယပါမောက္ခချုပ်များနှင့် တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ချီးမြှင့်ကြသည်။

စစ်ကိုင်းပညာရေးတက္ကသိုလ် အနေဖြင့် အတန်းပေါင်းစုံ ကျောင်းသား၊ ကျောင်းသူများအား အားကစားမျိုးစုံပြိုင်ပွဲများကို နှစ်စဉ်ပညာသင်နှစ်အလိုက် စဉ်ဆက်မပြတ် ကျင်းပပေးလျက်ရှိကြောင်း သိရသည်။

**ဇော်မြင့်နိုင်**



# သွေးကြောမကျဉ်းအောင် ကာကွယ်ပေးသောအစားအစာများ



အဆီများတဲ့ အစားအသောက်တွေစားတာ၊ ကိုယ်လက်လှုပ်ရှားမှုနည်းတာ၊ အဝလွန်တာတွေက သွေးကြောကျဉ်းစေပါတယ်။ သွေးကြောကျဉ်းတာ မဖြစ်အောင် ဖော်ပြပါအစားအစာတွေကို စားသုံးသင့်ပါတယ်။

**ကြက်သွန်ဖြူ**

ဓာတ်တိုးဆန့်ကျင်ပစ္စည်း၊ ဗီတာမင် C နဲ့ ဗီတာမင် E ကြွယ်ဝတဲ့ကြက်သွန်ဖြူက သွေးအတွင်းက မကောင်းတဲ့အဆီတွေနဲ့ ဓာတ်တိုးပစ္စည်းတွေကို ဖယ်ရှားပေးပါတယ်။ ဆဲလ်တွေက အောက်ဆီဂျင်နဲ့ ဓာတ်ပြုပြီး စွမ်းအင်ထုတ်လုပ်ကြတဲ့အခါ ဘေးထွက်ပစ္စည်းအနေနဲ့ ဓာတ်တိုးပစ္စည်းတွေ (Free Radicals) ထွက်လာကြပြီး ဆဲလ်တွေကိုပြန်ဒုက္ခပေးကြပါတယ်။ အဲဒီဓာတ်တိုးပစ္စည်းတွေကို ချေဖျက်ပေးတဲ့ အင်တီအောက်စီးဒင့်များတဲ့အစားအစာတွေ များများစားလေ၊ ကျန်းမာရေးပိုကောင်းလေ၊ သွေးကြောမပိတ်လေဖြစ်ပါတယ်။ နံနက်အိပ်ရာထပြီး ဘာမှမစားမီ ကြက်သွန်ဖြူနှစ်တက်နဲ့ နံနံပင်နှစ်ရွက်လောက်စားပေးရင် သွေးကြောတွေပွင့်စေပြီး သွေးကျစေပါတယ်။ မကောင်းတဲ့အဆီတွေကျစေပြီး သွေးကြောနံရံတွေကြံ့ခိုင်သန်မာစေပါတယ်။

**အဆီများတဲ့ငါး**

အဆီများတဲ့ ပင်လယ်ငါး၊ ဆာဒင်းငါး၊ တူနာငါး၊ ငါးသေတ္တာ၊ ငါးကွမ်းရှပ်၊ ဟာရင်းငါးတွေက Omega-3 နဲ့ Free Fatty acid တွေပါဝင်တဲ့အတွက် ကောင်းတဲ့ ကိုလက်စထရောကို မြင့်တက်စေပြီး မကောင်းတဲ့ အဆီကိုလျော့နည်းစေပါတယ်။ သွေးတွင်းအဆီဓာတ်တွေ စုပုံအနည်ကျစေပြီး သွေးကြောမကျဉ်းအောင် ကာကွယ်ပေးပါတယ်။ နှလုံးရောဂါနဲ့လေဖြတ်တာကို လျော့နည်းစေပါတယ်။ သတိမေ့ရောဂါ၊ ကင်ဆာရောဂါနဲ့ အရိုးအဆစ်ရောင်တာတွေကိုလည်း ကာကွယ်ပေးပါတယ်။

**ဗီတာမင် E ပါဝင်တဲ့အစားအစာများ**

ဗီတာမင် E လို့ခေါ်တဲ့ တိုကိုထရီနော(Tocotrienols) ကို ခန္ဓာကိုယ်ထဲမှာ မထုတ်နိုင်တော့ ဗီတာမင် E ကို ဖြည့်စွက်ပေးရင် သွေးကြောကျဉ်းတာကာကွယ်ပေးပါတယ်။ သွေးကြောကျဉ်းလူနာတွေကို ဗီတာမင် E ပေးပြီး ကုသတဲ့အခါ ၉၈ ရာခိုင်နှုန်း ပြန်ကောင်းလာတာ တွေ့ရပါတယ်။ ဗီတာမင် E ပါတဲ့ အစားအစာတွေက အုန်းသီး၊ ဖွဲနုဆီ၊ ဂျုံ ဘာလီ၊ အစေ့အဆန်တွေ၊ သစ်ကြားသီး၊ မြေပဲဆန်တို့ဖြစ်ပါတယ်။ ဒါတွေကို နေ့စဉ်ပါဝင်အောင်စားပေးသင့်ပါတယ်။

**အခွံမာသီး**

အခွံမာသီးတွေမှာ ကျန်းမာရေးကိုအထောက်အကူပြုတဲ့ Polyunsaturated Fat အဆီတွေဖြစ်တဲ့ Omega-3၊ Omega- 6 တွေပါဝင်ပါတယ်။ အမျှင်ဓာတ်ပါတဲ့ အစားအစာတွေ၊ ဗီတာမင်နဲ့အသားဓာတ်တွေလည်းပါဝင်လို့ အသင့်အမြန်စာတွေ စားမယ့်အစား အခွံမာသီးတွေ(Nuts)ဖြစ်တဲ့ သစ်ကြားသီး၊ ဗာဒံစေ့တွေကို စားပေးသင့်ပါတယ်။

**ကညွတ်**

ကညွတ်က ကယ်လိုရီပါဝင်မှုနည်းပေမယ့် အမျှင်ဓာတ်ပါဝင်တာများပြီး အင်တီအောက်စီးဒင့်လည်း ပြည့်စုံတဲ့အတွက် ပုံမှန်စားပေးရင် နှလုံးကျန်းမာစေရုံသာမက ကိုယ်အလေးချိန်ကျဆင်းစေပါတယ်။ အသားတွေစားရင် ဟိုမိုစစ်စတင်း(Homocysteine) ဆိုတဲ့ အမိုင်နိုအက်စစ်တွေထွက်လာပြီး သွေးကြောတွေ ပျက်စီးစေလို့ သွေးခဲဖတ်တွေဖြစ်ပေါ်စေပြီး နှလုံးကို ထိခိုက်စေပါတယ်။

**သံလွင်ဆီ**

ဈေးကြီးပြီး အလွယ်ဝယ်လို့ရတဲ့သံလွင်ဆီထဲမှာ သဘာဝသံလွင်ဆီက အကောင်းဆုံးအာနိသင်ပေးပါတယ်။ အရောအနှောဆီ(Processeal oil)မပါဝင်ပါဘူး။ သဘာဝသံလွင်ဆီမှာ အင်တီအောက်စီးဒင့်ကြွယ်ဝပြီး ဗီတာမင် E၊ ဗီတာမင် K နဲ့ တခြားအဆီကောင်းတွေ ပါဝင်ပါတယ်။ သံလွင်ဆီနဲ့ အစိမ်းရောင်အသီးအရွက်အမျိုးမျိုးကို သုပ်စားတဲ့အခါ Witro Fatty acid Molecular တွေ ကျယ်ပြန့်စေပြီး သွေးဖိအားကျစေပါတယ်။

**တလည်းသီး**

အနီရင့်ရောင်ရှိတဲ့ တလည်းသီးမှာ ဘယ်ရီသီးတွေလို အင်တီအောက်စီးဒင့်တွေ အပြည့်အဝပါဝင်ပါတယ်။ တလည်းစေ့ကလည်း အင်တီအောက်စီးဒင့်ပါရုံသာမက ဗီတာမင် C နဲ့ အမျှင်ဓာတ်တွေ ကြွယ်ဝပါတယ်။ တလည်းသီးစားရင် အစေ့ပါဝါးစားသင့်ပါတယ်။ တလည်းသီးက သွေးတိုးကျစေပြီး ရောင်ရမ်းခြင်းကိုလည်း သက်သာစေပါတယ်။ ဆီးကျိတ်ကင်ဆာကိုသက်သာစေပြီး နှလုံးကျန်းမာရေးကိုလည်း ကောင်းမွန်စေပါတယ်။ တလည်းသီးစားပေးရင် သွေးမခဲစေဘဲ သွေးကြောနံရံတွေပျော့ပျောင်းစေပါတယ်။

**ကော်ဖီ**

ယခင်က ကော်ဖီကို နှလုံးခုန်မြန်စေတဲ့သတ္တိကြောင့် နှလုံးထိခိုက်စေတယ်လို့ယူဆခဲ့တယ်။ ယခုသုတေသနစာတမ်းအရ နှလုံးကျန်းမာရေးကောင်းစေကြောင်း လေ့လာတွေ့ရှိထားပါတယ်။ ကဖိန်းဓာတ်ကြောင့် နှလုံးခုန်စည်းချက်မမှန်တာနဲ့ သွေးတိုးစေတာမဟုတ်ဘူးဆိုတာ သိလာကြတယ်။ နေ့စဉ် (၄- ၅)ခွက်အထိ အလွန်အကျွံသောက်ရင်တော့ ကောင်းကျိုးမပေးပါဘူး။ ကော်ဖီက ပေါ်လီဖီနော (Polyphenol)ဆိုတဲ့ အင်တီအောက်စီးဒင့်ပိုများစေပြီး တစ်ကိုယ်လုံးက ရောင်ရမ်းမှုလျော့ကျစေလို့ နှလုံးကျန်းမာရေးကောင်းစေပါတယ်။

**ထောပတ်သီး**

တန်ဖိုးရှိ အာဟာရအမျိုး ၂၀ ပါဝင်တဲ့ ထောပတ်သီးမှာ အမျှင်ဓာတ်နဲ့ အင်တီအောက်စီးဒင့်တွေ အများကြီးပါဝင်ပြီး ပိုတက်ဆီယမ်ကြွယ်ဝပါတယ်။ သွေးတိုးကျစေပါတယ်။ အသားဓာတ် ၂ ဂရမ်နဲ့ ကောင်းတဲ့အဆီ ၁၅ ဂရမ်အပြင် ငှက်ပျောသီးထက် ပိုတက်ဆီယမ်နှစ်ဆပိုပါတဲ့အတွက် သွေးတိုးရောဂါရှိသူတွေ အမြဲစားသင့်ပါတယ်။ ထောပတ်သီးက သွေးတွင်းမကောင်းတဲ့အဆီတွေကို လျှော့ချပေးပြီး ကောင်းတဲ့အဆီပမာဏကို မြင့်တက်စေပါတယ်။ အစားအစာတွေထဲမှာ ဗီတာမင် A ၊ D ၊ E၊ K ဆိုတဲ့ အဆီမှာပျော်ဝင်တဲ့အာဟာရတွေကို အူကနေစုပ်ယူနိုင်ဖို့ ထောပတ်သီးမှာပါဝင်တဲ့အဆီက ကူညီပေးပါတယ်။

**အုန်းဆီ**

အုန်းဆီကို အသက်ကြီးသူတွေ မတည့်ဘူးလို့ထင်ပေမယ့် အုန်းဆီမှာ ပြည့်ဝဆီ(Saturated Fat) ၉၀ ရာခိုင်နှုန်းပါဝင်ပြီး ကောင်းတဲ့အဆီ(HDL) ပိုများတဲ့အတွက် ဝိတ်ကျစေပါတယ်။ နှလုံးရောဂါအဖြစ်နည်းစေပါတယ်။ အုန်းဆီမှာပါတဲ့ပြည့်ဝဆီက အနီရောင်အသားနဲ့ထောပတ်မှာပါတာလောက် လူကိုဒုက္ခမဖြစ်စေပါဘူး။

**ပန်းဂေါ်ဖီစိမ်း**

အဆီပါပေမယ့် ဗီတာမင် C နဲ့ ပိုတက်ဆီယမ်၊ B 6၊ အသားဓာတ်၊ အင်တီအောက်စီးဒင့်နဲ့ အမျှင်ဓာတ်ကြွယ်ဝတဲ့ပန်းဂေါ်ဖီစိမ်းက အာဟာရအပြည့်ရစေပါတယ်။ ဒါကြောင့် ပန်းဂေါ်ဖီစိမ်းကို နေ့စဉ်ပါဝင်အောင် စားသင့်ပါတယ်။

**လိမ္မော်ရည်**

နံနက်စာစားပြီး လိမ္မော်ရည်သောက်တဲ့အကျင့်ကလည်း နှလုံးသွေးကြောတွေ ကျန်းမာရေးအတွက် ကောင်းပါတယ်။ ဗီတာမင် C ၊အမျှင်ဓာတ်၊ ပိုတက်ဆီယမ်၊ ကယ်လ်စီယမ်၊ မဂ္ဂနီဆီယမ်၊ ဖောလိတ်၊ သိုင်ယာမင်း(B1)တွေကြွယ်ဝလို့ နေ့စဉ်သောက်သုံးသင့်ပါတယ်။ နှလုံးသွေးကြောမပိတ်ဖို့၊ လေမဖြတ်စေဖို့ ကာကွယ်နိုင်တဲ့ ဟက်စပါရီဒင်ဆိုတဲ့ အင်တီအောက်စီးဒင့်လည်းပါဝင်တယ်။ ပုံမှန်သောက်ပေးရင် နှလုံးရောဂါနဲ့ အဖျားအနာရောဂါတွေကို ကာကွယ်ပေးပါတယ်။

**စိမ်းပြာရေညှိ**

သဘာဝအတိုင်းပေါက်ရောက်တဲ့ စိမ်းပြာရေညှိတွေက အသားဓာတ် ၇၀ ရာခိုင်နှုန်း၊ အင်တီအောက်စီးဒင့်၊ ဗီတာမင် B အုပ်စုကြွယ်ဝတဲ့ အစားအစာဖြစ်ပါတယ်။ သွေးတိုးကျစေပြီး သွေးကြောနံရံရှိ Endothelial cells တွေပျက်စီးရင် ပြန်ကောင်းအောင် ပြုလုပ်ပေးပါတယ်။ မကောင်းတဲ့အဆီ (LDL)နဲ့ ထရိုင်ဂလစ်ဆရိုက် (Triglyceride)တွေကို ကျဆင်းစေပြီး နှလုံးကျန်းမာရေးကို ကောင်းမွန်စေပါတယ်။

**လက်ဖက်စိမ်း၊ လက်ဖက်ရည်**

အနံ့အရသာနဲ့ပြည့်စုံတဲ့ လက်ဖက်စိမ်း၊ လက်ဖက်ရည်က မကောင်းတဲ့အဆီ(LDL)နဲ့ ထရိုင်ဂလစ်ဆရိုက် (Triglyceride)တွေကို လျှော့ချပေးပါတယ်။ သူ့မှာပါတဲ့ ကတ်တီချင်(Catechin) အင်တီအောက်စီးဒင့်တွေက ကျန်းမာရေးကောင်းစေပါတယ်။ နေ့စဉ်မှန်မှန် သောက်ပေးရင် နှလုံးရောဂါဖြစ်နိုင်ခြေကို ၃၀ ရာခိုင်နှုန်းအထိ လျှော့နည်းစေပါတယ်။

**ဖြူအောင်ဖွပ်မထားတဲ့ကောက်နှံ**

အညိုရောင်ပေါင်မုန့်၊ ဆန်လုံးညိုကိုချက်ထားတဲ့ ထမင်းမှာပါဝင်တဲ့ အမျှင်ဓာတ်က နှလုံးကျန်းမာရေးကို ကောင်းမွန်စေပါတယ်။ အမျှင်ဓာတ်များများရအောင် အဆီ၊ အရွက်၊ အသီးအနှံနဲ့(whole gram) အမျှင်စာ စားသုံးသင့်ပါတယ်။

**ဒေါက်တာလွင်သန့်**

# ကျိုက်ထိုမြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များလေ့ကျင့်ရေး(မွမ်းမံ)သင်တန်း(၁/၂၀၂၅)ဖွင့်လှစ်

ကျိုက်ထို ဇန်နဝါရီ ၁၄

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် မီးသတ်ဦးစီးဌာနမှကြီးမှူး၍ မြို့နယ်အတွင်း မီးဘေးအန္တရာယ်ကင်းဝေးစေရန် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ) သင်တန်း(၁/၂၀၂၅)ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီလ ၁၃ ရက်က မြို့နယ်မီးသတ်ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင့်လွင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်တပ်ဖွဲ့ ဦးစီးအရာရှိ ဦးဝေယံအောင်က အရန်မီးသတ်တပ်ဖွဲ့ဝင်များအား လေ့ကျင့်ရေး (မွမ်းမံ)သင်တန်းဖွင့်လှစ်၍ သင်ကြားပို့ချရခြင်းရည်ရွယ်ချက်ကိုပြောကြားသည်။

ယင်းနောက် ရပ်ကွက်/ကျေးရွာများမှ တက်ရောက်လာသည့်သင်တန်းသားများအတွက် အရန်မီးသတ်ဝတ်စုံများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင့်လွင် နှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ ဦးစီးအရာရှိ ဦးဝေယံအောင်တို့က ပေးအပ်ကြသည်။

အဆိုပါသင်တန်းသို့ ရပ်ကွက်/ကျေးရွာများမှ သင်တန်းသား ၅၀ ဦး တက်ရောက်ပြီး နည်းပြဆရာငါးဦးက မီးသတ်ပညာဘာသာရပ်၊ အခြေခံရှာဖွေကယ်ဆယ်ရေးဘာသာရပ်များကို စာတွေ့လက်တွေ့ သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

**ချမ်းမြေ့**



# ညောင်လေးပင်ခရိုင်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSME ကုန်ထုတ်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရေး ကွင်းဆင်းဆောင်ရွက်

ညောင်လေးပင် ဇန်နဝါရီ ၁၄

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSME ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးတို့ကို ဇန်နဝါရီလ ၁၃ ရက် မွန်းလွဲပိုင်းတွင် တာဝန်ရှိသူများကကွင်းဆင်းဆောင်ရွက်ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည်ညောင်လေးပင်မြို့နယ် ဘိုင်းဒါးကျေးရွာ၌ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် ဘိုင်းဒါးချောင်းပေါ်တွင်သဘာဝရေစီးအားသုံးရေတင်စနစ်အသုံးပြု၍ ဟင်းသီးဟင်းရွက် အမယ်စုံစိုက်ခင်းဧက ၅၀ စိုက်ပျိုးအောင်မြင် ဖြစ်ထွန်းနေမှုကို ကွင်းဆင်းကြည့်ရှုပြီး စိုက်ပျိုးရေကိုအကျိုးရှိရှိစနစ်တကျသုံးစွဲရန်၊ ဟင်းသီးဟင်းရွက်စွန့်ပစ်ပစ္စည်းများဖြင့် တိရစ္ဆာန်အစာနှင့် သဘာဝမြေဩဇာအဖြစ် ပြန်လည်သုံးစွဲကြရန် တာဝန်ရှိသူများကိုမှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ညောင်လေးပင်မြို့နယ် စံတွင်းကုန်းကျေးရွာရှိ တစ်ကွင်းတစ်ဆက်တည်း ပဲတီစိမ်းစံပြစိုက်ခင်းဧက ၂၅၀ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှုကို ကွင်းဆင်းကြည့်ရှုပြီး သီးနှံစိုက်ဧကစွမ်းအားနှင့်သီးထပ်စွမ်းအား တိုးတက်မှသာ တောင်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မည်ဖြစ်၍ မြေလပ်မရှိ စိုက်ပျိုးသွားရန်နှင့် အထွက်နှုန်းကောင်းသည့်မျိုးကောင်းမျိုးသန့်များ စဉ်ဆက်မပြတ်ရရှိရေး ချိတ်ဆက်ဆောင်ရွက်ပေးရန် တာဝန်ရှိသူများကိုမှာကြားသည်။

ထို့နောက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့်အောင်မြင်စွာမွေးမြူရေးလုပ်ငန်းဆောင်ရွက်လျက်ရှိသော ဦးဝင်းဌေး၏ ကာကီကင်းဘဲကောင်ရေ ၁၀၀၀ နှင့် ဒေသကြက်ကောင်ရေ ၃၀၀၀ မွေးမြူထားရှိမှုကို ကွင်းဆင်းကြည့်ရှုအားပေးသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဘိုင်းဒါးကျေးရွာရှိဟင်းသီးဟင်းရွက်ကုန်စိမ်းဒိုင်များကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး ကိုယ်တိုင်စိုက်ပျိုးမွေးမြူထုတ်လုပ်သူများအနေဖြင့် အရောင်းဆိုင်များတွင်လက်လီအဆင့်ဆင့်မရှိဘဲ ကုန်စည်ဒိုင်ဈေးအတိုင်းရောင်းချနိုင်ရေး ချိတ်ဆက်ဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဘိုင်းဒါးကျေးရွာရှိ MSME လုပ်ငန်းရှင် ဦးအောင်မျိုး၏ ဖိုးရွှေလမုန့်မျိုးစုံလုပ်ငန်းသို့ သွားရောက်ကြည့်ရှုအားပေးပြီး ဒေသတွင်းပို့ကုန်အဆင့်တွင်ရပ်မနေဘဲ ပြည်ပပို့ကုန်အဆင့်မျှော်မှန်းဆောင်ရွက်ရန်၊ ထုပ်ပိုးမှုစနစ်များအဆင့်မြှင့်တင်ရန်၊ အစားအစာထုတ်လုပ်မှုဘေးကင်းလုံခြုံရန် မှာကြားပြီး FDA ထောက်ခံချက်ရရှိနိုင်ရေး တာဝန်ရှိသူများနှင့်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သိရသည်။

(၄၀၁)၊ တင်စိုး(ပဲခူး)

# လှပဆန်းကြယ် ကယားပြည်နယ်

✤ ကယားပြည်နယ် သဘာဝ
လှပလို့သာယာတယ်။
တောတောင်တွေအထပ်ထပ်
လွှမ်းပတ်ကာရယ်။
အင်းအိုင်စိမ့်စမ်း အသွယ်သွယ်
ပေါကြွယ်ဝများသည်တည့်။
ဥတုရာသီ ထာဝရ
မျှတသာ၏။

✤ ခဲမဖြူနှင့်အဖြိုက်နက်
မြဲမပျက် ထွက်ရှိသည်။
သစ် ဝါးတွေပေါက်ရောက်အား
များပြားဝေစည်။
သီးနှံတို့စုံညီ
ဖြစ်ထွန်းသည် သာမက။
ထုတ်ကုန်စုံ ဒေသထွက်
စွဲမက်ဖွယ်ပ။

✤ အပန်းဖြေ လေ့လာလည်ပတ်
ကောင်းမြတ်သည့်ဌာနီ။
ကယားရိုးရာ တံခွန်တိုင်ပွဲ
နွှဲပျော်နိုင်သည်။
တောင်ကွဲစေတီ
ငွေတောင်ဆည်နှင့် ကန်ခုနစ်ဆင့်။
ထီးပွင့်ကန် နောင်ယားကန်နဲ့
ပန်းချီဆန်သည့်ကန်အလှတို့
ကြွယ်ဝထူးတင့်။

အင်ကြင်းသူ(နေပြည်တော်)

# ကွန်ပျူတာအခြေခံသင်တန်းဖွင့်ပွဲကျင်းပ

ကန့်ဘလူ ဇန်နဝါရီ ၁၄

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှကြီးမှူး၍ ကွန်ပျူတာအခြေခံသင်တန်းအမှတ်စဉ် (၁/၂၀၂၅) ဖွင့်ပွဲကို ဇန်နဝါရီလ ၁၃ ရက် မွန်းလွဲ ၁ နာရီခွဲတွင် လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။



ရှေးဦးစွာ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နန်းမြင့်က ယခုသင်တန်းကို ဒေသတွင်း လူငယ်လူရွယ်များ အလုပ်အကိုင်အခွင့်အလမ်း ရရှိစေရေးရည်ရွယ်ကာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ထောက်ပံ့ပေးမှုဖြင့် ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် သင်တန်းနည်းပြဆရာ ဦးမျိုးကိုကိုအောင်က သင်တန်းတွင် သင်ကြားပေးမည့် ဘာသာရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ကွန်ပျူတာ အခြေခံသင်တန်းတွင် သင်တန်းသား၊ သင်တန်းသူ ၁၀ ဦးအား အခြေခံ ကွန်ပျူတာပညာရပ်များကို သင်တန်းကာလတစ်လကြာ စာတွေ့လက်တွေ့သင်ကြားပေးမည်ဖြစ်ကြောင်း၊ ယမန်နှစ်က ကွန်ပျူတာအခြေခံသင်တန်း ခုနစ်ကြိမ်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး သင်တန်းသား၊ သင်တန်းသူ ၇၀ ဦးတို့ကိုအောင်မြင်စွာ သင်ကြားပေးနိုင်ခဲ့ကြောင်းသိရသည်။

အောင်ဝင်းငြိမ်း(ကန့်ဘလူ)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၅-၁-၂၀၂၅ (ဗုဒ္ဓဟူးနေ့)

၁။ ၀၆:၀၀ တရားတော်
၂။ ၀၉:၀၀ ကျန်းမာသုတ
၃။ ၁၁:၀၀ သီချင်းလက်ဆောင်
၄။ ၁၄:၀၀ Sharing Knowledge
၅။ ၁၈:၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၆။ ၁၈:၄၀ Music Gallery
၇။ ၁၉:၂၀ မိုးလေဝသသတင်း

# ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

ဒိုက်ဦး ဇန်နဝါရီ ၁၄

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပျဉ်ပုံလေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရရှိငွေမှ သုံးစွဲခွင့်ရှိသောငွေဖြင့် ကျေးရွာတွင်းလမ်း ဂဝံမြေခင်းခြင်းလုပ်ငန်းနှင့် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းများဆောင်ရွက်ပြီးစီးနေမှုအခြေအနေများကို တာဝန်ရှိသူများက ဇန်နဝါရီလ ၁၄ ရက် နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ထိုသို့စစ်ဆေးရာတွင် ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးထက်မြတ်မောင်နှင့် ဝန်ထမ်းများကကျေးရွာလုပ်ငန်းအကောင်အထည်ဖော်ရေး ကော်မတီဝင်များနှင့်အတူ ပျဉ်ပုံလေးကျေးရွာ၌ အရှည်ပေ ၁၆၃၀၊ အကျယ် ၁၂ ပေ၊ အမြင့် ၆ လက်မရှိသော ကျေးရွာတွင်းလမ်းဂဝံမြေခင်းခြင်းလုပ်ငန်းနှင့်တစ်နာရီရေသန့်ဂါလန် ၂၀၀ ကျော်ထွက်ရှိသည့် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဦးစီးအရာရှိက ရေရှည်အသုံးပြုနိုင်ရေး သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းပေးကြရန် မှာကြားသည်။

ဒိုက်ဦးမြို့နယ် ပျဉ်ပုံလေးကျေးရွာ၌ ကျေးရွာတွင်းလမ်း ဂဝံမြေခင်းခြင်းနှင့် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းများကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရရှိငွေမှသုံးစွဲခွင့်ရှိသော ငွေကျပ်သန်း ၁၅၀ ဖြင့် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၁ ရက်မှစတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများအားလုံးရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်သည်။ အဆိုပါလုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးမှုကြောင့် ပျဉ်ပုံလေးကျေးရွာရှိ အိမ်ခြေ ၂၄၄ အိမ်မှ လူဦးရေ ၁၀၇၂ ဦးတို့၏ သွားလာရေးလွယ်ကူနေပြီဖြစ်ကြောင်း သိရသည်။



ကိုညို(ကျေးလက်)

# တနင်္သာရီတိုင်းဒေသကြီးအတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှု ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ကွင်းဆင်းစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၁၄**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီးအတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။




ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကော့သောင်းမြို့ Victoria Cliff ဟိုတယ်၌ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး Ms. Ma Jia နှင့် တွေ့ဆုံပြီး မြန်မာ-တရုတ်နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နေမှု လန်ချန်း-မဲခေါင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများ၊ လန်ချန်း-မဲခေါင်စီမံကိန်းဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်နေမှုနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်မည့်လုပ်ငန်းများကို ဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီးနှင့် အဖွဲ့ဝင်များသည် ကော့သောင်းမြို့ မဥ္ဇူသကခန်းမ၌ကျင်းပသည့် မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ(၂၀၂၂)ဖြင့် ဆောင်ရွက်သည့် ကံမော်ကြီးကျေးရွာနှင့် ရေငံကြီးကျေးရွာဆိုလာအသေးစားဓာတ်အားပေးစနစ်နှင့် ရေပေးဝေရေးလုပ်ငန်းစီမံကိန်း ပြီးမြောက်အောင်မြင်ခြင်းအခမ်းအနားသို့ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ကံမော်ကြီးကျေးရွာနှင့် ရေငံကြီးကျေးရွာ ဆိုလာအသေးစား ဓာတ်အားပေးစနစ်စီမံကိန်းလုပ်ငန်းနှစ်ခုသည် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ(၂၀၂၂)၊ ပြည်ထောင်စုရန်ပုံငွေ၊ သက်ဆိုင်ရာကုမ္ပဏီ၏ ရင်းနှီးမြှုပ်နှံမှုနှင့် ကျေးရွာပြည်သူထည့်ဝင်ငွေတို့ အချိုးကျပူးပေါင်းထည့်ဝင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး အစိုးရ-ပြည်သူ-ပုဂ္ဂလိက သုံးပွင့်ဆိုင် လက်တွဲညီညီဆောင်ရွက်မှု စံနမူနာပြ စီမံကိန်းတစ်ခုဖြစ်ကြောင်း၊ စီမံကိန်းမှ ဆိုလာအသေးစားဓာတ်အားပေးစနစ်ဖြင့် ရေပေးဝေရေးလုပ်ငန်းများကို ဆောင်ရွက်ထားရှိသည့်အတွက် ကျေးရွာနှစ်ရွာရှိ အိမ်ခြေ ၅၄၀ ခန့် လူဦးရေ ၂၇၀၀ တို့၏ လူမှုရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ ပညာရေးများ တိုးတက်လာမည့် အပြင် အသေးစားစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာစေမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီးက တရုတ်-မြန်မာနှစ်နိုင်ငံ မဲခေါင်-လန်ချန်းစီမံကိန်းပူးပေါင်းဆောင်ရွက်မှုအခြေအနေများကို လည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ်က တနင်္သာရီတိုင်းဒေသကြီးအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များကို လည်းကောင်း၊ Mega Global Green Automation ကုမ္ပဏီမှ မန်နေးဂျင်းဒါရိုက်တာက စီမံကိန်းဆောင်ရွက်ခဲ့မှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းပြောကြားကြပြီး ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီးတို့သည် စီမံကိန်းဆိုင်ရာ မှတ်တမ်းဓာတ်ပုံပြခန်းများကို လှည့်လည်ကြည့်ရှုကြပြီး ပြည်ထောင်စုဝန်ကြီးသည် ကော့သောင်းမြို့နယ်အတွင်းရှိ ကံမော်ကြီး၊ ရေငံကြီး၊ ဘာလိအော်၊ အောင်မြန်မာ၊ ကံပုံ၊ မှာတမ်း စသည့်ကျေးရွာတို့မှ ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို ဆွေးနွေးပြောကြားကာ ဒေသခံတောင်သူများ၏တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ကော့သောင်းမြို့နယ်ရှိ စူယယ်ဘာလှိုင်းကျေးရွာအုပ်စု အောင်သာကျေးရွာ၌ နိုင်ငံတော်မှ ထောက်ပံ့ရန်ပုံငွေ ၆၀ ရာခိုင်နှုန်း၊ ကုမ္ပဏီမှ ၂၀ ရာခိုင်နှုန်း၊ ပြည်သူထည့်ဝင်ငွေ ၂၀ ရာခိုင်နှုန်းတို့ဖြင့် မဟာဓာတ်အားလိုင်းပြင်ပ ဆိုလာအသေးစားဓာတ်အားပေးစနစ် မီးလင်းရေးလုပ်ငန်းကို ၁၂၀ ဒသမ ၆၄ ကီလိုဝပ်၊ ဒီဇယ် ၂၀၀ ကေဗွီအေ စွမ်းအားထပ်မံတိုးမြှင့်တပ်ဆင်ခြင်း အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို ဆွေးနွေးပြောကြားပြီး ဒေသခံတောင်သူများ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**ဆောင်းရာသီတွင် ဖြစ်ပွားလေ့ရှိသော လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများ ကူးစက်ဖြစ်ပွားမှုမှ ကာကွယ်နိုင်ရန် အသိပေးနှိုးဆော်ချက် (၁၃-၁-၂၀၂၅)**

ဆောင်းရာသီကာလတွင် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ ဖြစ်ပွားစေတတ်သော ရာသီတုပ်ကွေးရောဂါပိုးများ၊ ကိုဗစ်-၁၉ ရောဂါပိုး၊ Human metapneumovirus(HMPV) ရောဂါပိုးစသည့် အကုဇီဝရောဂါပိုးများ ကူးစက်ဖြစ်ပွားမှုမြင့်တက်လေ့ရှိပြီး ကလေးငယ်များ၊ အသက်အရွယ်ကြီးရင့်သူများနှင့် ကိုယ်ခံအားစနစ် ကျဆင်းနေသူများတွင် ရောဂါပိုမိုပြင်းထန်စွာ ခံစားရစေနိုင်သည်။

**ရောဂါကူးစက်ပုံနည်းလမ်းများ**

- ရောဂါပိုးကူးစက်ခံစားနေရသူ၏ ချောင်းဆိုးခြင်း၊ နှာချေခြင်းတို့မှထွက်ရှိသည့် အစက်အမှုန်များ(Droplets) မှတစ်ဆင့် ကူးစက်ခြင်း၊
- ရောဂါပိုးကူးစက်ခံစားနေရသူနှင့် အနီးကပ်ထိတွေ့ခြင်း၊ လက်ဆွဲနှုတ်ဆက်ခြင်းမှတစ်ဆင့်ကူးစက်ခြင်း၊
- ရောဂါပိုးကပ်တင်နေသည့် အရာဝတ္ထုပစ္စည်းများ၊ မျက်နှာပြင်များအား လက်ဖြင့်ထိမိပြီး ပါးစပ်၊ နှာခေါင်းနှင့် မျက်စိတို့အား ထပ်ဆင့်ထိမိရာမှ တစ်ဆင့်ကူးစက်ခြင်း။

**ရောဂါလက္ခဏာများ**

- ချောင်းဆိုးခြင်း၊ ဖျားခြင်း၊ နှာစေးနာပိတ်ခြင်း၊ လည်ချောင်းနာခြင်း၊ အသက်ရှုကျပ်ခြင်း၊
- ရောဂါပြင်းထန်ပါက လေပွန်ရောင်ခြင်း၊ အဆုတ်ရောင်ခြင်း။

**ရောဂါကာကွယ်ရေးနည်းလမ်းများ**

- ရောဂါသံသယလက္ခဏာများ ခံစားရပါက ပါးစပ်နှင့်နှာခေါင်းစည်း(Mask)ဝတ်ဆင်ခြင်း၊ ဆပ်ပြာနှင့်ရေ သို့မဟုတ် ရေမလိုလက်သန့်စင်ဆေးရည်ဖြင့် စနစ်တကျလက်ဆေးခြင်း၊ နှာချေ၊ ချောင်းဆိုးပါက နှာခေါင်းနှင့် ပါးစပ်ကို လုံခြုံအောင်ဖုံးအုပ်ခြင်း၊ အခြားသူများနှင့် ခပ်ခွာခွာနေခြင်း။

**လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါဖြစ်ပွားမှု မြင့်တက်လျက်ရှိသော ပြည်ပနိုင်ငံများသို့ သွားရောက်မည့်သူများအနေဖြင့် ရောဂါကူးစက်ခံရမှုမရှိစေရေး သတိပြုကာကွယ်ကြရန်နှင့် မိမိနိုင်ငံသို့ ပြန်လည်ရောက်ရှိပြီးနောက် သံသယလက္ခဏာများ ပေါ်ပေါက်လာပါက နီးစပ်ရာကျန်းမာရေးဌာနများသို့ စောစီးစွာ သွားရောက်ပြသ၍ ကုသမှုခံယူကြရန် ဖြစ်ပါသည်။**

ကျန်းမာရေးဝန်ကြီးဌာန

# ပွင့်ဖြူမြို့ မြို့မစည်ပင်သာယာဈေး၌ မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့်လက်တွေ့မီးငြိမ်းသတ်နည်းသရုပ်ပြ

**ပွင့်ဖြူ ဇန်နဝါရီ ၁၄**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ပူးပေါင်း၍ ပွင့်ဖြူမြို့ မြို့မစည်ပင်သာယာဈေး၌ မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်နည်းသရုပ်ပြခြင်းကို ဇန်နဝါရီလ ၁၃ ရက်က တာဝန်ရှိသူများ ကွင်းဆင်းဆောင်ရွက်ကြသည်။



ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလင်းလင်းအောင်က မြို့မစည်ပင်သာယာဈေး မီးဘေးအန္တရာယ်ကင်းဝေးစေရေး ဆောင်ရွက်ရန်အချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးရဲလင်းနောင်က မီးလောင်မှုဖြစ်ပွားရခြင်း၏အကြောင်းရင်းများနှင့် မီးလောင်လျှင် ဆောင်ရွက်ရမည့်နည်းလမ်းများကို အသိပညာပေးဆွေးနွေးဟောပြောသည်။

ဆက်လက်၍ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ပွင့်ဖြူမြို့ မြို့မဈေးကြီး၌ ဈေးသူဈေးသားများ မီးဘေးအန္တရာယ်တွေ့ကြုံပါက မီးသတ်ဆေးဘူးအသုံးပြု၍ လက်တွေ့မီးငြိမ်းသတ်နည်းများနှင့် မီးငြိမ်းသတ်ယာဉ်အသုံးပြု၍ မီးငြိမ်းသတ်နည်းများကို ဓာတ်တိုက်သရုပ်ပြရာ တက်ရောက်လာသည့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဈေးကော်မတီအဖွဲ့ဝင်များနှင့် ဈေးသူဈေးသားများ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလင်းလင်းအောင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးရဲလင်းနောင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် တာဝန်ရှိသူများက ပွင့်ဖြူမြို့ မြို့မဈေးကြီး၌ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးသတ်ရေကန်များ၊ မီးသတ်ဆေးဘူးများဆောင်ရွက်ထားရှိမှုနှင့် အပေါ့စား မီးငြိမ်းသတ်ရေးပစ္စည်းများ စီစဉ်ဆောင်ရွက်ထားမှုများကို လိုက်လံကြည့်ရှုစစ်ဆေးကြကြောင်း သိရသည်။ **လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

# ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကျောက်ဆည်ခရိုင် (ဗဟို)အဆင့် လူရည်ချွန်စာမေးပွဲကျင်းပ

**ကျောက်ဆည် ဇန်နဝါရီ ၁၄**

လူရည်ချွန် ကျောင်းသား၊ ကျောင်းသူများမွေးထုတ်ပေးနိုင်ရေးအတွက် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ခရိုင်(ဗဟို)အဆင့် လူရည်ချွန်စာမေးပွဲကို ဇန်နဝါရီလ ၁၃ ရက်က ကျောက်ဆည်မြို့နယ်ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

လူရည်ချွန်ရွေးချယ်ရေးဖြေစာမေးပွဲတွင် Grade-9 ကျောင်းသား၊ ကျောင်းသူ ကိုးဦး၊ Grade- 10 ကျောင်းသား၊ ကျောင်းသူ ရှစ်ဦး၊ Grade- 11 ကျောင်းသား၊ ကျောင်းသူ ရှစ်ဦး၊ Grade- 12 ကျောင်းသား၊ ကျောင်းသူ ရှစ်ဦး ဝင်ရောက်ဖြေဆိုခဲ့ပြီး မြန်မာစာဘာသာရပ်၊ အင်္ဂလိပ်စာဘာသာရပ်၊ အထွေထွေဗဟုသုတ ဘာသာရပ်၊ လူတွေ့နှုတ်ဖြေ၊ ကိုယ်ကာယကြံ့ခိုင်မှုနှင့် ယုံကြည်မှုများ စစ်ဆေးခြင်းဖြစ်သည်။

လူရည်ချွန်ကျောင်းသား၊ ကျောင်းသူများရွေးချယ်ရာတွင် တစ်ဦးချင်းစွမ်းဆောင်ရည် သတ်မှတ်ချက်များနှင့်အညီ စနစ်တကျအမှတ်ပေးခြင်း၊ စိစစ်ရွေးချယ်ခြင်းများပြုလုပ်၍ ဗလငါးတန်နှင့်ပြည့်စုံပြီး ဘက်စုံထူးချွန်သည့်လူငယ်များဖြစ်လာစေရေး လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိကြောင်း သိရသည်။ **သက်မောင်(ကျောက်ဆည်)**

# ပြည်သူလူထု၏သယံဇာတအား ပြည်သူလူထုထံသို့ အပိုင်း(၂)

မောင်သုတ(စွမ်းအင်)

၂၀၂၅ ခုနှစ်သည် စွမ်းအင်ဝန်ကြီးဌာန စတင်ဖွဲ့စည်းတည်ထောင်ခဲ့သည့် နှစ်(၄၀) ပြည့် ပတ္တမြားရတုနှစ်တစ်နှစ်ဖြစ်သကဲ့သို့ အနာဂတ်စွမ်းအင်ကဏ္ဍအတွက် သမိုင်းမှတ်တိုင်သစ်စိုက်ထူနိုင်မည့် နှစ်တစ်နှစ်ဖြစ်သောကြောင့် စွမ်းအင်ဝန်ကြီးဌာနအတွက် ထူးခြားသောနှစ်တစ်နှစ်ဖြစ်သည်။

စွမ်းအင်ဝန်ကြီးဌာနသည် နိုင်ငံ၏ စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်းရှိ ကုန်းတွင်းနှင့် ကမ်းလွန်လုပ်ကွက်များမှ ရေနံနှင့်သဘာဝဓာတ်ငွေ့များကို တိုးမြှင့်ရှာဖွေခြင်း၊ ထွက်ရှိလာသည့် ရေနံနှင့်သဘာဝဓာတ်ငွေ့တို့ကို ကုန်ကြမ်းနှင့်လောင်စာအဖြစ်အသုံးပြု၍ နိုင်ငံအတွက် လိုအပ်သည့် ရေနံထွက်ပစ္စည်းများနှင့် ယူရီးယားဓာတ်မြေဩဇာများထုတ်လုပ်ဖြန့်ဖြူးခြင်း၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရေးနှင့် စက်ရုံ အလုပ်ရုံများ၏ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် လိုအပ်သည့်သဘာဝဓာတ်ငွေ့များဖြန့်ဖြူးပေးခြင်း၊ မော်တော်ယာဉ်များအတွက် မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့များဖြန့်ဖြူးရောင်းချပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ပြည်တွင်းစက်သုံးဆီဖူလုံမှုရှိစေရေးနှင့် ပြည်ပမှ စက်သုံးဆီတင်သွင်းနေရမှုကိုလျှော့ချ၍ စက်သုံးဆီလိုအပ်ချက်ကို အပြည့်အဝဖြည့်ဆည်းပေးနိုင်ရေးတို့အတွက် ပြည်တွင်း၌ ရေနံချက်စက်ရုံအသစ်များတည်ဆောက်ခြင်း၊ လက်ရှိရေနံချက်စက်ရုံများကို အဆင့်မြှင့်တင်ခြင်းနှင့် ပြည်ပမှရေနံစိမ်းတင်သွင်း၍ အရည်အသွေးမြှင့် စက်သုံးဆီများကို ပြည်တွင်းတွင်ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းများ ဆောင်ရွက်သွားနိုင်ရေးအတွက် အစီအမံများချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ လက်ရှိတွင် ပြည်တွင်းစက်သုံးဆီသုံးစွဲမှု၏ ၉၇ ရာခိုင်နှုန်းခန့်ကို ပြည်ပမှတင်သွင်းလျက်ရှိပြီး သုံးရာခိုင်နှုန်းခန့်ကိုသာ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းက ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိသည်။

၂၀၂၅ ခုနှစ်တွင်ကျရောက်သည့် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့်လည်းကောင်း၊ နိုင်ငံတော်နှင့် ပြည်သူတို့၏ စွမ်းအင်သယံဇာတကို ပြည်သူလူထုထံသို့ လက်ဝယ်ရောက်ရှိစေရေးအတွက်လည်းကောင်း စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းသို့လွှောင်ဖြန့်ဖြူးရေးဌာနလက်အောက်ရှိ စက်သုံးဆီအရောင်းဆိုင်များအနက် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ အရောင်းဆိုင်အမှတ်(၀၃၅၃)၊ မန္တလေးမြို့ရှိ အရောင်းဆိုင်အမှတ်(၀၆၁၁)နှင့် (၀၆၁၄) တို့တွင် ၄-၁-၂၀၂၅ ရက်မှစ၍ ရေနံဓာတုဗေဒစက်ရုံစု(သံပရာကန်)မှချက်လုပ်ထွက်ရှိသည့်ပြည်တွင်းထုတ်ဓာတ်ဆီကို ဒေသန္တရပေါက်ဈေးထက် သက်သာသောဈေးနှုန်းဖြင့် ပြည်သူလူထုထံတိုက်ရိုက်ရောင်းချဖြန့်ဖြူးပေးလျက်ရှိသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိဟင်းငုတ်ပင်စက်သုံးဆီအရောင်းဆိုင်နှင့်ရှမ်းပြည်နယ်(တောင်ပိုင်း)လွိုင်လင်စက်သုံးဆီ အရောင်းဆိုင်တို့ကိုလည်း




ပြည်တွင်းထုတ်ဓာတ်ဆီအား သုံးစွဲသူပြည်သူများဝယ်ယူနေမှု

ဆက်လက်ဖွင့်လှစ်၍လည်းကောင်း၊ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင်လည်း ပြည်သူလူထုအနေဖြင့် ပြည်တွင်းထုတ်ဓာတ်ဆီကို ဈေးနှုန်းချိုသာစွာတိုက်ရိုက်ဝယ်ယူရရှိနိုင်ရေး စက်သုံးဆီအရောင်းဆိုင်များဖွင့်လှစ်၍လည်းကောင်း ရောင်းချပေးသွားရန် စွမ်းအင်ဝန်ကြီးဌာနက စီစဉ်ဆောင်ရွက်လျက်ရှိသည်။ ပြည်တွင်းထုတ်ဓာတ်ဆီ၏ အောက်တိန်းအမှတ်မှာ RON 68 ဖြစ်သည်။

**အောက်တိန်းအမှတ်(Research Octane Number – RON)၏ အကျိုးသက်ရောက်မှု**

အောက်တိန်းအမှတ်(Research Octane Number – RON)ဆိုသည်မှာ အင်ဂျင်အတွင်း၌ ပေါက်ကွဲလောင်ကျွမ်းမှုဖြစ်ချိန်တွင် ဖြစ်ပေါ်လာသည့် ဖိအားဒဏ်နှင့်အင်ဂျင်ခေါက်ခြင်းတို့ကို ခံနိုင်ရည်ရှိမှုတို့အတွက် သတ်မှတ်ချက်ပင်ဖြစ်သည်။ အောက်တိန်းအမှတ်စမ်းသပ်ခြင်းများမပြုလုပ်မီကာလတွင်ထုတ်လုပ်သော မော်တော်ယာဉ်များ၏အင်ဂျင်များသည် အင်ဂျင်ခေါက်ခြင်းကို ရှောင်ရှားနိုင်ရေးအတွက် အလွန်နိမ့်သော ဖိသိပ်မှုအချိုးဖြင့်လည်ပတ်စေရန် ဒီဇိုင်းထုတ်ထားပြီး ၎င်းတို့၏ စွမ်းဆောင်ရည်ကို ကန့်သတ်ထားရှိသည်။ အောက်တိန်းအမှတ်သည် လောင်စာကိုဖိအားပေးချိန်တွင် အလိုအလျောက်မီးထလောင်မှုခံနိုင်ရည်ပိုမိုမြင့်မားခြင်းနှင့်လည်း တိုက်ရိုက်သက်ဆိုင်မှုရှိကြောင်း တွေ့ရှိရသည်။

မော်တော်ယာဉ်များတွင် ပါရှိသော လက်စွဲစာအုပ်များ၌ အင်ဂျင်ခေါက်နှုန်းကိုကန့်သတ်နိုင်ရန် အသုံးပြုရမည့်ဆီတွင် ပါရှိရမည့် အောက်တိန်းအမှတ် သတ်မှတ်ထားသည်။ အောက်တိန်းအမှတ်မြင့်မားပါက အင်ဂျင်၏လောင်စာဆီလောင်ကျွမ်းမှုနှင့် အငွေ့ပြန်မှုနှုန်းမြင့်မားလာပြီး ဆီစားနှုန်းပမာဏမြင့်တက်စေနိုင်သည်။ အင်ဂျင်အတွက် သတ်မှတ်ထားရှိသည့် အောက်တိန်းအမှတ်ထက်နိမ့်သောဓာတ်ဆီကိုအသုံးပြုပါက မော်တော်ယာဉ်အင်ဂျင်၏သက်တမ်းကို တိုစေနိုင်သကဲ့သို့ အောက်တိန်းအမှတ်ပို၍ မြင့်မားသောဓာတ်ဆီကို ပုံမှန်ဓာတ်ဆီအသုံးပြုရမည့် မော်တော်ယာဉ်၌ ထည့်သွင်းအသုံးပြုမိပါက အပြည့်အဝမီးလောင်မှုမဖြစ်နိုင်ဘဲ ဆီစားနှုန်းပိုမိုဖြစ်ပေါ်စေပြီး မော်တော်ယာဉ်မောင်းနှင်ရာတွင် အခြားသိသာထင်ရှားသည့် စွမ်းဆောင်ရည်များကို ရရှိနိုင်မည်မဟုတ်ပါ။ သို့ဖြစ်၍ မော်တော်ယာဉ်များတွင် သင့်လျော်သည့်ဓာတ်ဆီကို ရွေးချယ်အသုံးပြုတတ်ရန် အလွန်အရေးကြီးသည်။




**ဓာတ်ဆီအင်ဂျင်၏ လုပ်ဆောင်ပုံ**

ဓာတ်ဆီအင်ဂျင်ဆိုသည်မှာ လေနှင့်လောင်စာဖြစ်သော ဓာတ်ဆီအရောအနှောကို အင်ဂျင်၏ပစ္စတင်ထိပ်တွင် ဖိအားပေး၍ ပလတ်မှတစ်ဆင့် မီးတောက်ပြုလုပ်ကာ မီးလောင်မှုကိုအစပျိုးပြီး စွမ်းအင်ထုတ်ယူသော အင်ဂျင်အမျိုးအစားဖြစ်သည်။ လေနှင့်လောင်စာအရောအနှောကို ဖိအားပိုမိုပေး၍ လောင်ကျွမ်းမှုပြုလုပ်လျှင် အင်ဂျင်စွမ်းအင်ပိုမိုရရှိကြောင်းတွေ့ရှိရသည့်အတွက် ဖိအားဖြစ်ပေါ်စေသည့် ဖိသိပ်မှုအချိုးကိုမြှင့်တင်၍ ဓာတ်ဆီအင်ဂျင်များကို ဒီဇိုင်းပြုလုပ်တည်ဆောက်လာခြင်းဖြစ်သည်။

အင်ဂျင်ဒီဇိုင်းများအပေါ် မူတည်၍ ဖိသိပ်မှုအချိုးပြောင်းလဲမှုရှိသည့်အတွက် ထိုအချိုးအပေါ်မူတည်၍ စက်သုံးဆီအမျိုးအစားကို သတ်မှတ်သုံးစွဲကြသည်။ သို့ဖြစ်၍ ဖိသိပ်မှုအချိုးနှင့်ကိုက်ညီသည့် စက်သုံးဆီအမျိုးအစားများကို ရွေးချယ်သုံးစွဲရမည်ဖြစ်သည်။ ဥပမာအားဖြင့် အောက်တိန်းအမှတ်မြင့်မားသောဓာတ်ဆီသည် ဖိသိပ်မှုအချိုးမြင့်မားသော အင်ဂျင်များတွင် မီးခေါက်သံဖြစ်ပေါ်မှုနည်းပါးပြီး အင်ဂျင်စွမ်းဆောင်ရည်ပိုမိုကောင်းမွန်စေပါသည်။

ဓာတ်ဆီအင်ဂျင်များတွင် မီးလောင်ပေါက်ကွဲမှုဖြစ်ပေါ်ချိန်၌ အင်ဂျင်၏ပစ္စတင်သည် သတ်မှတ်နေရာရောက်ချိန် ပလတ်၏ မီးပွားဖြစ်ပေါ်သောနေရာမှ စတင်မီးလောင်ပေါက်ကွဲမှုသာလျှင် အင်ဂျင်၏အသံကောင်းမွန်မှုနှင့်အတူ စွမ်းဆောင်မှုကောင်းမွန်မည်ဖြစ်သည်။ ထိုသို့ဖြစ်စေရန် အင်ဂျင်၏ ဖိသိပ်မှုအချိုးမြင့်လာသည်နှင့်အမျှ ဓာတ်ဆီ၏ RON သတ်မှတ်ချက်မြင့်မားလာရန်လိုအပ်ပါသည်။ ဖိသိပ်မှုအချိုးမြင့်မားသောအင်ဂျင်တွင် RON နိမ့်သော ဓာတ်ဆီများအသုံးပြုပါက ပစ္စတင်သတ်မှတ်နေရာမရောက်မီ အလိုအလျောက် မီးထလောင်မှုဖြစ်ပေါ်ပြီး မီးခေါက်သံ ထွက်ပေါ်လာနိုင်ပါသည်။ အင်ဂျင်တစ်လုံးတွင် ဝန်နှင့်အားမမျှတသည့် အချိန်အခါမျိုးတွင်လည်း အင်ဂျင်မီးခေါက်သံ ထွက်ပေါ်လေ့ရှိသည်။ မီးခေါက်သံထွက်ပေါ်မှုသည် အင်ဂျင်ကိုရုတ်တရက်ဆိုးရွားစွာထိခိုက်ပျက်စီးခြင်းမျိုးမဟုတ်ဘဲ ရေရှည်တွင် အင်ဂျင်သက်တမ်းလျော့ကျစေမည်ဖြစ်သည်။

**ဓာတ်ဆီကို အခြေခံအားဖြင့် အုပ်စုသုံးမျိုး ခွဲခြားသတ်မှတ်**

အောက်တိန်းအမှတ် (RON 90) အောက်ရှိသော ဓာတ်ဆီများကို ပုံမှန်ဓာတ်ဆီအဖြစ်သတ်မှတ်ပြီး မီးစက်များ၊ လယ်ယာသုံးစက်ပစ္စည်းများ၊ မော်တော်ဆိုင်ကယ်များ၊ သုံးဘီးယာဉ်များနှင့်မော်ဒယ်နိမ့်သောကားများတွင် အသုံးပြုနိုင်ကြောင်း တွေ့ရှိရသည်။ ပုံမှန်ဓာတ်ဆီများကို ဖိသိပ်မှုအချိုး ၉ အချိုး ၁ ဝန်းကျင်ရှိ ကာဗရက်တာတပ်ဆင်ထားသောအင်ဂျင်များတွင် အသုံးပြုရန်သင့်လျော်ကြောင်း တွေ့ရှိရသည်။

အောက်တိန်းအမှတ် (RON 91) မှ (RON 93) ဝန်းကျင်ရှိသော ဓာတ်ဆီများကို အဆင့်မြင့်ဓာတ်ဆီများအဖြစ်သတ်မှတ်ပြီး လက်ရှိ မော်ဒယ်မြင့်ကားများတွင် အသုံးပြုလျက်ရှိကြောင်း တွေ့ရှိရသည်။ အဆင့်မြင့်ဓာတ်ဆီများကို ဖိသိပ်မှုအချိုး ၁၀ အချိုး ၁ မှ ၁၁ အချိုး ၁ ဝန်းကျင်


စာမျက်နှာ ၁၂ သို့ ◆

**◆ စာမျက်နှာ ၁၁ မှအဆက်**

ရှိသော EFT အင်ဂျင်များတွင် အသုံးပြုရန် သင့်လျော်ကြောင်းတွေ့ရှိရသည်။

အောက်တိန်းအမှတ်(RON 95)အထက်ရှိသော ဓာတ်ဆီများကို အလွန်အဆင့်မြင့်ဓာတ်ဆီများအဖြစ် သတ်မှတ်ကြပြီး တန်ဖိုးမြင့်ဇိမ်ခံကားအင်ဂျင်များနှင့် ပြိုင်ကားများတွင်အသုံးပြုကြောင်း တွေ့ရှိရသည်။ ၎င်းတို့ကို ဖိသိပ်မှုအချိုး ၁၁ အချိုး ၁ အထက်ရှိသော အထူးပြုအင်ဂျင်များတွင် အသုံးပြုရန်သင့်လျော်ကြောင်း တွေ့ရှိရသည်။

ပုံမှန်ဓာတ်ဆီ၏ မီးတောက်မှု အပူချိန်သည် ၄၅၀ ဒီဂရီဆဲစီးယပ်မှ ၅၅၀ ဒီဂရီဆဲစီးယပ်အတွင်းရှိပြီး အဆင့်မြင့်၏ မီးတောက်မှုအပူချိန်သည် ၄၈၀ ဒီဂရီဆဲစီးယပ်မှ ၇၀၀ ဒီဂရီဆဲစီးယပ်အတွင်းရှိသည့်အတွက် ဖိသိပ်မှုအချိုးနိမ့်သည့် အင်ဂျင်များတွင် အောက်တိန်းအမှတ်မြင့်သော ဓာတ်ဆီများကို အသုံးပြုမည်ဆိုပါက အပြည့်အဝလောင်ကျွမ်းမှုမဖြစ်နိုင်ဘဲ အင်ဂျင်၏စွမ်းဆောင်ရည်မကောင်းခြင်း၊ မီးခိုးထုတ်လွှတ်မှုများခြင်းနှင့် ဆီစားခြင်း စသည်တို့ကိုလည်းဖြစ်ပေါ်စေသည်။




ဖိသိပ်မှုအချိုးနိမ့်သောအင်ဂျင်များတွင် အောက်တိန်းအမှတ်မြင့်မားသော ဓာတ်ဆီများကို ထည့်သွင်းအသုံးပြုခြင်းသည် ကုန်ကျစရိတ်များသည့်အပြင် လေထုညစ်ညမ်းမှုကိုပါဖြစ်ပေါ်စေနိုင်ကြောင်းတွေ့ရှိရသည်။ ထို့ကြောင့် ဖိသိပ်မှုအချိုးနိမ့်သော အင်ဂျင်များတွင် ပုံမှန်ဓာတ်ဆီကိုသာ အသုံးပြုသင့်ပါသည်။

ပြည်တွင်းထုတ်ဓာတ်ဆီကို နှစ်ဘီးတပ်နှင့် သုံးဘီးတပ်ယာဉ်များအပြင် အင်ဂျင်ခေါက်နှုန်းကို သီးသန့်ကန့်သတ်ဖော်ပြထားခြင်းမရှိသော မော်တော်ယာဉ်များ၌ အသုံးပြုမည်ဆိုပါက ပိုမိုသင့်လျော်မည်ဖြစ်သည်၊ လက်တွေ့အသုံးပြုသူများအတွက်လည်း အကျိုးများစွာရှိနေသည်ဖြစ်ရာ စွမ်းအင်ဝန်ကြီးဌာနမှ ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည့် စက်သုံးဆီအရောင်းဆိုင်များတွင် တစ်ပတ်အတွင်း ဝယ်ယူသုံးစွဲသူပမာဏသိသာစွာများပြားလာလျက်ရှိပြီး မော်ဒယ်နိမ့်မော်တော်ယာဉ်များ၊ မီးစက်၊ စက်လှေ စသည့်ယာဉ်ယန္တရားများအတွက်ပါ ရောင်းချပေးရန် တောင်းဆိုမှုများရှိလာသည့်အတွက် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် စံလုပ်ထုံးလုပ်နည်းရေးဆွဲပြီး ဖြန့်ဖြူးသွားနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ယခုဖွင့်လှစ်ရောင်းချလျက်ရှိသည့် စက်သုံးဆီအရောင်းဆိုင်များမှ ပြည်တွင်းထုတ်ဓာတ်ဆီကို ပြည်သူများက ယုံကြည်မှုရှိစွာ ဈေးနှုန်းသက်သက်သာသာဖြင့်ဝယ်ယူ၍ မိမိတို့၏ယာဉ်များအတွက်သုံးစွဲနိုင်သည့် အခွင့်အရေးတစ်ရပ်ကို စွမ်းအင်ဝန်ကြီးဌာနက ကြိုးပမ်းဖော်ဆောင်ခဲ့မှုအပေါ် မုဒိတာပွား၍ တင်ပြလိုက်ရပါသည်။ ။




# သရက်မြို့နယ်လုံးဆိုင်ရာသတ္တဌာနဘုရားကြီး၏ (၁၃၅)ကြိမ်မြောက် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပ

**သရက် ဇန်နဝါရီ ၁၄**

မကွေးတိုင်းဒေသကြီး သရက်မြို့နယ်လုံးဆိုင်ရာသတ္တဌာနဘုရားကြီး၏ (၁၃၅) ကြိမ်မြောက် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနားကို ဇန်နဝါရီလ ၁၃ ရက်တွင် သတ္တဌာနဘုရားကြီးဝင်းအတွင်း၌ ကျင်းပကြောင်းသိရသည်။



အခမ်းအနားတွင် ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်ဝန်ထမ်းများ၊အလှူရှင်မိသားစုများက သတ်မှတ်ထားသည့်လောင်းလှူမည့် နေရာများမှ နေ၍ကြွရောက်လာသည့် သံဃာတော်များနှင့်သာသနာ့အနွယ်ဝင်သီလရှင်များအား ဆွမ်းဆန်တော်နှင့်ဝတ္ထုအလှူငွေများ လောင်းလှူကြပြီး ဆရာတော်သံဃာတော်များအား စာရေးတံမဲများ ဖောက်၍ မဲကျလှူဖွယ်များကို လှူဒါန်းပေးကြောင်း သိရသည်။

**ဇော်ထက်(သရက်)**

# စာဖတ်ရှိန်မြှင့်တင်ရေး ဟောပြောပွဲနှင့် ပြိုင်ပွဲများကျင်းပ

**စဥ့်ကိုင် ဇန်နဝါရီ ၁၄**

မန္တလေးတိုင်းဒေသကြီး စဥ့်ကိုင်မြို့နယ် သင်္ဂတုံကျေးရွာဘဝအလင်းသစ်စာကြည့်တိုက်၌ စာကြည့်တိုက်များရှင်သန်ဖွံ့ဖြိုးရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် ကဗျာရွတ်ပြိုင်ပွဲများကို ဇန်နဝါရီလ ၁၃ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်ဝင်းဝင်းသန်းက မူးယစ်ဆေးဝါး အန္တရာယ်တားဆီးကာကွယ်ရေးနှင့် ပတ်သက်သည့် အကြောင်းအရာများကို အသိပညာပေးဟောပြောသည်။

ထို့နောက်တွင် စာကြည့်တိုက်လက်ထောက်-၃ ဒေါ်နှင်းအိအိခိုင်က ပြိုင်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်များကိုပြောကြားပြီး ပြိုင်ပွဲ စည်းမျဉ်း/စည်းကမ်းများနှင့် အမှတ်ပေးစည်းမျဉ်းများကို ရှင်းလင်းသည်။

ဆက်လက်၍ ပြိုင်ပွဲဝင်ကျောင်းသား၊ ကျောင်းသူများက မိမိတို့ကြိုက်နှစ်သက်ရာ ခေါင်းစဉ်များဖြင့် ကဗျာရွတ်ဆိုပြိုင်ပွဲတွင် အသီးသီးဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ယင်းနောက် ဆုရရှိသော ပြိုင်ပွဲဝင်ကျောင်းသား၊ ကျောင်းသူများအား မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကျောင်းသုံးဗလာစာအုပ်၊ ခဲတံဘူး၊ ရောင်စုံခဲတံနှင့် ဆေးရောင်ခြယ်စာအုပ်များ ပေးအပ်ပြီး တက်ရောက်လာသော ကျောင်းသား၊ ကျောင်းသူများက အသိပညာပေး နံရံကပ်စာစောင်များကို စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုကြကြောင်းသိရသည်။

**ကျော်စွာ (စဥ့်ကိုင်)**



# ကလိန်အောင်မြို့၌ မြေအောက်ရေဖြင့် စိုက်ပျိုးထားသော ကျောက်ဖရုံသီးများ အောင်မြင်ဖြစ်ထွန်း

**ကလိန်အောင် ဇန်နဝါရီ ၁၄**

တနင်္သာရီတိုင်းဒေသကြီး ကလိန်အောင်မြို့၌ ရာသီအလိုက် သစ်သီးဝလံသီးနှံမျိုးစုံ စိုက်ပျိုးလုပ်ကိုင်ကြသည့် တောင်သူများမှာ ယခုအခါ မြေအောက်ရေဖြင့် စိုက်ပျိုးထားသော ကျောက်ဖရုံသီးများ စတင်ခူးဆွတ်ချိန်တွင် အောင်မြင်ဖြစ်ထွန်းပြီး အဆင်ပြေလျက်ရှိကြောင်း တောင်သူများထံမှ သိရသည်။

ကလိန်အောင်မြို့၌ ကျောက်ဖရုံသီးအပင်များကို မြေနုကျွန်းပေါ်များဖြစ်သည့် ကိုင်း၊ ခြံများတွင် မြေအောက်ရေသွင်း၍ နိုဝင်ဘာလပိုင်းမှစတင်ကာ မျိုးစေ့များဝယ်ယူစိုက်ပျိုးကြရကြောင်း၊ အပင်များ အသီးအထွက်နှုန်း ကောင်းမွန်စေရန် သဘာဝမြေဩဇာများကျွေးခြင်း၊ ပိုးသတ်ဆေးများ ဖျန်းပက်ပေးခြင်းဖြင့် ပြုစုပျိုးထောင်ပြီး ရက် ၁၀၀ ကျော်ခန့်မှသာ ဈေးကွက်အတွင်းသို့ ခူးဆွတ်ရောင်းချရကြောင်း ကလိန်အောင်မြို့ရှိ စိုက်ပျိုးတောင်သူတစ်ဦးကပြောသည်။

လက်ရှိ ကျောက်ဖရုံသီး စတင်ခူးဆွတ်ချိန်တွင်ထွက်ရှိသည့် အသီးများကို ထားဝယ်မြို့နှင့်ကံပေါက်ဒေသတို့ရှိအဝယ်ဒိုင်များက ခြံ၊ ကိုင်းများအထိ လာရောက်ဝယ်ယူကြသည်။

ကလိန်အောင်မြို့နှင့် အနီးပတ်ဝန်းကျင်ကျေးရွာများသည် နှစ်ရှည်အပင်ဥယျာဉ်ခြံများ စိုက်ပျိုးလုပ်ကိုင်ကြသကဲ့သို့ ရာသီအလိုက် ထွက်ရှိသည့် ဖူးစားပြောင်း၊ နှမ်း၊ ဘူးသီး၊ ငရုတ်သီး အစရှိသည့် သီးနှံမျိုးစုံတို့ကို မြေအောက်ရေဖြင့် တစ်နှစ်ပတ်လုံး စိုက်ပျိုးကြကြောင်း သိရသည်။ (၄၁၂)

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ပြောင်းရွှေ့ခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများခန့်ထားခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်-

| | အမည်၊ လက်ရှိရာထူး၊ ဌာန | ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (က) | ဦးမင်းဟန်စိုး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘဏ်လုပ်ငန်းစည်းမျဉ်းနှင့်<br>ကြီးကြပ်စစ်ဆေးရေးဌာနကြီး<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ညွှန်ကြားရေးမှူးချုပ်<br>ဥက္ကဋ္ဌရုံး<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် |
| (ခ) | ဒေါ်မေခိုင်ဝင်း<br>ညွှန်ကြားရေးမှူးချုပ်<br>ဥက္ကဋ္ဌရုံး<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ညွှန်ကြားရေးမှူးချုပ်<br>ဘဏ်လုပ်ငန်းစည်းမျဉ်းနှင့်<br>ကြီးကြပ်စစ်ဆေးရေးဌာနကြီး<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် |

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (က) | ဒေါက်တာသန္တာကြည်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>စီမံကိန်းဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း<br>ဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>စီမံကိန်းဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း<br>ဝန်ကြီးဌာန |
| (ခ) | ဒေါက်တာအောင်ကျော်<br>ဒုတိယအမြဲတမ်းအတွင်းဝန်<br>ပြည်ထောင်စုဝန်ကြီးရုံး<br>ပညာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုဝန်ကြီးရုံး<br>ပညာရေးဝန်ကြီးဌာန |

# သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဥပဒေအသိပညာပြန့်ပွားရေး ဆင့်ပွားသင်တန်းအမှတ်စဉ်(၁) ဖွင့်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၄

ဥပဒေအသိပညာပြန့်ပွားရေးဆင့်ပွားသင်တန်းအမှတ်စဉ်(၁) ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၁ နာရီက သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများနှင့်အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက သင်တန်းတွင် ဥပဒေပင်မအရင်းအမြစ်များနှင့်ဥပဒေအခြေခံအကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ဥပဒေမူကြမ်းရေးဆွဲခြင်း၊ ပြင်ဆင်ဥပဒေမူကြမ်းရေးဆွဲခြင်း၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်နှင့်ညွှန်ကြားချက်များ၊ ပေါင်းစပ်ဆောင်ရွက်ရသည့် အထူးဥပဒေများ၊ အပြည်ပြည်ဆိုင်ရာဥပဒေ စသည်ဖြင့်ဘာသာရပ် ၁၉ ခုကို သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း၊ ဥပဒေပညာရပ်များအား သင်ယူခွင့်ရရှိချိန်တွင် သတ်မှတ်ထားသည့်သင်တန်းစည်းကမ်းများအတိုင်း မိမိအတွက်၊ ဌာနအတွက်အကျိုးရှိအောင်သင်ယူလေ့လာကြရန်တိုက်တွန်းလိုကြောင်း ပြောကြားသည်။



ဥပဒေအသိပညာပြန့်ပွားရေးဆင့်ပွားသင်တန်းကို ဇန်နဝါရီလ ၁၃ ရက်မှ ၂၄ ရက်အထိ ရက်သတ္တနှစ်ပတ်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ပြီး သင်တန်းသား၊ သင်တန်းသူ ၂၆ ဦးတက်ရောက်ကြကြောင်း သိရသည်။

(သတင်းစဉ်)

# အာဆီယံ-တရုတ်စင်တာ အထွေထွေအတွင်းရေးမှူးချုပ်နှင့် ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ တွေ့ဆုံပြီး နည်းပညာကဏ္ဍပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး



နေပြည်တော် ဇန်နဝါရီ ၁၄

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇန်နဝါရီလ ၉ ရက် ညနေပိုင်းက ပေကျင်းမြို့ရှိ အာဆီယံ-တရုတ်စင်တာ (ASEAN-China Centre-ACC) သို့ ရောက်ရှိရာ ACC အထွေထွေအတွင်းရေးမှူးချုပ်က အာဆီယံနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ သိပ္ပံနှင့်နည်းပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာတက္ကသိုလ်နှင့် သိပ္ပံများတွင်လက်ရှိဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ACC အထွေထွေအတွင်းရေးမှူးချုပ်နှင့် အဆိုပါစင်တာ၌တွေ့ဆုံပြီး တရုတ်-မြန်မာ နှစ်နိုင်ငံအကြား အကျိုးစီးပွားရရှိစေရေးနှင့် ချစ်ကြည်ရင်းနှီးမှုခိုင်မြဲစေရေး၊ အသက်မွေးဝမ်းကျောင်းပညာကဏ္ဍ၊ AI နှင့် EV နည်းပညာများ ဖွံ့ဖြိုးရေးကဏ္ဍ၊ အပြန်အလှန်ဖလှယ်ရေးကဏ္ဍများတွင် လက်တွေ့ကျသော ပူးပေါင်းဆောင်ရွက်မှုများကို မဟာဗျူဟာမြောက်ဆောင်ရွက်ရေးနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြပြီး အမှတ်တရလက်ဆောင်များကို အပြန်အလှန်လဲလှယ်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ၂၀၂၅ အာရှဖလားအမျိုးသမီးဖူဆယ်ခြေစစ်ပွဲ အုပ်စု(D) ပွဲကြိုသတင်းစာရှင်းလင်းပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၄

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် ၂၀၂၅ အာရှဖလား အမျိုးသမီး ဖူဆယ်ခြေစစ်ပွဲ အုပ်စု (D) ပွဲစဉ်များအတွက် ပွဲကြိုသတင်းစာရှင်းလင်းပွဲကို ဇန်နဝါရီလ ၁၄ ရက်က သုဝဏ္ဏဘောလုံးကွင်းရှိ MFF ဖူဆယ်အားကစားရုံ၌ကျင်းပရာ အိမ်ရှင်မြန်မာ၊ ဗီယက်နမ်၊ တရုတ်တိုင်ပေနှင့် မကာအိုအသင်းတို့မှ နည်းပြချုပ်များတက်ရောက်သည်။

အုပ်စု (D) ပွဲစဉ်များကို ဇန်နဝါရီလ ၁၅ ရက်**(ယနေ့)**တွင် စတင်မည်ဖြစ်ပြီး မွန်းလွဲ ၂ နာရီခွဲတွင် တရုတ်တိုင်ပေအသင်းနှင့် မကာအိုအသင်း၊ ညနေ ၅ နာရီတွင် မြန်မာအသင်းနှင့် ဗီယက်နမ်အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ယင်းခြေစစ်ပွဲကို ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်းရှိ MFF ဖူဆယ်အားကစားရုံ၌ ကျင်းပမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးဖူဆယ်အသင်းနည်းပြချုပ်ဖြစ်သူ ထိုင်းနိုင်ငံသား ဘန်လက်ချာယိုဝန်က "ကျွန်တော်တို့အိမ်ကွင်းပရိသတ်ရှေ့မှာ ရလဒ်ကောင်းတွေရဖို့ ကြိုးစားပါမယ်။ ဒီပွဲအတွက် ကြိုတင်ပြင်ဆင်မှုတွေ အများကြီးလုပ်ထားသလို ပြိုင်ပွဲအတွက်လည်း အသင့်ဖြစ်နေပါပြီ။ အုပ်စုက တက်ဖို့ရည်မှန်းထားတာကြောင့် ပွဲတိုင်းအကောင်းဆုံးကြိုးစားပါမယ်။ အုပ်စုထဲမှာ ဗီယက်နမ်ကတော့ အတောင့်တင်းဆုံးအသင်းပါ။ သူတို့ကို နောက်ဆုံးတွေ့ဆုံမှုမှာ အရေးနိမ့်ထားပေမယ့်အဲ့ဒီပွဲကို ပြန်လည်သုံးသပ်မှုတွေပြုလုပ်ပြီး မနက်ဖြန်အတွက် ပြင်ဆင်ထားပါတယ်။ အနိမ့်ဆုံး သရေ တစ်မှတ် သို့မဟုတ် နိုင်ပွဲတစ်ခုခုရဖို့ တစ်သင်းလုံး ကြိုးစားပါမယ်"ဟု ပြောကြားသည်။

ဗီယက်နမ်ဖူဆယ်အသင်း နည်းပြချုပ် ငုယင်ဒင်ဟန်းက "မြန်မာဖူဆယ်အသင်းတွေက အခုလက်ရှိ နည်းပြတာဝန်ယူနေချိန်မှာ တိုးတက်မှုရှိလာတာတွေ့ရပါတယ်။ အဝေးကွင်းမှာ လာရောက်ကစားရတဲ့ ထုံးစံအတိုင်း ခက်ခဲမှုတွေရှိပါတယ်။ ဒါပေမဲ့လည်း မြန်မာအသင်းနဲ့ အဖွင့်ပွဲအတွက် လေ့ကျင့်ပြင်ဆင်မှုတွေ လုပ်ထားပြီးပါပြီ။ အနိုင်ရမယ်လို့လည်း ယုံကြည်ပါတယ်၊ အုပ်စုတက်ပြီး နောက်ဆုံးပြိုင်ပွဲတွေအဆင့်ကို ရောက်ဖို့ရည်ရွယ်ထားပါတယ်။ အုပ်စုတွင်းပြိုင်ဘက်တွေအားလုံး အသင်းကောင်းတွေဖြစ်လို့ ပွဲစဉ်တွေကခက်ခဲမှာပါ" ဟု ပြောကြားသည်။

တရုတ် တိုင်ပေအသင်းနည်းပြချုပ် ရှဲလီချွန်းက "ဒီပြိုင်ပွဲမတိုင်ခင်မှာ နိုင်ငံတကာပွဲတွေ ကစားထားတာရှိပြီး ကစားသမားတွေအနေနဲ့ အတန်အသင့်ပြိုင်ပွဲအတွေ့အကြုံ ရှိထားပါတယ်။ လုံလောက်တဲ့ လေ့ကျင့်ပြင်ဆင်ချိန်လည်းရှိထားပါတယ်။ အုပ်စုတက်ဖို့ သေသေချာချာ ပြင်ဆင်ထားပြီး တစ်သင်းလုံးယုံကြည်မှုရှိနေပါပြီ။ အသင်းတိုင်းက ခြေစစ်ပွဲအောင်ဖို့ရည်မှန်းပြီး အစွမ်းကုန်ကြိုးစားကြမှာဖြစ်လို့ လွယ်ကူတဲ့ပွဲစဉ်တွေတော့ဖြစ်လာမှာမဟုတ်ပါဘူး။ အခု အုပ်စုပွဲစဉ်တွေက ကစားသမားတွေအတွက် အခွင့်အလမ်းကောင်းတွေပေးနိုင်တဲ့ ပွဲစဉ်တွေပါ။ အသင်းလိုက် ကစားပုံပိုပြီး တိုးတက်လာမှာ သေချာပါတယ်"ဟု ပြောကြားခဲ့သည်။

မကာအိုအသင်းနည်းပြချုပ် ချန်ကာချွန်းက "ဒီပြိုင်ပွဲအတွက် ပြင်ဆင်ချိန် ငါးလနီးပါးရထားလို့ လေ့ကျင့်ချိန်အများကြီးရှိခဲ့ပါတယ်။ ပြည်တွင်းမှာလည်း ခြေစမ်းပွဲတွေ ၁၁ ပွဲလောက် ကစားထားခဲ့ပါတယ်။ အုပ်စုတွင်း ပြိုင်ဘက်တွေက အသင်းကောင်းတွေဖြစ်တဲ့အတွက် ကျွန်တော်တို့ အစွမ်းကုန်ကြိုးစားရမှာပါ။ ကျွန်တော်တို့ မကာအိုမှာ ဖူဆယ်အားကစားကို လူတွေပိုပြီး စိတ်ဝင်စားမှုရှိလာဖို့၊ ကျွန်တော်တို့ ကစားသမားတွေအနေနဲ့ ဒီပြိုင်ပွဲကို ပျော်ရွှင်စွာနဲ့ အားကစားစိတ်ဓာတ်အပြည့်၊ ပြိုင်ပွဲဝင်စိတ်အပြည့်ကစားနိုင်ဖို့က ကျွန်တော်တို့အသင်းရဲ့ ဦးစားပေးရည်မှန်းချက်ပါ" ဟု ပြောကြားခဲ့သည်။

သတင်း-ရဲရင့်လွင်

# မြန်မာစံချိန်စံညွှန်းများသတ်မှတ်ခြင်း

အမျိုးသားစံချိန်စံညွှန်းကောင်စီသည် စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာဥပဒေ ပုဒ်မ ၃၃၊ ပုဒ်မခွဲ(ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပုဒ်မ ၅၊ ပုဒ်မခွဲ(ခ)ပါ လုပ်ငန်းတာဝန်များအရ အောက်ဖော်ပြပါစံချိန်စံညွှန်း(၇၀)ခုအား မြန်မာစံချိန်စံညွှန်းများအဖြစ် သတ်မှတ်ကြောင်း ထုတ်ပြန်ကြေညာလိုက်သည်-

**စဉ် မြန်မာစံချိန်စံညွှန်းများ**

၁။ MMS IEC 60901:1996 + AMD1:1997 + AMD2:2000 + AMD3:2004 + AMD4:2007 + AMD5:2011 + AMD6:2014 လျှပ်ငုတ်အစွပ်တစ်ခုပါ မီးချောင်းများ - စွမ်းဆောင်ရည် သတ်မှတ်ချက်များ

၂။ MMS IEC 61215-1:2021 မြေပြင်ပေါ်ရှိ ဖိုတိုဗို့လ်တစ်မော်ဂျူးများ - ဒီဇိုင်း အရည်အသွေးနှင့် အမျိုးအစား ခွင့်ပြုချက် -အပိုင်း ၁ - စမ်းသပ်မှု လိုအပ်ချက်များ

၃။ MMS IEC 61727:2004 ဖိုတိုဗို့လ်တစ်စနစ်များ- ပစ္စည်းကိရိယာများ၏ ထိတွေ့အသုံးပြုနိုင်သည့် မျက်နှာပြင်ဆိုင်ရာ ထူးခြားသည့် လက္ခဏာများ

၄။ MMS IEC 61730-1:2023 ဖိုတိုဗို့လ်တစ်မော်ဂျူး ဘေးအန္တရာယ်ကင်းရှင်းမှုဆိုင်ရာ အရည်အသွေး ပြည့်မီခြင်း - အပိုင်း ၁ - တည်ဆောက်ခြင်းဆိုင်ရာ လိုအပ်ချက်များ

၅။ MMS IEC 61730-2:2023 ဖိုတိုဗို့လ်တစ်မော်ဂျူး ဘေးအန္တရာယ်ကင်းရှင်းမှုဆိုင်ရာ အရည်အသွေး ပြည့်မီခြင်း - အပိုင်း၂ - စမ်းသပ်ခြင်းဆိုင်ရာ လိုအပ်ချက်များ

၆။ MMS IEC 62124:2004 သီးခြားတည်ရှိသော ဖိုတိုဗို့လ်တစ်စနစ်များ - ဒီဇိုင်းအတည်ပြုခြင်း

၇။ MMS IEC 62368-1:2023 အော်ဒီယို/ ဗီဒီယို၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာဆိုင်ရာ ပစ္စည်းကိရိယာ - အပိုင်း ၁ - အန္တရာယ်ကင်းရှင်းရေးလိုအပ်ချက်များ၊

၈။ MMS IEC 62446-1:2016+AMD1:2018 ဖိုတိုဗို့လ်တစ်စနစ်များ - စမ်းသပ်ခြင်း၊ မှတ်တမ်းတင်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းအတွက်လိုအပ်ချက်များ - အပိုင်း ၁- လျှပ်စစ်ဓာတ်အားကွန်ရက် ချိတ်ဆက်ထားသောစနစ်များ - မှတ်တမ်းတင်ခြင်း၊ မှန်ကန်သောလည်ပတ်မှုကို စစ်ဆေးရန် စမ်းသပ်ခြင်းနှင့်စစ်ဆေးခြင်း

၉။ MMS IEC 62841-2-1:2017 + AMD1:2021 လျှပ်စစ်မော်တာဖြင့် လည်ပတ်သော လက်ကိုင်ကိရိယာများ၊ ယာဉ်ဖြင့်သယ်ဆောင်နိုင်သော စက်ကိရိယာများနှင့် မြက်ခင်းနှင့် ဥယျာဉ်သုံးစက်ပစ္စည်းများ၊ အန္တရာယ်ကင်းရှင်းရေး- အပိုင်း ၂-၁ - လက်ကိုင်လွန်များအတွက် သီးခြားလိုအပ်ချက်များ

၁၀။ MMS IEC 62841-2-3:2020 လျှပ်စစ်မော်တာဖြင့် လည်ပတ်သော လက်ကိုင်ကိရိယာများ၊ ယာဉ်ဖြင့်သယ်ဆောင်နိုင်သော စက်ကိရိယာများနှင့် မြက်ခင်းနှင့် ဥယျာဉ်သုံးစက်ပစ္စည်းများ၊ အန္တရာယ်ကင်းရှင်းရေး- အပိုင်း ၂-၃ - လက်ကိုင်ကျောက်စက်များ၊ အပိုင်းပုံစံအရောင်တင်စက်များနှင့် အပိုင်းပုံစံကော်ဖတ်စားစက်များအတွက်သီးခြားလိုအပ်ချက်များ

၁၁။ MMS IEC 62841-2-4:2014 လျှပ်စစ်မော်တာဖြင့်လည်ပတ်သော လက်ကိုင်ကိရိယာများ၊ ယာဉ်ဖြင့် သယ်ဆောင်နိုင်သော စက်ကိရိယာများနှင့် မြက်ခင်းနှင့် ဥယျာဉ်သုံးစက်ပစ္စည်းများ၊ အန္တရာယ်ကင်းရှင်းရေး- အပိုင်း ၂-၄ - လက်ကိုင် ကော်ဖတ်စားစက်နှင့် အရောင်တင်စက် (အပိုင်းပုံစံမှအပ) များအတွက် သီးခြားလိုအပ်ချက်များ

၁၂။ MMS IEC 62841-2-5:2014 လျှပ်စစ်မော်တာဖြင့်လည်ပတ်သော လက်ကိုင်ကိရိယာများ၊ ယာဉ်ဖြင့် သယ်ဆောင်နိုင်သောစက်ကိရိယာများနှင့် မြက်ခင်းနှင့် ဥယျာဉ်သုံးစက်ပစ္စည်းများ၊ အန္တရာယ်ကင်းရှင်းရေး- အပိုင်း ၂-၅ -လက်ကိုင်လွှဝိုင်းများအတွက် သီးခြားလိုအပ်ချက်များ

၁၃။ MMS IEC 62841-2-11:2015+AMD1:2018 လျှပ်စစ်မော်တာဖြင့်လည်ပတ်သော လက်ကိုင်ကိရိယာများ၊ ယာဉ်ဖြင့်သယ်ဆောင်နိုင်သော စက်ကိရိယာများနှင့် မြက်ခင်းနှင့်ဥယျာဉ်သုံး စက်ပစ္စည်းများ၊ အန္တရာယ်ကင်းရှင်းရေး- အပိုင်း ၂-၁၁ - လက်ကိုင်တွန်းဆွဲဖြတ်လွှများအတွက် သီးခြားလိုအပ်ချက်များ

၁၄။ MMS IEC 62841-2-14:2015 လျှပ်စစ်မော်တာဖြင့်လည်ပတ်သော လက်ကိုင်ကိရိယာများ၊ ယာဉ်ဖြင့် သယ်ဆောင်နိုင်သောစက်ကိရိယာများနှင့် မြက်ခင်းနှင့် ဥယျာဉ်သုံးစက်ပစ္စည်းများ၊ အန္တရာယ်ကင်းရှင်းရေး- အပိုင်း ၂-၁၄ - လက်ကိုင်ရွှေပေါ်များအတွက် သီးခြားလိုအပ်ချက်များ

၁၅။ MMS IEC 62841-2-17:2017 လျှပ်စစ်မော်တာဖြင့်လည်ပတ်သော လက်ကိုင်ကိရိယာများ၊ ယာဉ်ဖြင့် သယ်ဆောင်နိုင်သောစက်ကိရိယာများနှင့် မြက်ခင်းနှင့် ဥယျာဉ်သုံးစက်ပစ္စည်းများ၊ အန္တရာယ်ကင်းရှင်းရေး- အပိုင်း ၂-၁၇ - လက်ကိုင် ပုံဖော်စက်များအတွက် သီးခြားလိုအပ်ချက်များ

၁၆။ MMS IEC 62841-4-2:2017+AMD1:2022 လျှပ်စစ်မော်တာဖြင့်လည်ပတ်သော လက်ကိုင်ကိရိယာများ၊ ယာဉ်ဖြင့်သယ်ဆောင်နိုင်သော စက်ကိရိယာများနှင့် မြက်ခင်းနှင့်ဥယျာဉ်သုံး စက်ပစ္စည်းများ၊ အန္တရာယ်ကင်းရှင်းရေး- အပိုင်း ၄-၂ - ချုံနွယ်မြက်ရိတ်စက်များအတွက် သီးခြားလိုအပ်ချက်များ

၁၇။ MMS CXS 57 : 1981, Amended in 2022 ပြုပြင်ထုတ်လုပ်ထားသော ခရမ်းချဉ်သီးအနှစ် စံချိန်စံညွှန်း

၁၈။ MMS CXS 67 : 1981, Amended in 2019 စပျစ်သီးခြောက် စံချိန်စံညွှန်း

၁၉။ MMS CXS 87 : 1981, Amended in 2022 ချောကလက်နှင့် ချောကလက် ထုတ်ကုန်များ စံချိန်စံညွှန်း

၂၀။ MMS CXS 152 : 1985, Amended in 2021 ဂျုံမှုန့် စံချိန်စံညွှန်း

၂၁။ MMS CXS 192 : 1995, Revision 2019 အစားအသောက်ထပ်ဖြည့်ပစ္စည်းဆိုင်ရာ စံချိန်စံညွှန်း

၂၂။ MMS CXS 207 : 1999, Amended in 2018 နို့မှုန့်နှင့်မလိုင်မှုန့် (ခရင်မ်ပေါင်ဒါ) စံချိန်စံညွှန်း

၂၃။ MMS CXS 212 : 1999, Amended in 2022 သကြားစံချိန်စံညွှန်း

၂၄။ MMS CXS 243 : 2003, Amended in 2022 အချဉ်ဖောက်ထားသောနို့များ စံချိန်စံညွှန်း

၂၅။ MMS CXS 249 : 2006, Amended in 2019 အသင့်စားခေါက်ဆွဲ စံချိန်စံညွှန်း

၂၆။ MMS CXS 251 : 2006 , Amended in 2021 အဆီထုတ်နို့နှင့်ဟင်းရွက်ဆီတို့ ရောစပ်ထားသော အမှုန့် စံချိန်စံညွှန်း

၂၇။ MMS CXS 252 : 2006 , Amended in 2021 ဟင်းရွက်အဆီနှင့်အဆီထုတ်ထားသောနို့ဆီအရောစံချိန်စံညွှန်း

၂၈။ MMS CXS 253 : 2006 , Amended in 2018 သုပ်စားစရာ နို့ထွက်ပစ္စည်းအဆီ စံချိန်စံညွှန်း

၂၉။ MMS CXS 260 : 2007, Amended in 2022 အချဉ်ဖောက်ထားသောအသီးများနှင့်ဟင်းသီးဟင်းရွက်များ စံချိန်စံညွှန်း

၃၀။ MMS CXS 262 : 2006 , Amended in 2019 မိုဇာရယ်လာ (Mozzarella) ဒိန်ခဲ စံချိန်စံညွှန်း

၃၁။ MMS CXS 263 : 1966, Amended in 2019 ချက်ဒါ (Cheddar) ဒိန်ခဲ စံချိန်စံညွှန်း

၃၂။ MMS CXS 265 : 1966, Amended in 2019 အီဒမ် (Edam) ဒိန်ခဲ စံချိန်စံညွှန်း

၃၃။ MMS CXS 266 : 1966, Amended in 2019 ဂေါ်ဒါ (Gouda) ဒိန်ခဲ စံချိန်စံညွှန်း

၃၄။ MMS CXS 279 : 1971 , Amended in 2018 ထောပတ် စံချိန်စံညွှန်း

၃၅။ MMS CXS 280 : 1973, Amended in 2018 နို့အဆီဖြင့် ပြုလုပ်ထားသောထုတ်ကုန်များ စံချိန်စံညွှန်း

၃၆။ MMS CXS 281 : 1971, Amended in 2018 နို့စိမ်း စံချိန်စံညွှန်း

၃၇။ MMS CXS 282 : 1971, Amended in 2018 နို့ဆီ စံချိန်စံညွှန်း

၃၈။ MMS CXS 288 : 1976, Amended in 2018 မလိုင်နှင့် ပြုပြင်ထားသောမလိုင်များ စံချိန်စံညွှန်း

၃၉။ MMS CXS 289 : 1995, Amended in 2018 ဝေးပေါင်ဒါ စံချိန်စံညွှန်း

၄၀။ MMS CXS 296 : 2009 , Amended in 2022 ဂျယ်လီနှင့် ယိုမျိုးစုံ စံချိန်စံညွှန်း

၄၁။ MMS CXS 298R : 2009, Amended in 2023 အချဉ်ဖောက်ထားသော ပဲပုပ်အနှစ် စံချိန်စံညွှန်း

၄၂။ MMS CXS 306 : 2023 ငရုတ်ဆီစံချိန်စံညွှန်း

၄၃။ MMS CXS 321 : 2015, Amended in 2022 ဂျင်ဆင်းဖြင့် ပြုလုပ်ထားသော ထုတ်ကုန်များ စံချိန်စံညွှန်း

၄၄။ MMS CXS 354R : 2023 Bacillus ဘက်တီးရီးယားနှင့်အချဉ်ဖောက်ထားသော ပဲပုပ်ထုတ်ကုန်များ စံချိန်စံညွှန်း

၄၅။ MMS CXS 355R : 2023 ဖက်ထမင်းစံချိန်စံညွှန်း

၄၆။ MMS 45 : 2024 အစားအသောက်သန့်ရှင်းမှုဆိုင်ရာလမ်းညွှန်ချက်

၄၇။ MMS UNECE Regulation 94 : 2013 မော်တော်ယာဉ်ခေါင်းချင်းဆိုင်၍ တိုက်သောဖြစ်ရပ်တွင် ယာဉ်ပေါ်ပါသူများကို ကာကွယ်ခြင်းနှင့်စပ်လျဉ်းသည့် တစ်ပြေးညီပြဋ္ဌာန်းချက်ဆိုင်ရာ စည်းမျဉ်း နံပါတ်-၉၄

၄၈။ MMS UNECE Regulation 95 : 2014 မော်တော်ယာဉ်ဘေးဘက်ခြမ်းအား တိုက်သောဖြစ်ရပ်တွင် ယာဉ်ပေါ်ပါသူများကို ကာကွယ်ခြင်းနှင့်စပ်လျဉ်းသည့် တစ်ပြေးညီ ပြဋ္ဌာန်းချက်ဆိုင်ရာ စည်းမျဉ်း နံပါတ်-၉၅

၄၉။ MMS ASEAN Stan 21 : 2011 ငရုတ်သီးစိမ်း စံချိန်စံညွှန်း

၅၀။ MMS WHO Guideline : 2007 ကောင်းမွန်သော တိုင်းရင်းဆေးဝါးထုတ်လုပ်မှုကျင့်စဉ်အတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ လမ်းညွှန်ချက်များ -အပိုင်း(၁)

၅၁။ MMS 46 : 2024 Myristica fragrans Houtt. ဇာတိပ္ဖိုလ်

၅၂။ MMS 47 : 2024 Swertia purpurascens (D.Don) C.B.Clarke. ပန်းခါး/ရှမ်းဆေးခါး

၅၃။ MMS 48 : 2024 Tinospora cordifolia (Willd.) Miers ex Hook.f. & Thomson. ဆင်တုံးမနွယ်

၅၄။ MMS 49 : 2024 Vitex trifolia L. ကြောင်ပန်း/ကြောင်ပန်းလေး

၅၅။ MMS 50 : 2024 Zingiber officinale Roscoe. ချင်း/ချင်းတက်

၅၆။ MMS 51 : 2024 Allisum sativum L. ကြက်သွန်ဖြူ

၅၇။ MMS 52 : 2024 Alpinia conchigera Griff. ပတဲကောကြီး

၅၈။ MMS 53 : 2024 Cinnamomum tamal (Buch.-Ham) T. Nees & C.H. Eberm.ကရဝေး

၅၉။ MMS 54 : 2024 Senna alexandrina Mill. ပွေးကိုင်း

၆၀။ MMS 55 : 2024 Terminalia citrina (Gaertn). Roxb. ကြစု

၆၁။ MMS ISO 15 : 2017 Rolling bearings များ -Radial bearings များအတွက် အတိုင်းအတာ ကန့်သတ်ချက်များ၊ ယေဘုယျတွဲဖက်မှုအစီအစဉ်

၆၂။ MMS ISO 104 : 2015 Rolling bearings များ - Thrust bearings များအတွက် အတိုင်းအတာ ကန့်သတ်ချက်များ၊ ယေဘုယျ တွဲဖက်မှုအစီအစဉ်

၆၃။ MMS ISO 2858 : 1975 ၁၆ ဘား(bar)ရှိသော End-suction Centrifugal Pumps များအတွက် သတ်မှတ်ချက်၊ nominal duty point နှင့် အတိုင်းအတာများ

၆၄။ MMS ISO 5199 : 2002 Centrifugal Pumps များအတွက် နည်းပညာဆိုင်ရာ အသေးစိတ်ဖော်ပြချက်များ (အတန်းအစား -၂)

၆၅။ MMS ISO 9905 : 1994 Centrifugal Pumps များအတွက် နည်းပညာဆိုင်ရာ အသေးစိတ်ဖော်ပြချက်များ (အတန်းအစား -၁)

၆၆။ MMS MTLAS 56 : 2024 မြန်မာနိုင်ငံတရားဝင်သစ်ဖြစ်ကြောင်း အာမခံသည့်စနစ်

၆၇။ MMS ISO 9328-7 : 2018 ဖိအားဆိုင်ရာအသုံးပြုမှုများအတွက် သံပြားထုတ်ကုန်များ- နည်းပညာဆိုင်ရာပေးပို့မှု အခြေအနေများ - အပိုင်း ၇ - စတိန်းလက်စ်စတီး (အစွန်းခံသံမဏိများ)

၆၈။ MMS ISO 12540 : 2017 အဆောက်အဦများတွင်အသုံးပြုသောမှန် - ဆိုဒါလိုင်း ဆီလီကိတ်ဖြင့် အားဖြည့်ထားသော ဘေးကင်းရန် စီမံထားသည့်မှန်

၆၉။ MMS ISO 12543-2 : 2021 အဆောက်အဦများတွင်အသုံးပြုသောမှန် - လွှာထပ်မှန်နှင့် ဘေးကင်းရန်စီမံထားသည့် လွှာထပ်မှန် - အပိုင်း ၂ - ဘေးကင်းရန်စီမံထားသည့် လွှာထပ်မှန်

၇၀။ MMS ISO 12543-4 : 2021 အဆောက်အဦများတွင်အသုံးပြုသောမှန် - လွှာထပ်မှန်နှင့် ဘေးကင်းရန် စီမံထားသည့် လွှာထပ်မှန် - အပိုင်း ၄ - ခံနိုင်ရည်ရှိမှုအတွက်စမ်းသပ်ခြင်းနည်းလမ်းများ

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်နေသည့်မြို့၊ ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကိုကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကိုအသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။"**

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက်)

# ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်အာမခံအလုပ်သမားများအား လူမှုဖူလုံရေးထောက်ပံ့ကူညီမှု အကျိုးခံစားခွင့်များ ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင် ပေးအပ်






နေပြည်တော် ဇန်နဝါရီ ၁၄

ပဲခူးတိုင်းဒေသကြီးအတွင်းရှိရေဘေးသင့်အာမခံအလုပ်သမားများအား လူမှုဖူလုံရေးထောက်ပံ့ကူညီမှုအကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်း ပေးအပ်ခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် တောင်ငူမြို့ ခပေါင်းခန်းမ၌ ကျင်းပပြုလုပ်သည်။

အခမ်းအနားသို့ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးမျိုးအောင်၊ အလုပ်သမားဝန်ကြီးဌာနမှ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများမှ အလုပ်ရှင်ကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက တိုင်ဖွန်းမုန်တိုင်း(ရာဂီ)၏ အရှိန်ကြောင့် မိုးသည်းထန်စွာ ရွာသွန်းခဲ့သဖြင့် မြန်မာနိုင်ငံအတွင်းရှိ ပြည်ထောင်စုနယ်မြေအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်အချို့တွင် ရေကြီးရေလျှံမှုကြောင့် ပြည်သူအများ အတိဒုက္ခရောက်ခဲ့ရပြီး အလုပ်ရုံ၊ စက်ရုံ၊ အလုပ်ဌာနများ ပိတ်သိမ်းရခြင်း၊ လယ်ယာမြေများ ပျက်စီးဆုံးရှုံးရခြင်းတို့ကြောင့် ဒေသအလိုက် ဆုံးရှုံးမှုများစွာ ဖြစ်ပေါ်ခဲ့ကြောင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်များရှိ လူမှုဖူလုံရေး မြို့နယ်ရုံး ၈၀ တွင် ယနေ့အချိန်အထိ အလုပ်ဌာန ၃၄၉၂၇ ဌာနနှင့် အလုပ်သမား ၁ ဒသမ ၂၇ သန်း အကျုံးဝင်မှတ်ပုံတင်ထားပြီးဖြစ်ကြောင်း၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ပဲခူးတိုင်းဒေသကြီး၌ အလုပ်ဌာန ၂၆၆၉ ဌာန၊ အာမခံအလုပ်သမား ၇၇၇၁၀ ဦး မှတ်ပုံတင်ထားပြီး ၎င်းတို့အနက် အလုပ်ဌာန ၅၆ ဌာနက ရေဘေးသင့်အာမခံအလုပ်သမား ၅၁၉ ဦးအား ငွေကြေးအကျိုးခံစားခွင့် ငွေကျပ် ၃၉ ဒသမ ၁၃ သန်းကို ယနေ့ အခမ်းအနားတွင် ခွင့်ပြုထုတ်ပေးခြင်းဖြစ်ကြောင်း ပြောကြားပြီး တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီး ဦးမျိုးအောင် ထံသို့ အာမခံအလုပ်သမား ၅၁၉ ဦးအတွက် လူမှုဖူလုံရေးထောက်ပံ့ကူညီမှုအကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်းဖြစ်သည့် ငွေကျပ် ၃၉ ဒသမ ၁၃ သန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးက ကျေးဇူးတင်စကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီးသည် တက်ရောက်လာသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အလုပ်သမားဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် အဖွဲ့ရုံးများသို့ လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ (၅၀၀)

# (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကျင်းပရေး ယဉ်ကျေးမှုအဖွဲ့များ ကြိုဆိုနေရာချထားရေးနှင့် ဧည့်ခံကျွေးမွေးရေးဆပ်ကော်မတီဝင်များ ပထမအကြိမ်လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ



နေပြည်တော် ဇန်နဝါရီ ၁၄

၂၀၂၅ ခုနှစ် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကျင်းပရေး ယဉ်ကျေးမှုအဖွဲ့များ ကြိုဆိုနေရာချထားရေးနှင့်ဧည့်ခံကျွေးမွေးရေးဆပ်ကော်မတီဝင်များ ပထမအကြိမ်လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ယဉ်ကျေးမှုအဖွဲ့များ ကြိုဆိုနေရာချထားရေးနှင့် ဧည့်ခံကျွေးမွေးရေးဆပ်ကော်မတီဥက္ကဋ္ဌ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်းက တည်းခိုနေထိုင်ရေး၊ ဧည့်ခံကျွေးမွေးရေး၊ ကျန်းမာရေး၊ ပြန်ကြားရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များတွင် လစ်ဟာမှုများ၊ လွဲချော်မှုများမရှိစေရေးအတွက် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ တည်းခိုနေထိုင်ရေးတွင် တစ်ပြေးညီဖြစ်စေရေး၊ လုံခြုံရေးအဖွဲ့များအတွက် နေရာထိုင်ခင်းများ စနစ်တကျရှိစေရေး၊ စားသောက်ရေးတွင် ကျန်းမာရေးနှင့်အညီ ချက်ပြုတ်ပြင်ဆင် ကျွေးမွေးနိုင်ရေး၊ ရာသီဥတုအခြေအနေအရ လိုအပ်သည့် အိပ်ရာထိုင်ခင်းများ လုံလောက်စွာဖြင့် ပြည့်ပြည့်စုံစုံ ပြင်ဆင်ဆောင်ရွက်ပေးနိုင်ရေးတို့ကို သက်ဆိုင်ရာကဏ္ဍများအလိုက် တာဝန်ရှိသူများက ပူးပေါင်းဆောင်ရွက်ပေးသွားရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသည့် ဆပ်ကော်မတီဝင်များက သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

နေပြည်တော် ဇန်နဝါရီ ၁၄

လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၅ ပေမှ ၈ ပေခန့်ရှိနိုင်ပါသည်။

(မိုး/ဇလ)



တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့်မြစ်ရေယာဉ်(စကု)တို့တွင် လိုက်ပါ၍ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်မည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြု အရာရှိများ၊ သူနာပြုစစ်သည်များနှင့် သူနာပြုရဲမေများကိုတပ်မတော်(ရေ)မှ အရာရှိကြီးများနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများက ပို့ဆောင်နှုတ်ဆက်စဉ်။

တပ်မတော်(ရေ)မှ အရာရှိကြီးများနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများက ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါ တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)၊ တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)တို့တွင် တပ်မတော်မှပါရဂူ ပတ်သက်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး X-Ray ရိုက်ခြင်း၊ Ultrasound ရိုက်ခြင်း၊ ရောဂါဗေဒပါရဂူများဖြင့်ရောဂါရှာဖွေစမ်းသပ်ကုသခြင်း၊ ECG စက်၊ ခါတ်မှန်ရိုက်စက်များဖြင့် ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းနှင့် ခါတ်ခွဲစမ်းသပ် စစ်ဆေးပေးခြင်းများကိုလည်း ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ထို့ပြင် အရေးပေါ်အခြေအနေပေါ်ပေါက်ပါက ဆေးရုံတင်ကုသမှုများဆောင်ရွက်ပေးရန် တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)ပေါ်တို့တွင် လူနာ(၃၀)ဦးအထိလည်းကောင်း၊ တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)ပေါ်တွင် လူနာ(၂၅)ဦးအထိလည်းကောင်း တင်ဆောင်ကုသနိုင်သည့် ခွဲစိတ်ခန်း၊ သားဖွားမီးယပ်ခန်း၊ စမ်းသပ်ခန်းနှင့် အထူးကြပ်မတ်ကုသဆောင်များလည်းပါ ကျေးရွာများရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယခုခရီးစဉ်သည် (၁၉)ကြိမ်မြောက်ဖြစ်ပြီး (၁၈)ကြိမ်မြောက်အထိ ဒေသခံပြည်သူစုစုပေါင်း (၁၇၈၇၃၅) ဦးတို့ကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဆေးရုံရေယာဉ်ပေါ်ရှိသားဖွားခန်း၌ ကိုယ်ဝန်ဆောင်မိခင်(၂၈) ဦးတို့အား အောင်မြင်စွာမွေးဖွားပေးနိုင်ခဲ့သည်။

အလားတူ တပ်မတော်အထူးကုဆေးအဖွဲ့ဝင်များပါဝင်သည့် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)ဖြင့် ၂၀၁၆ ခုနှစ်မှစ၍ မြန်မာ့ပင်လယ်ကမ်းရိုးတန်းဒေသများနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယခုခရီးစဉ်သည် (၁၈)ကြိမ်မြောက်ဖြစ်ပြီး







တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)အား တပ်မတော်(ရေ)မှ အရာရှိကြီးများနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများက ပို့ဆောင်နှုတ်ဆက်စဉ်။

■ **ရှေ့ဖုံးမှအဆက်**

တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ကမ်းရိုးတန်းတစ်လျှောက်မှ မြို့နယ်၊ ကျေးရွာများနှင့် ဧရာဝတီတိုင်းဒေသကြီး၊ ဟိုင်းကြီးကျွန်းမြို့နယ်အတွင်းရှိ ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သည့် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)သည် ယနေ့နေ့လယ်ပိုင်းတွင် ရန်ကုန်မြို့၊ အမှတ်(၂)ရေတပ်ဆိပ်ခံတံတား(သန်လျင်)မှလည်းကောင်း အသီးသီးထွက်ခွာကြရာများ၊ ဆေးမှူးများ၊ သူနာပြုအရာရှိများ၊ သူနာပြုစစ်သည်များနှင့် သူနာပြုရဲမေများ လိုက်ပါသွားကာ ဒေသခံပြည်သူများအား ခွဲစိတ်ကုသမှုရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ကလေးရောဂါ၊ အရိုးရောဂါ၊ မျက်စိရောဂါ၊ နား/ နှာခေါင်း/ လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ရှိကြောင်း သိရှိရသည်။

တပ်မတော်အထူးကုဆေးအဖွဲ့ဝင်များ ပါဝင်သည့် တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ် (ရွှေပုဇွန်)နှင့် မြစ်ရေယာဉ် (စကု)တို့အနေဖြင့် ၂၀၁၃ ခုနှစ်မှစတင်၍ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသနှင့်မြစ်ကြောင်းများတစ်လျှောက် ဆေးကုသရန်ခက်ခဲသော (၁၇)ကြိမ်မြောက်အထိ ဒေသခံပြည်သူစုစုပေါင်း (၁၅၇၀၈၇) ဦးတို့ကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဆေးရုံရေယာဉ်ပေါ်ရှိသားဖွားခန်း၌ ကိုယ်ဝန်ဆောင်မိခင် (၂၁ ) ဦးတို့အား အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

# မြန်မာ့စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ ပြင်ဆင်ရေးဆွဲနိုင်ရေး ညှိနှိုင်းဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၁၄

“မြန်မာ့စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာ (Agriculture Development Strategy-ADS) ပြင်ဆင်ရေးဆွဲနိုင်ရေး ညှိနှိုင်းအစည်းအဝေး” ကို ယမန်နေ့ မွန်းလွဲပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး စုဝေးဆောင်ခန်းမ၌ကျင်းပရာ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်၊ ညွှန်ကြားရေးမှူးချုပ် များ၊ ပါမောက္ခချုပ် များ၊ ADS ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက ကောင်းမွန်သော စီမံအုပ်ချုပ်မှု၊ ကုန်ထုတ်စွမ်းအားနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိမှု စသည့်ရည်မှန်းချက်သုံးရပ်ဖြင့် “မြန်မာ့စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာ (Agriculture Development Strategy-ADS) ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ စီမံကိန်းကိုဆောင်ရွက်ခဲ့မှုကြောင့် စားရေရိက္ခာနှင့် အာဟာရပြည့်ဝဖူလုံရေး၊ ကျေးလက်ဒေသဆင်းရဲမှုလျှော့ချရေး၊ လုပ်ကွက်ငယ်တောင်သူများ၏ ဝင်ငွေတိုးတက်ရေး၊ လယ်ယာသားငါးထုတ်ကုန်များ ယှဉ်ပြိုင်နိုင်စွမ်းအား မြင့်မားရေး၊ တောင်သူများ၏ရပိုင်ခွင့်များရရှိစေခြင်းနှင့် ပိုမိုခိုင်မာစေခြင်းစသည့် အကျိုးကျေးဇူးများရရှိစေမည်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရ၏ မူဝါဒနှင့်လမ်းညွှန်ချက် များ၊ အမျိုးသားမြေအသုံးချမှုကောင်စီ၊ ADS အကောင်အထည်ဖော်ရေးနှင့် ပေါင်းစပ်ညှိနှိုင်းရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များနှင့်အညီ သက်ဆိုင်ရာဦးစီးဌာနများနှင့် တက္ကသိုလ်တို့မှ အဆိုပြုလုပ်ငန်းများအပေါ်အခြေခံ၍ ADS (၂၀၂၅-၂၀၃၀) (မူကြမ်း) ကို ပြင်ဆင်ရေးဆွဲထားခြင်းဖြစ်ကြောင်း၊ ADS ပါ ထပ်ဆင့်ရလဒ်၊ ချက်ချင်းရလဒ်များသည် ယခုလက်ရှိနှင့် နောင်ငါးနှစ်တွင် အမှန်တကယ်ဆောင်ရွက်နိုင်မည့် လုပ်ငန်းများဖြစ်စေရန်၊ ခေတ်စနစ်နှင့်အညီဖြစ်ရန် လိုအပ်ကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ အစည်းအဝေးတက်ရောက်လာကြသူများက ပြင်ဆင်ရေးဆွဲပြီး ADS (၂၀၂၅-၂၀၃၀) (မူကြမ်း) အပေါ် သက်ဆိုင်ရာဌာနတစ်ခုချင်းအလိုက် အသေးစိတ်ဝိုင်းဝန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

## ထူးခြားသည့်ညအပူချိန်များ

၁၄-၁-၂၀၂၅

| | | | | |
|---|---|---|---|---|
| နမ့်စန် (ရှမ်းပြည်နယ်တောင်ပိုင်း) | -၀ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယက် |
| ဟားခါး | ၀ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| လွိုင်လင် | ၃ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| တီးတိန် | ၃ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယက် |
| ဟဲဟိုး | ၄ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယက် |
| ပြင်ဦးလွင် | ၄ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| ပင်လောင်း | ၄ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယက် |
| မိုင်းယန်း | ၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| တောင်ကြီး | ၇ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| ကျိုင်းတုံ | ၇ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယက် |
| ညောင်ရွှေ | ၈ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |

# မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုလုပ်ငန်းအဖွဲ့၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် တတိယအကြိမ် အစည်းအဝေးကျင်းပ



နေပြည်တော် ဇန်နဝါရီ ၁၄

မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့၏ ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ် တတိယအကြိမ်အစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညီလာခံခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသည့် ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ သီလဝါ၊ ကျောက်ဖြူနှင့် ထားဝယ်အထူးစီးပွားရေးဇုန်တို့မှ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌက သီလဝါအထူးစီးပွားရေးဇုန်အတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ်များဝင်ရောက်ခဲ့မှုအခြေအနေ၊ မြန်မာအစိုးရအသိအမှတ်ပြု စုပေါင်းကုမ္ပဏီ (Myanmar Government Designated Entity–GDE) အဖြစ်ဖွဲ့စည်းထားသည့် Kyauk Phyu SEZ Consortium Company Limited နှင့် CITIC Consortium တို့အကြား ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပြီး လုပ်ငန်းများ အောင်မြင်အောင် ဆက်လက်ဆောင်ရွက်ရန်နှင့် ထားဝယ်အထူးစီးပွားရေးဇုန်သည် အရှေ့တောင်အာရှတွင် အရေးပါသည့်ဇုန်တစ်ခုဖြစ်လာနိုင်သည့်အတွက် ဆက်လက်ဆောင်ရွက်ရမည့်ကိစ္စရပ်များကို အရှိန်အဟုန်မပြတ်ဆောင်ရွက်ပြီး ရင်းနှီးတည်ထောင်သူနှင့် ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ရေး၊ နိုင်ငံအတွင်းအထူးစီးပွားရေးဇုန်များဖွံ့ဖြိုးမှုမြန်ဆန်ရေး၊ ရင်းနှီးတည်ထောင်သူနှင့် ရင်းနှီးမြှုပ်နှံသူများအား မြန်မာအထူးစီးပွားရေးဇုန်ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ပေးရေးကိစ္စရပ်များကို ပြောကြားသည်။

ဆက်လက်၍ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ဒုတိယဥက္ကဋ္ဌက သီလဝါအထူးစီးပွားရေးဇုန်သို့ ရင်းနှီးမြှုပ်နှံမှုအသစ် ဝင်ရောက်လာမှုနှင့် ရင်းနှီးမြှုပ်နှံမှုတိုးတက်လာသည့် အခြေအနေ၊ ပို့ကုန်ကဏ္ဍတိုးမြှင့်တင်ပို့နိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေး၊ ကျောက်ဖြူအထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်းစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပူးပေါင်းဆောင်ရွက်မည့် မြန်မာအစိုးရအသိအမှတ်ပြု စုပေါင်းကုမ္ပဏီ (Myanmar Government Designated Entity Consortium–GDE) ၏ အခြေအနေ၊ စီမံကိန်းဧရိယာနှင့် တည်နေရာ ပိုမိုကောင်းမွန်စွာ အကောင်အထည်ဖော်နိုင်ရေး တရုတ်နိုင်ငံ CITIC ဘက်မှ ကျွမ်းကျင်သူများနှင့် ပူးပေါင်းဆောင်ရွက်ရာတွင် ကျောက်ဖြူ အထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီကို အထောက်အကူပြုနိုင်ရန် မြန်မာဘက်မှ ကျွမ်းကျင်သူပညာရှင် ဖွဲ့စည်းထားရှိမှုအခြေအနေနှင့် ကျောက်ဖြူ ရေနက်ဆိပ်ကမ်းစီမံကိန်း အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်သွားရေး၊ ရင်းနှီးတည်ဆောက်သူအသစ်များဖြင့် ဆက်လက်လုပ်ကိုင်နိုင်စေရန်အတွက် ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရေးကိစ္စရပ်များကို ပြောကြားသည်။

ထို့နောက် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုလုပ်ငန်းအဖွဲ့ အတွင်းရေးမှူး မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာထိန်လင်းက ယခင်ကျင်းပခဲ့သည့် ဒုတိယအကြိမ် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ထားရှိမှုများကိုလည်းကောင်း၊ သီလဝါအထူးစီးပွားရေးဇုန်၊ ကျောက်ဖြူအထူးစီးပွားရေးဇုန်နှင့် ထားဝယ်အထူးစီးပွားရေးဇုန်တို့မှ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများက မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့အစည်းအဝေးသို့တင်ပြသည့် အမှာစာများကိုလည်းကောင်း၊ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ဝင်များက ဇုန်တစ်ခုချင်းအလိုက် လုပ်ငန်းဆောင်ရွက်ပေးနေမှု အခြေအနေများကိုလည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌက ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ၂၀၂၅ မျိုးစေ့ပြပွဲတွင် စိုက်ပျိုးပညာပေးနည်းပညာဖြန့်ဝေမှုလုပ်ငန်းများဆောင်ရွက်သွားမည်



နေပြည်တော် ဇန်နဝါရီ ၁၄

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ပျဉ်းမနားမြို့ရှိ စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံကျောင်း၌ ၂၀၂၅ ခုနှစ် မျိုးစေ့ပြပွဲ ကျင်းပရန် ပြင်ဆင်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ မျိုးစေ့ပြပွဲသို့ ဝါစိုက်တောင်သူများ အပါအဝင် နေပြည်တော်ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီး/ပြည်နယ်များမှ စိတ်ပါဝင်စားသူ တောင်သူများ၊ စိုက်ပျိုးရေးလုပ်ငန်းနှင့်ဆက်စပ်လုပ်ငန်းဆောင်ရွက်သူ လုပ်ငန်းရှင်များအားလုံးကို ဖိတ်ကြားပြီး စိုက်ပျိုးပညာပေးလုပ်ငန်းများ၊ နည်းပညာဖြန့်ဝေမှုလုပ်ငန်းများအား ဆောင်ရွက်သွားမည်ဖြစ်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် အစေ့ထုတ်ပြောင်းနှင့် နေကြာသီးနှံများကို နည်းစနစ်ကျ ပုံစံကျစိုက်ပျိုးထားရှိမှု၊ နိုင်ငံခြားဝါမျိုးများဖြစ်သော RAKA 66၊ B31 နှင့် KTK မျိုးသုံးမျိုး၊ ပြည်တွင်းဝါမျိုးများဖြစ်သော ရွှေတောင်(၈)၊ ရွှေတောင်(၁၀) နှင့် ငွေချည် (၁၁) မျိုးသုံးမျိုး စုစုပေါင်း မျိုးခြောက်မျိုး ယှဉ်ပြိုင်စမ်းသပ် စိုက်ပျိုးထားရှိမှုတို့ကို အသေးစိတ်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

မွေးမြူရေးသိပ္ပံကျောင်း၌ ယှဉ်ပြိုင်စမ်းသပ်စိုက်ပျိုးထားသော ဝါမျိုးများသည် ရေရှိပါက ရာသီမရွေးစိုက်ပျိုးဖြစ်ထွန်းမှုအထွက်နှုန်းကောင်းမွန်သည့်အတွက် ဝါတစ်သီးသာ စိုက်ပျိုးသည့်အချို့ဒေသများတွင် ရေရရှိရေးဆောင်ရွက်ပေးခြင်းဖြင့် သီးထပ်စိုက်ပျိုးနိုင်ရန်ရည်ရွယ်၍ ယခုကဲ့သို့ စိုက်ပျိုးပြသခြင်းဖြစ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံကျောင်းသား၊ ကျောင်းသူများ၏ မွေးမြူရေးဘာသာရပ်အတွက် သင်ကြားမှုအထောက်အကူပြု ဆိတ်၊ နွားနှင့် ဒေသကြက်မွေးမြူရေးခြံများ၊ လက်တွေ့လေ့ကျင့်စိုက်ပျိုးထားသော ဟင်းသီးဟင်းရွက်စိုက်ခင်းများနှင့် သုတေသနပြုစမ်းသပ်စိုက်ခင်းများကိုကြည့်ရှုစစ်ဆေးပြီး စိုက်ပျိုးထွက်ရှိသော ဟင်းသီးဟင်းရွက်အသီးအနှံများကို ကျောင်းသား၊ ကျောင်းသူများ၏ စားရိပ်သာနှင့် ဝန်ထမ်းများအတွက် သက်သာသော ဈေးနှုန်းဖြင့် ပိုမိုရောင်းချပေးနိုင်ရေးကို တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဇေယျာသီရိမြို့နယ်၌ စက်မှုလယ်ယာစနစ်ကျလယ်မြေ ၂၆၀ ဒသမ ၇၀ ဧကဖော်ထုတ်ခြင်းစီမံကိန်းကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား စီမံကိန်းလုပ်ငန်းများ သတ်မှတ်ကာလ ပြီးစီးရေးနှင့် ရာသီချိန်မီစိုက်ပျိုးနိုင်ရေးတို့ကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

# လျှပ်စစ်သုံးမော်တော်ယာဉ်များ တင်သွင်းရောက်ရှိ



နေပြည်တော် ဇန်နဝါရီ ၁၄

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Amazing Auto Co., Ltd. မှတင်သွင်းလာသော တရုတ်နိုင်ငံထုတ် DAYUN YUEHU S1 (VIP EDITION) အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Qingdao CRRC Sifang Rolling Stock Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် DONGFENG NISSAN ARIYA အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် UV Automotive Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် HONGQI EQM5 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိလာပါသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၁၄˚C | / | ၃၀˚C |
| ရန်ကုန် | ၁၆˚C | / | ၃၀˚C |
| မန္တလေး | ၁၇˚C | / | ၂၉˚C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအားနှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Chairman of the State Administration Council Prime Minister of the Republic of the Union of Myanmar Senior General Thadoe Maha Thray Sithu Thadoe Thiri Thudhamma Min Aung Hlaing sends a message to the ceremony to mark the 73rd Anniversary of Kayah State Day

## (15 January 2025)

**Esteemed ethnic national brethren in Kayah State,**

Today, 15 January 2025, is Kayah State Day, filled with auspiciousness for the national brethren and the Kayah ethnic people in Kayah State. On this significant occasion, which coincides with the New Year festivities, I extend my heartfelt wishes for good health, peace of mind, and prosperity to all Kayah ethnic people and all citizens of the Union.

Kayinni State, which was included as a state under the Constitution 1947, was officially rechristened Kayah State through public consensus under the Constitutional Amendment Act in 1951. This change became effective on 15 January 1952. The date of this renaming was designated as **"Kayah State Day."**

Kayah State is a region of stunning natural beauty, featuring mountains, forests, water bodies, and an abundance of natural resources both above- and underground. It is also enriched with a vibrant cultural heritage. The temperate climate, coupled with the warmth, friendliness, and honesty of the local ethnic communities, are among the state's most charming attributes. Furthermore, the collaborative efforts of the local ethnic populations for the benefit of the state have enabled it to develop and establish a strong foundation. Building on this foundation, it is crucial for the ethnic communities within Kayah State to work together with the national government to achieve lasting peace, stability, and sustainable development. This collective effort is essential to ensure that future generations can continue to enjoy the fruits of durable peace.

Our country has been a sovereign nation with its own unique culture, literature, and language for many centuries, where all ethnic brethren lived together harmoniously and unitedly in various regions of the country through thick and thin. However, this unified and strong nation was unjustly invaded by the British colonialists through three aggressive wars starting in 1824, subjecting the country to servitude under their rule.

Subsequently, the territorial expansions were governed by laws that were distinct for each mountainous area, and for over a hundred years, colonialists administered with a clear intention of division. In ruling the country, they also carried out actions that further emphasized the differences and distinctions.

On 4 January 1948, after regaining independence, it was observed that the influence of political parties and their power struggles intensified. On 28 March 1948, the Communist Party of Burma, instead of resolving political differences through peaceful means, chose the armed struggle line as a strategy. This marked the beginning of armed conflicts across the country, preventing the nation from experiencing the full benefits of independence. Similarly, due to the territorial disputes and the division of power, some ethnic groups also pursued armed struggle lines through various ideologies, which led to the country remaining in a state of instability and unrest, a situation that persists to present day.

Myanmar has experienced armed conflicts alongside its independence, and it has been over 76 years since these conflicts began. It is important to examine the reasons behind these ongoing armed struggles. Understanding the historical context allows us to recognize the shortcomings of past periods and will contribute to a better future. Political differences were not addressed through political means but rather through the armed struggle line, leading to internal armed conflicts. We must be aware that the lack of stability and peace continues to persist.

The current instability and terror acts occurring within the country are the result of individuals claiming to be promoting democracy, but instead, they have resorted to electoral fraud to unlawfully seize state power. Rather than resolving issues through lawful democratic methods, they have chosen armed terrorism approaches. Some foreign countries, which claim to be defending democracy, are also supporting and encouraging armed terror attacks that are directly or indirectly against the democratic system. It should be noted carefully that these actions aim to manipulate their countries to establish control and delay the people's desire for a multi-party democratic system, ultimately supporting dictatorship disguised as democracy.

The government must continue to implement a genuine and disciplined multi-party democratic system, which reflects the will of the people. In order to implement this, necessary preparations are being made to hold free and fair general elections that allow for true representation of the people's will. It is emphasized that these elections will be conducted impartially and equitably. The government is committed to working solely for the benefit of the nation and the ethnic people, striving to ensure the stability, peace, and prosperity of the country, and to provide sufficient resources for the people. The government will continue to collaborate with the ethnic people to achieve these goals.

In accordance with the will of the ethnic people, it is necessary for the government, Tatmadaw, all civil servants, all civil society organizations, and the entire population to unite and work together to build a Union based on democracy and a federal system.

The key factor in reaching our goal is the unity and solidarity of all our ethnic groups, as well as the stability and peace of the nation. In the current situation, we will witness the harmful effects of foreign countries' interference, the actions of certain organizations that prioritize their own interests over the nation's and people's welfare, and false information that undermines the country's stability. Due to the persuasion and terror acts committed by terrorist organizations such as the NUG, CRPH, and PDF, there will be misunderstandings and a disintegration of unity among the public in some regions, leading to ongoing unrest.

Recently, towns and villages, including Loikaw in Kayah State were damaged due to terror attacks by KNDF groups and PDF terrorists. Armed terrorists living within the state have destroyed their own region. For the development and peaceful stability of any region, it is essential that the people living there contribute. The responsibility to protect the development and stability of the region lies with the local population, and they must prevent actions that would undermine the region's peace and stability. The participation of ethnic communities in terror attacks reflects a lack of national unity, immature political thinking, and betrayal of their own region and people.

Therefore, it is requested that all citizens work together to curb the terror actions of local armed groups that are undermining regional stability, peace, and the security of the local people. These groups have taken refuge in homes in towns and villages, using civilians as shields and carrying out attacks with impunity. If the public remains vigilant and cautious, efforts to dismantle these armed groups can be carried out more swiftly and effectively.

The key requirement for the development and progress of the nation and the establishment of a democratic State is the complete education and correct thinking of all the people. The people must manage and protect the interests of the nation and public with knowledge. The government must work to ensure that the people are well-educated, and that young people with abundant human resources emerge. The education sector is being enhanced to support this goal, and I encourage ethnic people to actively participate. Efforts should be made to reopen closed schools, assist students who are unable to attend school due to various reasons to return to school, and ensure that every child of school age is able to attend school. Only then can young people be fully empowered and contribute to the well-being of the region, the nation, and the people.

See Page - 19►►

►► From Page - 18

**Esteemed ethnic national brethren in Kayah State,**

For a state to emerge as more peaceful, prosperous, and developed, the spirit and strength of all the national brethren living within the state are crucial. Just as the strength of a nation comes from within the nation itself, the strength of a state also derives from the combined power of all its national brethren.

For the long-term stability and sustainability of the Union, with the duty of three key responsibilities at the forefront, may we protect and safeguard the nation and its people with the spirit of ethnic solidarity, unity, and the Union spirit among the ethnic people. Let us nurture and cultivate the younger generation, the future of the country, to become valuable human resources. The ethnic people of Kayah State should also participate in the reconstruction process with correct ideas and concepts, working together in unity. I send this message to show my hope that the entire Kayah State will remain peaceful and prosperous, with all ethnic groups experiencing progress and improvements in their social and economic lives.

**Senior General Thadoe Maha Thray Sithu**
**Thadoe Thiri Thudhamma Min Aung Hlaing**
**Prime Minister**
**Chairman, State Administration Council**

# Kengphawng Hot Spring draws crowds during cold season

KENGTUNG January 14

Kengphawng Hot Spring, also known as Myashweyi Hot Spring in Kengtung Township, Shan State (East), has become a popular destination this cold season. Nestled near Kengphawng Creek along the Kengtung-Taunggyi Road, the natural hot spring resort offers an idyllic retreat.

Officials and locals have arranged convenient bathing facilities, while residents serve delicious local food at the resort. Visitors delight in boiling eggs and corn in the hot spring, and enjoying their culinary creations on the lush grass nearby.

**SK**

# More than 16,000 acres of monsoon paddy reaped in Tamu District

TAMU January 14

Tamu District Department of Agriculture stated that a total of 16,015 acres of monsoon paddy has been planted in Tamu District of Sagaing Region this year.

Local farmers planted 48,716 acres of monsoon paddy in growing monsoon crops in the district this year. They started harvest of monsoon paddy in October this year. So far, they have reaped 16,015 acres of monsoon paddy, yielding 78.91 baskets per acre.

U Hla Myint, Head of Tamu District Department of Agriculture stated: "Local farmers have planted more than 48,000 acres of monsoon paddy in the district. Now, they have harvested more than 16,000 acres of paddy. Our department provided necessary agricultural techniques for local farmers and helped them grow monsoon in time."

This year, Myothit Township has harvested 4,510 acres of monsoon paddy, Tamu Township 4,940 acres and Khampak 6,565 acres, totalling 16,015 acres.

This year, officials of relevant Departments of Agriculture cooperated with local farmers in systematic growing of monsoon paddy without difficulties.

Moreover, agricultural officials raise farmer awareness to prevent pest, minimize loss and waste of crops and keep harvested crops under shelters in time.



Staff members of relevant township Departments of Agriculture join hands with local farmers in selection of quality strains of crops, prevention of pests, weeding the farmlands, removal of different strains of crops and systematic use of fertilizers.

**SK**

# More than 1,400 acres of winter sesame grown in Mawlaik District

MAWLAIK January 14

Statistics of Mawlaik District Department of Agriculture mentioned that local farmers have so far planted 1,406 acres of winter sesame in Mawlaik District of Sagaing Region.

The district earmarked 1,511 acres of winter sesame but farmers have grown 915 acres of winter sesame in Mawlaik Township and 491 acres in Phaungpyin Township, totalling 1,406 acres.

Daw Kywe Kywe Hlaing, Head of Mawlaik District Department of Agriculture explained: "Farmers have planted 1,406 acres of winter sesame against the target of 1,511 acres. They are trying to meet the target cultivation. Sown acreage of sesame is on the rise yearly. Local farmers prefer to grow sesame in winter rather than monsoon."

In 2024-2025 cold season, Mawlaik Township earmarked 953 acres of winter sesame and Phaungpyin Township 558 acres, totalling 1,511 acres.

Agricultural officials helped local farmers expand sown acreage of sesame and use GAP system for production of quality high yield crops.

The crops produced in GAP system can fetch good prices and market shares at home and abroad.

So, the farmers applying GAP system in their agricultural tasks can have improved socio-economic life.

**SMK**

# More than 97,000 acres of monsoon paddy harvested in Myaungmya Township

MYAUNGMYA January 14

A total of 97,542 acres of monsoon paddy has been harvested in Myaungmya Township of Ayeyawady Region, said Daw Khin Htay Myint, Head of Myaungmya District Agriculture Department.

Local authorities earmarked cultivation of 165,738 acres of monsoon paddy this year but local farmers have so far harvested 97,542 acres of paddy against the target cultivation.

Daw Khin Htay Myint said: "Local farmers have harvested 97,542 acres of monsoon paddy against the target of 165,738 acres. Our department helped local farmers meet the target cultivation."

Paddy yields 98.13 baskets per acre. Local farmers cultivated Theehtetyin, Thai Baygya, GW-1, GW-11 and other paddy strains.

**SK**

# Qatar says Gaza ceasefire talks in "final stages"



Qatar says Gaza ceasefire talks in "final stages".

DOHA January 14

Qatar's Foreign Ministry Spokesperson Majed Al Ansari confirmed on Tuesday that the ongoing high-level Gaza ceasefire talks in Doha have reached an advanced stage.

"I can confirm that the talks are happening at a high level here in Doha as we speak. We believe we are at a developed stage, possibly even the final stage. However, until there is an official announcement, we should temper our excitement. Nonetheless, we remain hopeful," the spokesperson said at a weekly media briefing.

He emphasized that the implementation of the ceasefire will take place "immediately" once a deal is reached. "We do not have a specific time frame, but efforts are ongoing to finalize the agreement," he added.

"Qatar reiterates its position that Gaza must be governed by Gazans. We are open to all viable options that ensure a suitable and sustainable solution for Palestinians," he noted.

Israel's state-owned Kan TV reported that the draft agreement under discussion outlines a three-stage plan. The first stage includes a 42-day ceasefire during which 33 hostages -- women, children, elderly individuals, and those with health conditions -- would be released. The Israeli military would with draw from densely populated areas, allowing displaced Gazans to return to their homes in northern Gaza. Additionally, Israeli forces would vacate the Philadelphi Corridor along the Egyptian border and the Netzarim Corridor separating Gaza's north and south. **Xinhua**

# Bomb threat on domestic flight in India's Mumbai turns out to be hoax

NEW DELHI January 14

A bomb threat on a domestic flight in India's financial capital Mumbai turned out to be a hoax, officials said Tuesday.


Officials said the flight from Goa to Mumbai belonging to private airline IndiGo was taken to the isolation bay immediately on Monday night after a note was found onboard the plane with the message about the purported bomb threat.

Local media reports quoting officials said an emergency was declared at the Mumbai airport at around 10:30 p.m. (local time) on Monday after the information about the bomb threat.

"After landing at the Mumbai airport, the aircraft operating the flight 6E 5101 was taken to an isolation bay and all passengers safely disembarked," an airline spokesperson in a statement to local media on Tuesday said. "All standard operating procedures were followed and the aircraft was positioned back to the terminal post clearance from relevant authorities."

The emergency was later withdrawn after one hour.It as not known how many passengers were on the flight. **Xinhua**

# Eye tests could help predict stroke risk



Eye tests could help predict stroke risk.

SYDNEY January 14

An Australian research has found that routine eye tests can accurately predict a person's risk of stroke.

The research, which was published on Tuesday by the Centre for Eye Research Australia (CERA) in Melbourne, identified a blood vessel "fingerprint" at the back of the eye that can be used to predict a person's stroke risk as accurately as traditional risk factors, but without the need for invasive tests.

The research found that the fingerprint consists of 118 indicators of vascular health and can be analyzed from fundus photography, a common tool used in routine eye tests.

The team used a machine learning tool called the Retina-based Microvascular Health Assessment System (RMHAS) to analyze fundus photos of the eyes of 45,161 people in the UK with an average age of 55.

During an average monitor-ing period of 12.5 years, 749 participants had a stroke.

The researchers identified 29 of the 118 indicators as being significantly associated with first time stroke risk.

Of the 29, 17 of the indicators were related to vascular density, the percentage of a region of tissue that is occupied by blood vessels. Low density in the retina and brain is associated with an increased risk of stroke.

According to the study, each change in density indicators was associated with an increased stroke risk of 10-19 percent.

Decreases in twistedness and complexity indicators were found to increase stroke risk by 10.5-19.5 percent.

"Given that age and sex are readily available, and retinal parameters can be obtained through routine fundus photography, this model presents a practical and easily implementable approach for incident stroke risk assessment, particularly for primary healthcare and low-resource settings," the authors wrote.

Stroke affects over 100 million people worldwide and causes approximately 6.7 million deaths globally every year, the study said, making early identification of individuals at-risk critical to reduce stroke-related disability and mortality.

**Xinhua**

# Chinese scientists develop research platform for "artificial sun"

HEFEI January 14

A linear plasma generator has reached the design specifications, making China the second country in the world, after the Netherlands, to develop such a high-flux plasma generator, the Hefei Institutes of Physical Science under the Chinese Academy of Sciences announced Tuesday.

This cutting-edge device provides a vital tool for developing key materials for the "artificial sun," a fusion facility designed to harness clean and sustainable energy.

The device, named Superconducting Plasma Wall Interaction Linear Device (SWORD), features a streamlined design inspired by Chixiao, a legendary sword from ancient China.

It measures 15.5 meters in length and weighs approximately 22.5 tonnes. It is capable of generating an extraordinary $10^{2}$, particles per square meter per second and can operate continuously for over 24 hours.

An expert panel led by Ye Minyou, a professor at the University of Science and Technology of China, evaluated SWORD's performance on Tuesday, concluding that the device has met the design specifications.

This enables rigorous testing of plasma-facing materials critical for fusion devices, which aim to replicate the sun's nuclear fusion process using abundant substances from seawater to generate clean energy.

Since the mid-20th century, scientists have been dedicated to the study of experimental devices for controlled nuclear fusion. These large scientific devices, known as "artificial suns," have nuclear fusion reaction mechanisms similar to those found in the sun.

**Xinhua**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Future Leaders Unite: Essential Skills for Tomorrow's Change-Makers

In our fast-paced world, strong, visionary leaders are more crucial than ever. These future leaders will drive change, inspire others, and shape a better tomorrow. So, what skills do these change-makers need to thrive in an increasingly complex landscape? Let's dive in and explore!

**Embracing Technological Advances**

First off, technology is a game-changer. Leaders today must adapt to rapid technological shifts and harness these advancements to propel progress. Think about how AI is revolutionizing industries or how digital communication tools are bridging global teams. Staying ahead of the curve is key. A study by McKinsey & Company found that 70 percent of senior executives consider innovation to be one of their top three drivers for growth in the next few years. By leveraging these tools, future leaders can boost their effectiveness and make a greater impact.

Imagine a leader like Satya Nadella, CEO of Microsoft, who transformed the company by embracing cloud technology and AI. His forward-thinking approach showcases how technological literacy and adaptability can drive a company's success.

**Cultivating Cultural Awareness**

Globalization has made our world more interconnected than ever. Future leaders must develop a keen sense of cultural awareness. Understanding global perspectives, respecting cultural differences, and building inclusive teams are essential. A study by Harvard Business Review found that companies with higher diversity levels had 19 percent higher innovation revenues. Embracing diversity not only drives innovation but also creates a richer, more dynamic environment.

Consider how Howard Schultz, former CEO of Starbucks, prioritized cultural competence by creating an inclusive workplace and expanding globally. His leadership demonstrates the value of cultural awareness in fostering innovation and growth.

**Essential Leadership Skills**

To truly make a difference, aspiring leaders need a toolkit of essential skills:

Emotional Intelligence (EI): Understanding and managing your own emotions while recognizing and influencing the emotions of others. Research by Talent Smart shows that 90 percent of top performers have high emotional intelligence. Cultivate self-awareness, empathy, and effective communication to boost your EI.

Critical Thinking and Problem-Solving: Analyzing complex situations and developing innovative solutions are crucial. The World Economic Forum's Future of Jobs Report lists critical thinking and problem-solving as top skills for the future. Encourage curiosity and continuous learning within your team to foster these abilities.

Communication and Collaboration: Clear, concise, and persuasive communication is vital. According to a LinkedIn survey, 94 percent of professionals believe communication is the most important skill for leadership. Building strong teamwork and collaboration skills ensures everyone feels empowered to contribute.

Adaptability and Resilience: In a world of constant change, being adaptable and resilient is key. Research from the American Psychological Association shows that resilience can significantly reduce stress and improve well-being. Cultivate a growth mindset and practice self-care to enhance your resilience.

Ethical Leadership and Integrity: Prioritize ethics and integrity in all your decisions. A study by the Ethics Resource Center found that 81percent of employees who work in a strong ethical culture report higher satisfaction. Leading with integrity fosters a positive culture and inspires loyalty.

**Developing These Skills**

Developing these skills is a journey that involves education, mentorship, and real-world experience:

Education and Training: Engage in leadership courses and workshops to gain valuable knowledge. Commit to continuous learning and professional development to stay relevant and effective.




Mentorship and Networking: Seek guidance from mentors who can offer support and insights. A study by the Association for Talent Development found that 75 percent of executives believe mentorship played a key role in their career success. Build a strong professional network to exchange ideas and learn from others.

Practical Experience: Gain hands-on experience through internships, volunteer work, and real-world practice. According to the National Association of Colleges and Employers, 81percent of employers look for leadership skills on a candidate's resume. Taking on leadership roles, even in small capacities, helps build confidence and refine your skills.

**The Role of Future Leaders**

Future leaders are the pioneers of change and innovation. Encourage creative thinking, embrace new technologies, and challenge the status quo. By fostering a culture of innovation, you can inspire your team to develop groundbreaking solutions. Research from the Boston Consulting Group shows that companies with a culture of innovation are more likely to be leaders in their industries.

Sustainability is another critical area where future leaders can make a lasting impact. Prioritize environmental stewardship, social responsibility, and economic viability in your decision-making processes. According to the United Nations, sustainable development is essential for long-term economic growth. As a leader, you have the power to create sustainable communities that thrive and endure.

**Conclusion**

In summary, the future of leadership lies in developing essential skills like emotional intelligence, critical thinking, effective communication, adaptability, and ethical integrity. Embrace continuous learning, seek mentorship, and gain practical experience to navigate the complexities of our modern world. By doing so, you can drive innovation, build sustainable communities, and shape a brighter future for all.

Future leaders, unite! Equip yourselves with these skills and become the change-makers our world needs. Together, we can create a better tomorrow.

In the words of leadership expert John C. Maxwell, "A leader is one who knows the way, goes the way, and shows the way." Let us embrace this journey with enthusiasm and determination, ready to lead and inspire others towards a brighter future. The call to action is clear: develop your leadership skills, embrace change, and make a lasting impact on the world. Together, we can achieve greatness and create a future where everyone can thrive.

**Youth Time Magazine**

# ဥရောပသမဂ္ဂက တရုတ်၏ယုံကြည်အားထားနိုင်သည့် လုပ်ဖော်ကိုင်ဖက်အဖွဲ့အစည်းဖြစ်မည်ဟု မျှော်လင့်ကြောင်း ရှီကျင့်ဖျင်ပြော



ပေကျင်း၊ စီးပွားရေး

ဥရောပသမဂ္ဂအဖွဲ့သည် တရုတ်နိုင်ငံ၏ ပူးပေါင်းဆောင်ရွက်မှုတွင် ယုံကြည်အားထားနိုင်သည့် လုပ်ဖော်ကိုင်ဖက်အဖွဲ့အစည်းတစ်ရပ်ဖြစ်မည်ဟု မျှော်လင့်ကြောင်း တရုတ်သမ္မတ ရှီကျင့်ဖျင်က ဇန်နဝါရီလ ၁၄ ရက်တွင် ပြောကြားလိုက်သည်။

တရုတ်နိုင်ငံနှင့် ဥရောပသမဂ္ဂအဖွဲ့တို့ အနေဖြင့် တစ်ဦးအပေါ်တစ်ဦး လေးစားပြီး တန်းတူညီမျှဆက်ဆံ၍ စစ်မှန်သောတွေ့ဆုံဆွေးနွေးမှုများ လုပ်ဆောင်နေသရွေ့ နှစ်နိုင်ငံစလုံးကြားတွင် ပူးပေါင်းဆောင်ရွက်မှုကိုတိုးမြှင့်နိုင်မည်ဖြစ်ပြီး အပြန်အလှန်အကျိုးကျေးဇူးများကိုပါ ဖြစ်ထွန်းစေမည်ဖြစ်ကြောင်း သမ္မတရှီက ဥရောပကောင်စီဥက္ကဋ္ဌ အန်တိုနီယို ကော့စတာနှင့် တယ်လီဖုန်းမှတစ်ဆင့် ပြောကြားစဉ် ထည့်သွင်းပြောဆိုခြင်းဖြစ်သည်။


ထို့ပြင် တရုတ်နိုင်ငံနှင့် ဥရောပသမဂ္ဂတို့ အနေဖြင့် မဟာဗျူဟာမြောက်ဆက်သွယ်ရေးနှင့် အပြန်အလှန်ယုံကြည်မှုတို့ကို တိုးမြှင့်ရန်လုပ်ဆောင်သင့်ကြောင်း သမ္မတရှီက ဆက်လက်ပြောကြားခဲ့ကြောင်း နိုင်ငံပိုင် CCTV သတင်းအေဂျင်စီက ထုတ်ပြန်သည်။

ဥရောပသမဂ္ဂအဖွဲ့က တရုတ်နိုင်ငံမှ တင်သွင်းလာမည့် လျှပ်စစ်ကားများအပေါ် အခွန်တိုးမြှင့်ကောက်ခံရန်စီစဉ်မှုကြောင့် နှစ်ဦးနှစ်ဖက်ကြား တင်းမာနေစဉ် ခေါင်းဆောင်နှစ်ဦးကြား အဆိုပါဖုန်းပြောဆိုမှုထွက်ပေါ်လာခြင်းဖြစ်ကြောင်းသိရသည်။

Ref: ST

# ၂၀၂၄ ခုနှစ်အတွင်း စီးပွားရေးအရ ကြီးမားသည့်ဆုံးရှုံးမှုများကိုဖြစ်ပေါ်စေခဲ့သည့် ရာသီဥတုပြောင်းလဲမှု

**နိုင်အောင်**



ရာသီဥတုဖောက်ပြန်မှုကြောင့် ကမ္ဘာတစ်ဝန်းတွင် ရာသီဥတုအခြေအနေများ ပိုမိုဆိုးရွားလာရာ ၂၀၂၄ ခုနှစ်တွင် သဘာဝဘေးအန္တရာယ်များကြောင့်ဖြစ်ပေါ်ခဲ့သည့် အလုံးစုံဆုံးရှုံးမှုတန်ဖိုးမှာ ဒေါ်လာ ၃၂၀ ဘီလီယံ အထိမြင့်တက်လာခဲ့ကြောင်း ဂျာမနီအခြေစိုက် အာမခံကုမ္ပဏီကြီးတစ်ခုဖြစ်သည့် Munich Re က ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်းက ထုတ်ပြန်ခဲ့သည့် အစီရင်ခံစာတစ်စောင်တွင် ဖော်ပြသည်။

သဘာဝကပ်ဘေးများအနက် လူအသေအပျောက်များသော အပူပိုင်းဆိုင်ကလုန်းမုန်တိုင်းများ၊ ရေကြီးမှု၊ ရေလွှမ်းမိုးမှုများနှင့် ငလျင်လှုပ်ခတ်မှုများအပါအဝင် ထိုသို့သော သဘာဝဘေးအန္တရာယ်များမှ အာမခံထားသည့် ဆုံးရှုံးမှုတန်ဖိုးစုစုပေါင်းမှာ ဒေါ်လာ ၁၄၀ ဘီလီယံဖြစ်ပြီး ကျန်ပမာဏမှာ အာမခံမထားသည့် ဆုံးရှုံးမှုများဖြစ်သည်။ ၎င်းပမာဏသည် ၁၉၈၀ ပြည့်နှစ် နောက်ပိုင်း သဘာဝဘေးကြောင့် ဆုံးရှုံးမှုတတိယအများဆုံးနှစ် ဖြစ်လာကြောင်း Munich Re က ၎င်း၏နှစ်ပတ်လည် သဘာဝကပ်ဘေးအစီရင်ခံစာတွင် ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

သဘာဝဘေးအန္တရာယ်များကြောင့် လွန်ခဲ့သည့် ၂၀၁၄ မှ ၂၀၂၃ ခုနှစ် ဆယ်စုနှစ်တစ်ခုအတွင်း နှစ်စဉ် ပျမ်းမျှသေဆုံးသူ ၁၇၅၀၀ နှင့်နှိုင်းယှဉ်ပါက ၂၀၂၄ ခုနှစ်တွင် သဘာဝဘေးအန္တရာယ်များကြောင့် လူပေါင်း ၁၁၀၀၀ ခန့် သေဆုံးခဲ့ရသည်။ ထို့ပြင် လူသားတို့နေထိုင်သည့် လက်ရှိကမ္ဘာကြီး၏ ရာသီဥတုပြောင်းလဲမှုသည် ပိုမိုဆိုးရွားလာနိုင်သည့်အဆင့်သို့ ပြောင်းလဲလာလျက်ရှိကြောင်း Munich Re မှ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ သိပ္ပံပညာရှင်တစ်ဦးဖြစ်သူ တိုးဘီးယက်ဂရင်းက ပြောသည်။

အာရှဒေသတစ်ခုတည်းမှာပင် ပြီးခဲ့သည့်နှစ်အတွင်းက ဖြစ်ပွားခဲ့သည့် သဘာဝကပ်ဘေးများကြောင့် လူထောင်ကျော်သေဆုံးခဲ့ရပြီး ပျက်စီးဆုံးရှုံးမှုများကြောင့် ခန့်မှန်းခြေအားဖြင့် ဒေါ်လာ ၂၉ ဘီလီယံခန့်ရှိသည်။ ထို့ပြင် တရုတ်နိုင်ငံတွင် ဖြစ်ပွားသည့် ရေကြီးမှုများကြောင့် လူပေါင်း ၇၇ ဦးသေဆုံးပြီး အလုံးစုံပျက်စီးဆုံးရှုံးမှုပမာဏမှာလည်း ဒေါ်လာ ၁၂ ဘီလီယံရှိသည်။

အမေရိကန်ပြည်သူအများစုသည် ဟာရီကိန်းဟယ်လန်နှင့် မီလ်တန်တို့ကို ယခုအချိန်အထိ အမှတ်ရနေမည်ဖြစ်သည်။

၎င်းမုန်တိုင်းများသည် အမေရိကန်ပြည်ထောင်စုအတွင်း လူသေဆုံးမှုများကို ဖြစ်ပေါ်စေရုံသာမက စီးပွားရေးအရလည်းအကြီးအကျယ်ထိခိုက်စေခဲ့သည်။ ၂၀၂၄ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စုအတွင်းသို့ အဆိုပါမုန်တိုင်းများ ဝင်ရောက်တိုက်ခတ်မှုကြောင့် စီးပွားရေးအရ ဒေါ်လာ ၉၄ ဘီလီယံဆုံးရှုံးခဲ့ရသည်။

ဟာရီကိန်းမုန်တိုင်း ဟယ်လန်သည် အမေရိကန်ပြည်ထောင်စုကိုသာမက မက္ကဆီကို၊ ကျူးဘားနှင့်ဟွန်းဒူးရပ်နိုင်ငံများသို့လည်း ဝင်ရောက်တိုက်ခတ်ခဲ့သည်။ ထို့ပြင် အမေရိကန်၏ အိမ်နီးချင်းဖြစ်သည့် မက္ကဆီကိုနိုင်ငံသည် ဟာရီကိန်းမုန်တိုင်း မီလ်တန်၏ တိုက်ခတ်မှုဒဏ်ကိုပါ ဆက်လက်ကြုံတွေ့ခဲ့ရသည်။

ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာသည့် သဘာဝဘေးအန္တရာယ်များကို စပိန်ကဲ့သို့သော ငွေကြေးကြွယ်ဝချမ်းသာသည့် ဥရောပနိုင်ငံများကလည်း ရှောင်လွှဲနိုင်ခြင်းမရှိခဲ့ပေ။ ယင်းနိုင်ငံတွင် ၂၀၂၄ ခုနှစ် အောက်တိုဘာလအတွင်းဖြစ်ပွားခဲ့သည့် ရေကြီးရေလျှံမှုများကြောင့် ဒေါ်လာ ၁၁ ဘီလီယံခန့် ပျက်စီးဆုံးရှုံးခဲ့ရသည်။ လူသေဆုံးမှုမှာ ၂၀၀ ကျော်ရှိသည်။

ထို့ကြောင့် ငွေကြေးချမ်းသာကြွယ်ဝသော နိုင်ငံကြီးများသည် ရာသီဥတုပြောင်းလဲမှုကိုလျှော့ချရာတွင် အထောက်အပံ့ပိုမိုပေးကြရန် ကုလသမဂ္ဂနှင့်သက်ဆိုင်ရာအဖွဲ့အစည်းများက တိုက်တွန်းနေခြင်းဖြစ်သည်။

ယခုလက်ရှိကမ္ဘာကြီးတွင် ဖြစ်ပွားနေသည့် ရာသီဥတုပြောင်းလဲမှုသည် အဓိကအားဖြင့် ရုပ်ကြွင်းလောင်စာများလောင်ကျွမ်းမှုမှ ထွက်ပေါ်လာသည့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ ထုတ်လွှတ်မှုကြောင့်ဖြစ်သည်ဟု နိုင်ငံတကာသိပ္ပံပညာရပ်ဆိုင်ရာ ညှိနှိုင်းစေ့စပ်ရေးအဖွဲ့ကြီးဖြစ်သည့် WWA က ထုတ်ပြန်ခဲ့သည်။

ရာသီဥတုပြောင်းလဲမှုကြောင့် ဟာရီကိန်းမုန်တိုင်း ဟယ်လန်တိုက်ခတ်မှုအတွင်း မိုးရေချိန်ကို ၁၀ ရာခိုင်နှုန်းအထိ မြင့်တက်လာစေခဲ့သည့်အပြင် မုန်တိုင်း၏ လေတိုက်ခတ်မှုနှုန်းကိုလည်း ၁၁ ရာခိုင်နှုန်းအထိမြင့်တက်၊ ပြင်းထန်လာစေခဲ့ကြောင်း WWA ကပြောသည်။

ထို့ပြင် စပိန်နိုင်ငံတွင် ဖြစ်ပွားခဲ့သည့် ရေကြီးရေလျှံမှုများအတွင်း ရာသီဥတုပြောင်းလဲလာမှုကြောင့် မိုးရွာသွန်းမှုနှုန်းကို ၁၂ ရာခိုင်နှုန်းအထိ ပိုမိုပြင်းထန်စွာရွာသွန်းစေခဲ့ကြောင်း ၎င်းအဖွဲ့ကဆက်လက်ထောက်ပြထားသည်။

သဘာဝဘေးအန္တရာယ်များကြောင့် ငွေကြေးဆုံးရှုံးမှုများဖြစ်ပေါ်လာနိုင်သည့် အလားအလာများကိုလည်း WWA အဖွဲ့က မီးမောင်းထိုးပြထားပြီး ရေကြီးမှုများနှင့် တောမီးလောင်ကျွမ်းမှုများ စသည့်သဘာဝဘေးများနှင့် ကြုံတွေ့နိုင်သည့် နိုင်ငံများ၊ အထူးသဖြင့် ငွေကြေးခနအင်အားနည်းပါးသည့်နိုင်ငံများအတွက် ဖြစ်ပေါ်လာနိုင်သည့်ဆုံးရှုံးမှုများကိုလည်း သတိပေးထားခဲ့သည်။

ရာသီဥတုပြောင်းလဲမှုကို လျှော့ချနိုင်ရေးအတွက် အမေရိကန်ပြည်ထောင်စု၊ နယူးယောက်ပြည်နယ်အစိုးရက ရာသီဥတုပြောင်းလဲမှုလျှော့ချရေးဥပဒေတစ်ရပ်ကို ပြဋ္ဌာန်းခဲ့သည်။ အဆိုပါဥပဒေကို ပြည်နယ်အုပ်ချုပ်ရေးမှူး ကက်သီဟိုချူက ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၂၆ ရက်တွင် လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။

ရာသီဥတုပြောင်းလဲမှုကို ဖြစ်ပေါ်စေသည့် အကြောင်းရင်းများစွာအနက် တစ်ချက်မှာ ရုပ်ကြွင်းလောင်စာကုမ္ပဏီများကြောင့်ဖြစ်သည်။ ထို့ကြောင့် ယင်းကုမ္ပဏီကြီးများမှ လေထုအတွင်းသို့ ထုတ်လွှတ်သည့် ဖန်လုံအိမ်ဓာတ်ငွေ့ပမာဏအပေါ် မူတည်၍ပြည်နယ်အစိုးရက ဒဏ်ငွေချမှတ်မည်ဖြစ်ပြီး ယင်းငွေကြေးများကို ၂၀၂၈ ခုနှစ်တွင် တည်ထောင်မည့် ရာသီဥတုပြောင်းလဲမှု လျှော့ချရေးရန်ပုံငွေအတွင်းသို့ ထည့်သွင်းမည်ဖြစ်သည်။


နယူးယောက်ပြည်နယ်အစိုးရ၏ ရာသီဥတုပြောင်းလဲမှုလျှော့ချရေးဥပဒေအရ ပြည်နယ်အတွင်းရှိ တန်ချိန်ပေါင်း ဘီလီယံနှင့်ချီသည့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ထုတ်လွှတ်သည်ဟု နယူးယောက်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနကယူဆသည့် မည်သည့်ကုမ္ပဏီမျိုးမဆိုအကျုံးဝင်မည်ဖြစ်သည်။

အမေရိကန်ပြည်ထောင်စုရှိ အဓိကရေနံကုမ္ပဏီကြီးများသည် ၂၀၂၁ ခုနှစ် ဇန်နဝါရီလမှစ၍ အကျိုးအမြတ်အဖြစ် ဒေါ်လာ တစ်ထရီလီယံကျော်အထိ ဝင်ငွေရရှိနေပြီး ၎င်းကုမ္ပဏီကြီးများ၏ ရုပ်ကြွင်းလောင်စာထုတ်ယူမှုနှင့် လောင်ကျွမ်းမှုကြောင့် ၁၉၇၀ ပြည့်နှစ်များမှစ၍ ရာသီဥတုပြောင်းလဲမှုအပေါ် များစွာသက်ရောက်စေခဲ့သည်ဟု နယူးယောက်ပြည်နယ်မှ အထက်လွှတ်တော် အမတ်တစ်ဦးဖြစ်သူ လစ်ဇ်ခရူးဂါးကပြောသည်။

ယခုအခါ ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာသည့် အကျိုးဆက်များကို ကမ္ဘာ့နိုင်ငံအများအပြားက ရင်ဆိုင်ကြုံတွေ့လာရပြီဖြစ်သည်။ အချို့အင်အားကြီးနိုင်ငံများက ရာသီဥတုပြောင်းလဲမှုကို လျှော့ချနိုင်ရေးအတွက် သိသိသာသာလုပ်ဆောင်လျက်ရှိသော်လည်း သဘာဝကပ်ဘေးများနှင့် ရင်ဆိုင်ရသည့် နိုင်ငံများအား ဘဏ္ဍာရေးအရ ထောက်ပံ့မှုများပေးအပ်ရာတွင် နိုင်ငံရေးအရ သဘောထားကွဲလွဲမှုများ ဆက်လက်ရှိနေဆဲဖြစ်သည်။

ထို့ကြောင့် လူသေဆုံးမှုများပြီး စီးပွားရေးအရ ဆုံးရှုံးမှုကြီးမားစွာဖြစ်ပွားစေသည့် သဘာဝဘေးအန္တရာယ်များကို လျှော့ချနိုင်ရန်အတွက် ကမ္ဘာပေါ်ရှိ နိုင်ငံများကစုပေါင်း၍ ကြိုးပမ်းလုပ်ဆောင်ကြရန် ကမ္ဘာ့အဖွဲ့အစည်းများကတိုက်တွန်းနေခြင်းဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# ကွန်ပျူတာ Chip များအား ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသို့ တင်ပို့မှုကန့်သတ်ခြင်းအပေါ် စိုးရိမ်မိဟု ဥရောပကော်မရှင်ပြော



ဘရပ်ဆဲ၊ ကုန်သွယ်ရေး

အမေရိကန်ပြည်ထောင်စုက AI အဆင့်မြင့်နည်းပညာသုံးကွန်ပျူတာ Chip များအား ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသို့ တင်ပို့ခြင်းအား ကန့်သတ်သည့်လုပ်ဆောင်ချက်နှင့်စပ်လျဉ်း၍ စိုးရိမ်မကင်းဖြစ်မိကြောင်း ဥရောပကော်မရှင်မှတာဝန်ရှိသူများကပြောသည်။

အမေရိကန်အစိုးရသည် ၎င်းတို့၏ AI Chip များအား သတ်မှတ်ထားသည့် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများနှင့်ယင်းနိုင်ငံများ၏ကုမ္ပဏီများထံသို့သာ တင်ပို့မည့် ကန့်သတ်ချက်ကို ဇန်နဝါရီလ ၁၃ ရက်တွင် ချမှတ်လိုက်ပြီး ယင်းသို့သောကန့်သတ်ချက်များကြောင့် ဥရောပသမဂ္ဂအနေဖြင့် စိုးရိမ်မိကြောင်း ဥရောပကော်မရှင်မှ ဒုတိယ အမှုဆောင်ဥက္ကဋ္ဌ ဟန်းနားဗာ့ကူနင်နှင့် ကော်မရှင်နာ မားကိုစ် ဆက်ဖ်ကိုဗစ်တို့က ပူးတွဲထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။

အမေရိကန်အစိုးရသည် နည်းပညာထုတ်လုပ်ရာတွင်အသုံးပြုသည့်ကွန်ပျူတာ Chip များအား အထူးသဖြင့်တရုတ်နိုင်ငံသို့ တင်ပို့ခြင်းကို ကန့်သတ်ရန်လုပ်ဆောင်ခဲ့ခြင်းဖြစ်ပြီး ယင်းလုပ်ဆောင်ချက်သည် ကမ္ဘာ့ကွန်ပျူတာ Chip ဈေးကွက်အပေါ် သို့ပါ သက်ရောက်စေခဲ့သည်။

အမေရိကန်အစိုးရက ယခုချမှတ်လိုက်သည့် ကန့်သတ်ချက်များသည် တစ်နှစ်အတွင်း အသက်ဝင်လာမည်ဖြစ်ပြီး အမေရိကန်ကအတည်ပြုထားသည့် လုံခြုံရေးဆိုင်ရာ စံချိန်စံညွှန်းများနှင့် ကိုက်ညီသည့်နိုင်ငံများသို့သာ ကွန်ပျူတာ Chip တင်ပို့မှု ကင်းလွတ်ခွင့်ပြုမည်ဖြစ်ကြောင်းသိရသည်။ **Ref: CD, IT**

# ကာကွယ်ရေးစီမံကိန်းတွင် တာဝန်ထမ်းဆောင်နေသည့်ဝန်ထမ်းများအား ဓာတုပစ္စည်းများနှင့်တိုက်ခိုက်ရန်ကြံစည်မှုကို ရုရှားတားဆီးနိုင်ခဲ့



မော်စကို၊ အကြမ်းဖက်မှုတိုက်ဖျက်ရေး

ရုရှားနိုင်ငံ ယာရိုဆလပ်ဒေသရှိ ကာကွယ်ရေးစီမံကိန်းတစ်ခုတွင် တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများအား အဆိပ်အတောက်ဖြစ်စေသည့် ဓာတုဗေဒပစ္စည်းများနှင့်တိုက်ခိုက်ရန် ကြံစည်မှုတစ်ရပ်ကို ရုရှားပြည်ထောင်စုလုံခြုံရေးအဖွဲ့ကတားဆီးနိုင်ခဲ့ကြောင်း ရုရှားမီဒီယာတစ်ခုတွင် ဇန်နဝါရီလ ၁၄ ရက်က ဖော်ပြသည်။

အကြမ်းဖက်သမားများသည် ယူကရိန်းအထူးထောက်လှမ်းရေးအဖွဲ့ဝင်များဖြစ်ပြီး ၎င်းတို့အနေဖြင့် ယူကရိန်းနယ်မြေအတွင်းမှနေ၍ ပြည်ပနိုင်ငံများ၏အင်တာနက်သတင်းတိုပေးပို့မှု အပလီကေးရှင်းများကိုအသုံးပြု၍ စီစဉ်ခဲ့ခြင်းဖြစ်ကြောင်း ရုရှားပြည်ထောင်စု လုံခြုံရေးအဖွဲ့က ဆက်ပြောသည်။ သို့သော် အသေးစိတ်ကို ဖော်ပြထားခြင်းမရှိပေ။

အဆိုပါ အကြမ်းဖက်တိုက်ခိုက်မှုကို ရုရှားနိုင်ငံသားတစ်ဦးကစီစဉ်ခဲ့ခြင်းဖြစ်ပြီး ၎င်းအား ရုရှားအာဏာပိုင်များကထိန်းသိမ်းထားကြောင်းသိရသည်။

အကြမ်းဖက်တိုက်ခိုက်ရာတွင် အသုံးပြုမည့် ဓာတုအဆိပ်အတောက်များသည် လူသားများ၏အသက်ရှူလမ်းကြောင်းကို လောင်ကျွမ်းစေနိုင်သောကြောင့် အသက်အန္တရာယ်ရှိကြောင်း၊ ယင်းအဆိပ်အတောက်များကို ကာကွယ်ရေးစီမံကိန်း၏ ဝန်ထမ်းများကားရပ်နားရာနေရာအတွင်းသို့ ပက်ဖျန်းရန်စီစဉ်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ **Ref: SN**

# ကလေးသူငယ်များ၏လုံခြုံရေးကို အကာအကွယ်ပေးနိုင်ရေးအတွက် လူမှုမီဒီယာ အသုံးပြုနိုင်သည့် အနည်းဆုံးအသက်အရွယ်အားသတ်မှတ်ရန် အင်ဒိုနီးရှားစီစဉ်

ဂျကာတာ၊ လုံခြုံရေး

အင်ဒိုနီးရှားနိုင်ငံသည် ကလေးသူငယ်များ၏လုံခြုံရေးကို အကာအကွယ်ပေးနိုင်ရေးရည်ရွယ်သည့်အနေဖြင့် လူမှုမီဒီယာများအသုံးပြုနိုင်သည့် အနည်းဆုံးအသက်အရွယ်အား သတ်မှတ်ရန်စီစဉ်လျက်ရှိကြောင်း ဆက်သွယ်ရေးဝန်ကြီးမူတယာ ဟာဖစ်ကပြောသည်။

အဆိုပါအစီအစဉ်သည် အင်ဒိုနီးရှားသမ္မတ ပရာဘိုဝို ဆူဗြန်တိုနှင့်ဆက်သွယ်ရေးဝန်ကြီး ဟာဖစ်တို့ကြား တွေ့ဆုံဆွေးနွေးပြီးနောက် ထွက်ပေါ်လာခြင်းဖြစ်သည်။ သို့သော် အင်ဒိုနီးရှားနိုင်ငံတွင် လူမှုမီဒီယာအသုံးပြုနိုင်သည့် အနည်းဆုံးအသက်အရွယ်ကိုမူ ဟာဖစ်က ထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိသေးကြောင်း သိရသည်။

လူဦးရေ သန်း ၂၈၀ ခန့်ရှိသည့် အင်ဒိုနီးရှားနိုင်ငံရှိ အင်တာနက်ထိုးဖောက်အသုံးပြုနိုင်မှုပမာဏသည် ၂၀၂၄ ခုနှစ်တွင် စုစုပေါင်းလူဦးရေ၏ ၇၉ ဒသမ ၅ ရာခိုင်နှုန်းအထိမြင့်တက်လာသည်။ ၎င်းတို့အနက် အသက် ၁၂ နှစ်အောက် ကလေးသူငယ် ၄၈ ရာခိုင်နှုန်းသည် အင်တာနက်အသုံးပြုလျက်ရှိပြီး အချို့မှာမူ Instagram၊ Facebook နှင့် TikTok တို့ကိုပင်အသုံးပြုနိုင်ကြောင်း သိရသည်။

ကလေးသူငယ်များ လူမှုမီဒီယာအသုံးပြုမှုကိုကန့်သတ်ခဲ့သည့် သြစတြေးလျနိုင်ငံ၏ ဆုံးဖြတ်ချက်ထွက်ပေါ်လာပြီးနောက် အင်ဒိုနီးရှားအစိုးရက အလားတူကန့်သတ်မှုများလုပ်ဆောင်ရန် စီစဉ်လာခြင်းဖြစ်သည်။

သြစတြေးလျနိုင်ငံသည် အသက် ၁၆ နှစ်အောက် ကလေးသူငယ်များ လူမှုမီဒီယာများအသုံးပြုခြင်းမှ တားမြစ်ထားပြီး Instagram၊ Facebook နှင့် TikTok စသည့်နည်းပညာကုမ္ပဏီများအနေဖြင့် အသက်မပြည့်သေးသည့် ကလေးသူငယ်များအား ၎င်းတို့၏ လူမှုမီဒီယာများ အသုံးပြုခြင်းကို တားဆီးနိုင်ခြင်းမရှိပါက သြစတြေးလျအစိုးရက နည်းပညာကုမ္ပဏီများအပေါ်ဒဏ်ငွေချမှတ်မည်ဖြစ်သည်။

**Ref: ST**

## သတင်းတိုကဏ္ဍ

# IS စစ်သွေးကြွအဖွဲ့ဝင်တစ်ဦးကို အီရန်ဖမ်းဆီး

အီရန်တရားဥပဒေစိုးမိုးရေးအဖွဲ့သည် နိုင်ငံမြောက်ပိုင်း၌ IS စစ်သွေးကြွအဖွဲ့ဝင်တစ်ဦးအား ဖမ်းဆီးနိုင်ခဲ့ကြောင်း Tasnim သတင်းအေဂျင်စီကထုတ်ပြန်သည်။

အဆိုပါ IS စစ်သွေးကြွအဖွဲ့ဝင်အား အီရန်လုံခြုံရေးတပ်ဖွဲ့ဝင်များက ဂျိုင်ဘာခရိုင်အတွင်းလုပ်ဆောင်ခဲ့သည့် ပူးတွဲအကြမ်းဖက်တိုက်ဖျက်မှုစစ်ဆင်ရေးအတွင်း ဖမ်းဆီးနိုင်ခဲ့ခြင်းဖြစ်ကြောင်း မာဇန်ဒါရန် တရားဥပဒေစိုးမိုးရေးအဖွဲ့မှထုတ်ပြန်သည့်ကြေညာချက်ကိုကိုးကား၍ သတင်းအေဂျင်စီကဖော်ပြသည်။

IS စစ်သွေးကြွအဖွဲ့အား ဖမ်းဆီးရမိခဲ့သည့် နေ့ရက်အတိအကျကိုမူ ထုတ်ပြန်ထားခြင်းမရှိပေ။

ပြီးခဲ့သည့်နှစ်အောက်တိုဘာလအတွင်းကလည်း အီရန်လုံခြုံရေးအဖွဲ့ဝင်များက နိုင်ငံအတွင်းရှိထင်ရှားသည့်ခရီးသွားလုပ်ငန်းတည်ရှိရာနေရာတစ်ခုအား အကြမ်းဖက်တိုက်ခိုက်ရန်စီစဉ်ခဲ့သည့် IS စစ်သွေးကြွအဖွဲ့ဝင်များအား ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်။

**Ref: XH**

# လော့အိန်ဂျလိတွင်တောမီးများ ဆက်လက်လောင်ကျွမ်းမှုကြောင့် လူ ၉၂၀၀၀ ခန့်ကို ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခဲ့ရ

အမေရိကန်ပြည်ထောင်စု လော့အိန်ဂျလိတွင် တောမီးများဆက်လက်လောင်ကျွမ်းမှုကြောင့် လူ ၉၂၀၀၀ ခန့်ကို ဘေးကင်းရာသို့ရွှေ့ပြောင်းပေးခဲ့ရပြီး အခြား ၈၉၀၀၀ ခန့်အား ဘေးလွတ်ရာသို့ ထပ်မံရွှေ့ပြောင်းကြရန် တိုက်တွန်းထားကြောင်း အာဏာပိုင်အဖွဲ့မှတာဝန်ရှိသူတစ်ဦးကထုတ်ပြန်သည်။

တောမီးလောင်ကျွမ်းမှုကြောင့် သေဆုံးသူအရေအတွက်မှာ အနည်းဆုံး ၂၅ ဦးအထိမြင့်တက်လာပြီး အများအပြားပျောက်ဆုံးလျက်ရှိနေသေးကြောင်း လော့အိန်ဂျလိခရိုင် တရားဥပဒေစိုးမိုးရေးအရာရှိ ရောဘတ်လူနာက ဇန်နဝါရီလ ၁၃ ရက်တွင် သတင်းထောက်များကိုပြောသည်။

တောမီးလောင်ကျွမ်းမှုသည် ရာသီဥတုခြောက်သွေ့မှုနှင့် လေပြင်းတိုက်ခတ်မှုတို့ကြောင့် ပိုမိုဆိုးရွားလာခဲ့ခြင်းဖြစ်သည်။ ထို့ပြင် အဆိုးရွားဆုံးတောမီးဖြစ်သည့် ပါလစ်ဆာဒက်ဒေသတောမီးအား ဆက်လက်ငြိမ်းသတ်လျက်ရှိရာ တောမီးလောင်ကျွမ်းမှု၏ ၁၄ ရာခိုင်နှုန်းကိုသာ ငြိမ်းသတ်နိုင်ခဲ့ကြောင်း ကယ်လီဖိုးနီးယားသစ်တောနှင့်မီးဘေးကာကွယ်ရေးဌာနကထုတ်ပြန်သည်။

တောမီးလောင်ကျွမ်းမှုကြောင့် ကယ်လီဖိုးနီးယားပြည်နယ်တောင်ပိုင်းတွင် လျှပ်စစ်ဓာတ်အားပြတ်တောက်မှုများဖြစ်ပွားရာ နေအိမ် ၈၀၀၀၀ ကျော်ထိခိုက်ခဲ့ရသည်။

ဆက်လက်လောင်ကျွမ်းနေသည့် တောမီးကိုငြိမ်းသတ်နိုင်ရေးအတွက် ကယ်လီဖိုးနီးယား အုပ်ချုပ်ရေးမှူးက ပြည်နယ်အမျိုးသားအစောင့်တပ်ဖွဲ့ဝင် ၁၆၀၀ ကျော်ကို ဖြန့်ကြက်ထားခဲ့ကြောင်းသိရသည်။

**Ref: CD**

# တောင်ကိုရီးယားနိုင်ငံတွင် မော်တော်ယာဉ် ၄၃ စီး ဆင့်တိုက်မိ၊ လူကိုးဦးဒဏ်ရာရ

တောင်ကိုရီးယားနိုင်ငံအနောက်ပိုင်းတွင် ဇန်နဝါရီလ ၁၄ ရက်က မော်တော်ယာဉ် ၄၃ စီး ဆင့်တိုက်မိခဲ့ရာ လူကိုးဦးဒဏ်ရာရရှိသွားကြောင်း ယွန်ဟပ်သတင်းအေဂျင်စီက ထုတ်ပြန်သည်။

အဆိုပါမတော်တဆမှုသည် ဆိုးမြို့တော်၏အနောက်ဘက် ဂိုယန်ဒေသအနီးရှိ အဝေးပြေးလမ်းမကြီးတစ်ခုတွင် ဒေသစံတော်ချိန်နံနက် ၅ နာရီ မိနစ် ၅၀ ကဖြစ်ပွားခြင်းဖြစ်သည်။ အဆိုပါမတော်တဆမှုအတွင်း ယာဉ်မောင်းကိုးဦးဒဏ်ရာရရှိခဲ့ခြင်းကြောင့် သက်ဆိုင်ရာက ၎င်းတို့အား ဆေးရုံသို့ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

မတော်တဆမှုဖြစ်ပွားပြီးနောက် ရဲတပ်ဖွဲ့နှင့်မီးသတ်တပ်ဖွဲ့တို့က အဝေးပြေးလမ်းမကြီး၏အရှည် ၃ ကီလိုမီတာရှိလမ်းပိုင်းအားပိတ်ဆို့ခဲ့သည်။ ယာဉ်မတော်တဆမှုသည် လမ်းမကြီးပေါ်ရှိ ရေခဲများအရည်ပျော်ခြင်းကြောင့်ဖြစ်သည်ဟု အာဏာပိုင်အဖွဲ့ကယူဆထားသည်။ **Ref: XH**

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်နှင့် တရားမဝင်ကုန်ပစ္စည်းတင် မော်တော်ယာဉ်များဖမ်းဆီးရမိ



သီလဝါ ဆိပ်ကမ်း၌ ဖမ်းဆီး ရမိမှု။

နေပြည်တော် ဇန်နဝါရီ ၁၄

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

**ဇန်နဝါရီလ ၁၃ ရက်**တွင် အကောက်ခွန်ဦးစီးဌာန၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ(၂)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၅)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၅၂၄၇၅၃) ကိုလည်းကောင်း၊ သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာ(၁)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၅၃၇၆၈၀၀) ကိုလည်းကောင်း၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ ကျိုက်ထိုမြို့မှ ရန်ကုန်မြို့သို့မောင်းနှင်လာသော မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၃၈၄၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Yutong Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၉၂၈၅၅၅၃)** ကိုဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးမြို့၊ မြို့ရှောင်လမ်း၌ မြဝတီမြို့မှ ပဲခူးမြို့သို့မောင်းနှင်လာသည့် မော်တော်ယာဉ်(၂)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၁၂)မျိုး၊ စားသောက်ကုန်ပစ္စည်း (၇)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၂၆၈၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Hyundai Starex (၂)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၇၂၆၈၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မကွေးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သရက်မြို့နယ်နှင့် မင်းလှမြို့နယ်တို့၌ တရားမဝင် ရေနံစိမ်း(၃၅၂)ဂါလန်နှင့် ဆက်စပ်ပစ္စည်း(၃)မျိုး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၃၂၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကျွဲတပ်ဆုံစစ်ဆေးရေးစခန်း၌ မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့်လုပ်ငန်းသုံးပစ္စည်း (၉)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၄၀၄၈၁၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၄၀၄၈၁၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မှော်ဘီမြို့နယ်၊ မြို့ချောင်းဂိတ်အနီး၌ လိုင်စင်မဲ့ Toyota Mark II မော်တော်ယာဉ် (၁)စီး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ကရင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရဲသာယာယီယာဉ်စစ်ကွင်း၌ မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၇၅၀၀၀)နှင့်အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Condor Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၇၅၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။






ကရင်ပြည်နယ်၌ ဖမ်းဆီးရမိမှု။

အလားတူ မွန်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကျိုက်ထိုမြို့နယ်၊ အင်္ဂဘိုကျေးရွာအနီး၌ မော်တော်ယာဉ် (၁)စီးပေါ်မှ တရားမဝင် အခြားသစ် (သုညဒသမ ၇၀၂)တန်(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၂၅၁၂)နှင့် အဆိုပါသစ်များတင်ဆောင်လာသည့် Nissan Diesel Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၄၄၂၅၁၂)**ကိုဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၁၄)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆၆၈၂၈၇၅)**ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင် တင်သွင်းမှုများကြောင့် နိုင်ငံ၏စီးပွားရေး ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်များကို အောင်မြင်အောင် ဆောင်ရွက်ရာတွင် သိသာစွာ ထိခိုက်နစ်နာမှုများဖြစ်ပေါ်စေနိုင်သကဲ့သို့ ရင်းနှီးမြှုပ်နှံမှုကဏ္ဍမှရရှိသည့် အခွန်အခများ၊ တရားဝင်အလုပ်အကိုင်အခွင့်အလမ်းများနှင့် ပြည်သူတို့၏အသက်အိုးအိမ်စည်းစိမ်များအပေါ် ထိခိုက်နစ်နာမှုများလည်း ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်၍ တရားမဝင်ကုန်သွယ်မှုများ လျော့နည်းပပျောက်စေရေး သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှသိရသည်။

(သတင်းစဉ်)

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၅-၁-၂၀၂၅

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၀၇၅ | ၃၁၉၀ | ၃၁၅၅ | ၃၀၉၀ | ၃၁၉၅ | ၃၂၁၀ | ၃၂၂၅ | ၃၁၄၅ | ၄၅၀၅ | ၃၄၄၀ | ၃၁၆၀ | ၃၁၆၅ | ၃၂၃၅ | ၃၂၀၀ | ၃၂၂၀ | ၃၄၇၅ | ၃၉၅၀ |
| 95 Ron | ၃၁၆၀ | ၃၂၇၅ | ၃၂၄၀ | ၃၁၇၅ | ၃၂၈၀ | ၃၂၉၅ | ၃၃၁၀ | ၃၂၃၀ | ၄၅၆၀ | ၃၅၂၅ | ၃၂၅၀ | ၃၂၅၀ | ၃၃၂၀ | ၃၂၈၅ | ၃၃၀၅ | ၃၅၆၅ | ၄၁၀၀ |
| HSD (500 ppm) | ၂၇၁၀ | ၂၈၂၅ | ၂၇၉၀ | ၂၇၂၅ | ၂၈၃၀ | ၂၈၄၅ | ၂၈၆၅ | ၂၇၈၅ | - | ၃၀၇၅ | ၂၈၀၀ | ၂၈၀၀ | ၂၈၇၀ | ၂၈၃၅ | ၂၈၆၀ | ၃၁၁၅ | ၃၉၅၀ |
| HSD (50 ppm) | ၃၃၄၀ | ၃၄၅၀ | ၃၄၂၀ | ၃၃၅၅ | ၃၄၆၀ | ၃၄၇၅ | ၃၄၉၀ | ၃၄၁၀ | ၄၈၃၀ | ၃၇၀၀ | ၃၄၂၅ | ၃၄၃၀ | ၃၅၀၀ | ၃၄၆၀ | ၃၄၈၅ | ၃၇၄၀ | - |
| HSD (10 ppm) | ၃၃၄၀ | ၃၄၅၀ | ၃၄၂၀ | ၃၃၅၅ | ၃၄၆၀ | ၃၄၇၅ | ၃၄၉၀ | ၃၄၁၀ | - | ၃၇၀၀ | ၃၄၂၅ | ၃၄၃၀ | ၃၅၀၀ | ၃၄၆၀ | ၃၄၈၅ | ၃၇၄၀ | - |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၉၀၂ | ၂၉၉၄ |
| 95 Ron | ၂၉၈၆ | ၃၀၇၉ |
| HSD (500 ppm) | ၂၅၅၁ | ၂၆၃၂ |
| HSD (50 ppm) | ၃၁၅၈ | ၃၂၅၁ |
| HSD (10 ppm) | ၃၁၅၈ | ၃၂၅၁ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# ပျဉ်းမနားမြို့နယ်၌ အမျိုးသားတစ်ဦးအား သတ်ဖြတ်ပြီးလုယက်မှုကျူးလွန်သူ တရားခံ အမျိုးသား ၂ ဦးအား သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ

နေပြည်တော် ဇန်နဝါရီ ၁၄

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်နေ့က နေပြည်တော်ကောင်စီ၊ ပျဉ်းမနားမြို့နယ်၊ သဲကျွန်းကျေးရွာရှိ PNPT ကလေးအားကစားကွင်းအနီး ယာခင်းလူသွားလမ်းပေါ်တွင် အမျိုးသားတစ်ဦး(စိစစ်ဆဲ)မှာ ပါးစပ်အတွင်း ကျွန်းရွက်ခြောက်များဆို့သွင်းထားပြီး လက်နှစ်ဖက်နှင့်ခြေထောက်နှစ်ဖက်တို့အား အင်္ကျီ/ပလတ်စတစ်ကြိုးများဖြင့် ချည်နှောင်လျက် ဦးခေါင်းနောက်စေ့တွင် ပြတ်ရှဒဏ်ရာ ၁ ချက်၊ ခန္ဓာကိုယ်၌ ပွန်းခြစ်ဒဏ်ရာများ၊ ဝဲဘက်နားသွေးထွက်ဒဏ်ရာများဖြင့် သေဆုံးနေကြောင်းသတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ပြီး ပြစ်မှုကျူးလွန်သူများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး ရွာကောက်နယ်မြေရဲစခန်းတွင်(ပ) ၄/၂၀၂၅၊ ရာဇသတ်ကြီးပုဒ်မ ၃၀၂ ဖြင့် အမှုရေးဖွင့် စုံစမ်းဆောင်ရွက်ခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များမှ အခင်းဖြစ်ရပ်မှတ်တမ်းများရယူခြင်း၊ နယ်မြေအတွင်း သတင်းရယူ စုံစမ်းခြင်းများဆောင်ရွက်ခဲ့ရာ သေဆုံးသူမှာ ပျဉ်းမနားမြို့နယ်၊ ပေါင်းလောင်း(၁)ရပ်ကွက်နေ ကျော်ဇင်မိုး(၃၄)နှစ်(ဘ)ဦးအောင်မြင့်ဖြစ်ကြောင်းနှင့် ၎င်းသည် ဇန်နဝါရီလ ၆ ရက်နေ့ ည ၈ နာရီခွဲအချိန်က နေအိမ်မှ နှင်းဆီအဝိုင်းဘက်သို့ ၄၇ယ/၃၂၁၉၃ နံပါတ်ပါ Scoppy အမျိုးအစားဆိုင်ကယ် ၁ စီးဖြင့်သွားရောက်ရာမှ နေအိမ်သို့ပြန်လည်ရောက်ရှိလာခြင်း မရှိဘဲ Scoppy အမျိုးအစားဆိုင်ကယ် ၁ စီး၊ Infinix အမျိုးအစား လက်ကိုင်ဖုန်း ၁ လုံး၊ ငွေကျပ် ၅၀၀၀၀ ခန့်ပါ ပိုက်ဆံအိတ် ၁ လုံး၊ ယာဉ်မောင်းလိုင်စင် ၁ ခု၊ စမတ်ကတ်တို့နှင့်အတူပျောက်ဆုံးနေသူဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ပြစ်မှုကျူးလွန်သူတရားခံများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး ဆောင်ရွက်ခဲ့ရာ နယ်မြေအတွင်း မိမိအမာခံ သတင်းပေးများထံမှရရှိသော အချက်အလက်များနှင့် အခင်းဖြစ်ရပ်အထောက်အထားများအရ ဇန်နဝါရီလ ၁၂ ရက်နေ့ ညပိုင်းတွင် တရားခံ ပျဉ်းမနားမြို့နယ်၊ မြို့သစ်ရပ်ကွက်နေ ဝေဠုကျော် ၂၀ နှစ်(ဘ)ဦးမျိုးအောင်နှင့် သဲကျွန်းကျေးရွာနေ ကောင်းခန့်ဇော်(ခ)ဆင်ပေါက် ၁၆ နှစ်(ဘ)ဦးသိန်းလွင်တို့ ၂ ဦးတို့အား ၎င်းတို့၏ နေအိမ်အသီးသီး၌ ဖမ်းဆီးရမိခဲ့ပြီး အခင်းဖြစ်စဉ်ကလုယက်ယူဆောင်သွားခဲ့သည့် သက်သေခံ Scoppy အမျိုးအစားဆိုင်ကယ် ၁ စီးနှင့် Infinix အမျိုးအစားလက်ကိုင်ဖုန်း ၁ လုံးတို့အား သိမ်းဆည်းရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ ဝေဠုကျော်နှင့် ကောင်းခန့်ဇော်(ခ)ဆင်ပေါက်တို့၏ထွက်ဆိုချက်အရ ၎င်းတို့နှင့်အတူ ပြစ်မှုကျူးလွန်ရာ၌ပါဝင်သူ ဖမ်းဆီးရန်ကျန် တရားခံ ကျော်ဇင်ထက်(စိစစ်ဆဲ)တို့ ၃ ဦးသည် PNPT ကလေးအားကစားကွင်းအနီး ယာခင်းလူသွားလမ်းပေါ်၌ ခင်မင်ရင်းနှီးသူ ကျော်ဇင်မိုးနှင့် တွေ့ဆုံစဉ် ငွေကြေးလိုအပ်ချက်အရ ကျော်ဇင်မိုးအား သတ်ဖြတ်ခဲ့ကြပြီး ၎င်း၏ Scoppy အမျိုးအစားဆိုင်ကယ်နှင့် infinix အမျိုးစားလက်ကိုင်ဖုန်း ၁ လုံး၊ ငွေကျပ် ၅၀၀၀၀ ခန့်တို့အား လုယက်ယူဆောင်ခဲ့ကြခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

ပျဉ်းမနားမြို့နယ်၌ အမျိုးသားတစ်ဦးအားသတ်ဖြတ်ပြီး လုယက်မှုကျူးလွန်သူ တရားခံအမျိုးသား ၂ ဦးအား သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။



ဝဲမှယာ တရားခံ ကောင်းခန့်ဇော်(ခ)ဆင်ပေါက်၊ တရားခံ ဝေဠုကျော်

အထက်ပါဖြစ်စဉ်မှ ပြစ်မှုကျူးလွန်သူ တရားခံ ဝေဠုကျော်နှင့်ကောင်းခန့်ဇော်(ခ)ဆင်ပေါက်တို့ ၂ ဦးအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်းနှင့်ဖမ်းဆီးရန်ကျန် တရားခံ ကျော်ဇင်ထက်အား ဖမ်းဆီးရမိနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

# ကန့်ဘလူမြို့နယ်၊ ပင့်သာတိုက်နယ် အတွင်းရှိ ကျေးရွာ ၂ ရွာကို လုံခြုံရေး တပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးနေသည်ဟု သတင်းအမှားများ မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ




နေပြည်တော် ဇန်နဝါရီ ၁၄

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်၊ ပင့်သာတိုက်နယ်အတွင်းရှိကျေးရွာ ၂ ရွာကို ဇန်နဝါရီလ ၁၃ ရက်နေ့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးနေသည်ဟု တရားမဝင်ပြည်ဖျက်မီဒီယာများက သတင်းအမှားများ မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိကြောင်း တွေ့ရသည်။

အကြမ်းဖက်သမားများအနေဖြင့် ပြည်သူလူထု၏ အကျိုးစီးပွားကို မငဲ့ကွက်ဘဲ မြို့၊ ရွာများအတွင်းဝင်ရောက်၍ တိုက်ပွဲများဖော်ဆောင်လာခြင်းများကြောင့် နယ်မြေခံပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ဥစ္စာများ ပျက်စီးရခြင်းဖြစ်ကြောင်း၊ သို့ဖြစ်၍ အကြမ်းဖက်သမားများ ဝင်ရောက်လာမှုမရှိစေရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါနယ်မြေအတွင်း လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအပေါ် ပြည်သူများအထင်အမြင်လွဲမှားစေရန် တရားမဝင်ပြည်ဖျက် မီဒီယာများက မဟုတ်မမှန်လုပ်ကြံရေးသားပြီး လှုံ့ဆော်ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အဆိုပါနယ်မြေ အနီးတစ်ဝိုက်တွင် နယ်မြေလုံခြုံရေးဆောင်ရွက်ခဲ့သော်လည်း နေအိမ်များကို မီးရှို့ဖျက်ဆီးခြင်းမရှိကြောင်းနှင့် အကြမ်းဖက်သမားများကသာ ၎င်းတို့အပေါ် ထောက်ခံအားပေးမှုမရှိသည့် ကျေးရွာများကို မီးရှို့ဖျက်ဆီးလျက်ရှိကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦးနှင့် ဒေသခံပြည်သူများ၏ ပြောကြားချက်အရ သိရသည်။

(၁၀၀)

# “ပြည်သူ့ကြားက ပြည်သူ့စကား”အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့်အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **“ပြည်သူ့ကြားက ပြည်သူ့စကား”** အစီအစဉ်မှ **“လက်နက်ကိုင်သောင်းကျန်းသူများ ထိန်းချုပ်ထားတဲ့နယ်မြေမှာလူ့အခွင့်အရေးချိုးဖောက်နေတဲ့ အကြမ်းဖက်သမားများ”**ခေါင်းစဉ်ဖြင့် ၁၅-၁-၂၀၂၅ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“ပြည်သူနဲ့နိုင်ငံခြားမှ ထောက်ပံ့လှူဒါန်းမှုတွေမရတော့တဲ့အတွက် အကြံကုန်ဂဠုန်ဆားချက်ဖြစ်နေတဲ့ PDF ”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်းအသိပေးကြေညာအပ်ပါသည်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့်CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

မိမိပိုင်နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါကတည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်

နေပြည်တော် ဇန်နဝါရီ ၁၄

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်ပါသည်။

(မိုး/ဇလ)

# ရီးယဲလ်မက်ဒရစ်အသင်းက နည်းပြအန်ဆယ်လော့တီနှင့်လမ်းခွဲပါက နည်းပြသစ်အဖြစ် ဆန်တီယာဂိုဆိုလာရီကို ခန့်အပ်ဖွယ်ရှိ



**မက်ဒရစ် ဇန်နဝါရီ ၁၄**

ရီးယဲလ်မက်ဒရစ်အသင်းက လက်ရှိအသင်းနည်းပြ အန်ဆယ်လော့တီနှင့်လမ်းခွဲပါက နည်းပြသစ်အဖြစ် အသင်းကစားသမားဟောင်းတစ်ဦးဖြစ်ပြီး လူငယ်အသင်းနည်းပြဟောင်းတစ်ဦးဖြစ်သည့် နည်းပြ ဆန်တီယာဂိုဆိုလာရီကို ခန့်အပ်ဖွယ်ရှိကြောင်း သိရသည်။

ရီးယဲလ်မက်ဒရစ်အသင်းနှင့် နည်းပြ အန်ဆယ်လော့တီတို့သည် ယခုဘောလုံးရာသီအကုန်တွင် စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်ပြီး ရီးယဲလ်မက်ဒရစ်အသင်းကလည်း သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် အစီအစဉ်မရှိဘဲ လမ်းခွဲရန်စီစဉ်ထားခြင်းဖြစ်သည်။

အသက် ၆၅ နှစ်အရွယ် နည်းပြ အန်ဆယ်လော့တီသည် ၂၀၂၁ ခုနှစ်က ရီးယဲလ်မက်ဒရစ်အသင်းကို ဒုတိယအကြိမ်မြောက် တာဝန်ယူကိုင်တွယ်ခဲ့ရာ ပြီးခဲ့သည့်ဘောလုံးရာသီက စပိန်လာလီဂါဖလားနှင့် ချန်ပီယံလိဂ်ဖလားတို့ကို ဆွတ်ခူးပေးနိုင်ခဲ့သော်လည်း ယခုဘောလုံးရာသီအစပိုင်းတွင် ရလဒ်ပိုင်း မတည်ငြိမ်မှုများနှင့်အတူ ရုန်းကန်ခဲ့ရသည်။

အစောပိုင်းက ရီးယဲလ်မက်ဒရစ်အသင်းက နည်းပြ အန်ဆယ်လော့တီနှင့် စာချုပ်သက်တမ်းကုန်ဆုံးချိန်မှသာ လမ်းခွဲရန်စီစဉ်ထားသော်လည်း စပိန်စူပါဖလားဗိုလ်လုပွဲတွင် ဘာစီလိုနာအသင်းကို ဂိုးပြတ်ရှုံးနိမ့်ပြီးနောက် ယခုဘောလုံးရာသီမကုန်ခင် ထွက်ခွာရဖွယ်ရှိနေသည်ဟု သတင်းများထွက်ပေါ်နေခြင်းဖြစ်သည်။

ရီးယဲလ်မက်ဒရစ်အသင်းက နည်းပြအန်ဆယ်လော့တီနှင့်လမ်းခွဲပါက နည်းပြသစ်အဖြစ် အစောပိုင်းက နည်းပြဟောင်းဇီဒန်းနှင့်သတင်းများထွက်ပေါ်ခဲ့သော်လည်း နည်းပြဇီဒန်းအနေဖြင့် ပြင်သစ်အသင်းကိုသာ တာဝန်ယူကိုင်တွယ်လိုသည့်အတွက် ခန့်အပ်တော့မည်မဟုတ်ဘဲ နည်းပြသစ်အဖြစ် ကစားသမားဟောင်းဖြစ်သူ ဆန်တီယာဂိုဆိုလာရီက ရေပန်းစားနေသည်။

ဆန်တီယာဂိုဆိုလာရီသည် ကစားသမားဘဝက ရီးယဲလ်မက်ဒရစ်အသင်းတွင် ၂၀၀၀ ပြည့်နှစ်မှ ၂၀၀၅ ခုနှစ်အထိကစားခဲ့သူဖြစ်ပြီး ကစားသမားဘဝ အနားယူခဲ့ပြီးနောက် ၂၀၁၃ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ ရီးယဲလ်မက်ဒရစ်လူငယ်အသင်း၊ ၂၀၁၆ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ ရီးယဲလ်မက်ဒရစ်အရန်အသင်း၊ ၂၀၁၈ ခုနှစ်က ရီးယဲလ်မက်ဒရစ်အသင်း ယာယီနည်းပြ၊ ၂၀၁၈ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ ရီးယဲလ်မက်ဒရစ်အသင်းနည်းပြအဖြစ် တာဝန်ယူကိုင်တွယ်ခဲ့သူဖြစ်ကြောင်း သိရသည်။

***Ref;Marca***

# ဂျူဗင်တပ်စ်အသင်းက အယ်လ်ဘာတိုကော်စတာကို ခေါ်ယူနိုင်ရန်နီးစပ်နေ

**ရောမ ဇန်နဝါရီ ၁၄**

ဂျူဗင်တပ်စ်အသင်းက ဗစ်တိုးရီးယားအသင်းမှ ညာတောင်ပံခံစစ်ကစားသမား အယ်လ်ဘာတိုကော်စတာကို ခေါ်ယူနိုင်ရန် နီးစပ်နေပြီဖြစ်ကြောင်း သိရသည်။

ဂျူဗင်တပ်စ်အသင်းသည် အသင်းညာတောင်ပံခံစစ်နေရာတွင် ဝါရင့်ခံစစ်ကစားသမား ဒန်နီလိုအသင်းမှ ထွက်ခွာမည်ဖြစ်သည့်အတွက် ၎င်းနေရာ၌ အစားထိုးရန် ကစားသမားသစ်ရှာဖွေမှုပြုလုပ်ရာ အယ်လ်ဘာတိုကော်စတာကိုခေါ်ယူရန် ပုဂ္ဂိုလ်ရေးအရ သဘောတူညီမှုရရှိခဲ့ခြင်းဖြစ်သည်။

အသက် ၂၁ နှစ်အရွယ် အယ်လ်ဘာတိုကော်စတာကို အစောပိုင်းက ဂျူဗင်တပ်စ်အသင်းအပြင် စပို့တင်းလစ္စဘွန်းအသင်းနှင့် ဘရိုက်တန်အသင်းတို့ကလည်းခေါ်ယူရန် ပြင်ဆင်နေသော်လည်း တရားဝင်ကမ်းလှမ်းမှုမရှိသေးဘဲ ဂျူဗင်တပ်စ်အသင်းက လက်ဦးမှုရယူနိုင်ရန် တရားဝင်ကမ်းလှမ်းမှုပြုလုပ်ခဲ့ရာ ကစားသမားဖြစ်သူနှင့် သဘောတူညီမှုရရှိခဲ့ပြီးနောက် ဗစ်တိုးရီးယားအသင်းနှင့် ဆွေးနွေးမှုများ လုပ်ဆောင်ခဲ့ရာ ပြောင်းရွှေ့ကြေးယူရို ၁၅ သန်းဖြင့် ခေါ်ယူနိုင်ရန် နီးစပ်နေပြီဖြစ်ကြောင်း သိရသည်။

***Ref;Fabrizio Romano***

# ဘာစီလိုနာအသင်းက အဓိက လူငယ်ကွင်းလယ်ကစားသမားနှစ်ဦးဖြစ်သည့် ဂါဗီနှင့်ပက်ဒရီတို့ကို မကြာမီ သက်တမ်းတိုးစာချုပ်ချုပ်ဆိုမည်

**ဘာစီလိုနာ ဇန်နဝါရီ ၁၄**

ဘာစီလိုနာအသင်းက အဓိကလူငယ်ကွင်းလယ်ကစားသမားနှစ်ဦးဖြစ်သည့် ဂါဗီနှင့်ပက်ဒရီတို့ကို ထိပ်တန်းအသင်းကြီးများက ခေါ်ယူရန်စီစဉ်နေသည့်အတွက် မကြာမီ သက်တမ်းတိုးစာချုပ်ချုပ်ဆိုမည်ဖြစ်ပြီး အသင်းတွင် ဆက်လက်ထားရှိရန် ပြင်ဆင်နေကြောင်း သိရသည်။

အသက် ၂၂ နှစ်အရွယ် ပက်ဒရီသည် ၂၀၁၉ ခုနှစ်က လတ်ပါးမက်အသင်းမှ ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ကစားပြီးနောက် ၂၀၂၀ ပြည့်နှစ်တွင် အသင်း၌ အဓိက ကစားသမားအဖြစ် အကောင်းဆုံးခြေစွမ်းပြနိုင်ပြီးနောက် ဥရောပတွင်အကောင်းဆုံး လူငယ်ကစားသမားများမှ တစ်ဦးအပါအဝင် ရပ်တည်နိုင်ခဲ့ကာ ကမ္ဘာ့အကောင်းဆုံးလူငယ်ကစားသမားဆုကိုပင် ဆွတ်ခူးနိုင်ခဲ့သူဖြစ်သည်။

အလားတူ အသက် ၂၀ အရွယ် ဂါဗီသည်လည်း ဘာစီလိုနာအသင်း အကယ်ဒမီထွက်ကစားသမားတစ်ဦးဖြစ်ပြီး ၂၀၂၁ ခုနှစ်က အသင်းကြီးနှင့် စတင်ပူးပေါင်းပြီးနောက် ဘောလုံးရာသီတိုင်းတွင် အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့ကာ ပြီးခဲ့သည့်ဘောလုံးရာသီကလည်း အဓိက ကွင်းလယ်ကစားသမားတစ်ဦးအဖြစ် ရပ်တည်နိုင်ခဲ့သူဖြစ်သည်။

ဂါဗီနှင့် ပက်ဒရီတို့သည် ယခုဘောလုံးရာသီတွင် နည်းပြ ဟန်ဆီဖလစ်လက်အောက်၌ အဓိကပွဲထွက်ကစားသမားအဖြစ်ပါဝင်ပြီး ခြေစွမ်းပြလျက်ရှိနေသူများဖြစ်ကာ အသင်းနှင့်စာချုပ်သက်တမ်းကျန်ရှိနေသေးသော်လည်း ဥရောပထိပ်တန်းအသင်းကြီးများက ဘာစီလိုနာအသင်း၏ ငွေကြေးအခက်အခဲကို အခွင့်အကောင်းယူပြီး ခေါ်ယူရန်ပြင်ဆင်နေသည့်အတွက် ဘာစီလိုနာအသင်းက ၎င်းတို့နှစ်ဦးကို မရောင်းချလိုသောကြောင့် သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် စီစဉ်ထားခြင်းဖြစ်သည်။

ဂါဗီနှင့်ပက်ဒရီတို့ကလည်း ဘာစီလိုနာအသင်းတွင်သာ ဆက်လက်ကစားလိုသည့်အတွက် မကြာမီ သက်တမ်းတိုးစာချုပ် ချုပ်ဆိုဖွယ်ရှိကြောင်း သိရသည်။

***Ref;One Football***

# အက်စ်တွန်ဗီလာအသင်းက အသင်းတိုက်စစ်ပိုင်းအင်အားဖြည့်တင်းရန် ဒေါ့မွန်အသင်းမှ မာလန်းကိုခေါ်ယူ

